ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း (၁၀)ရက် ၊ ကြာသပတေးနေ့ ၊ (5-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၃၆)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်စဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန် ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

စာမျက်နှာ ၁၇ ကော်လံ ၁

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည်

စာမျက်နှာ ၁၇ ကော်လံ ၁

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၅ ရက်
အယ်ဒီတာ့အာဘော်

သန့်ရှင်းသောကမ္ဘာကြီး အဓွန့်ရှည်တည်တံ့ရေး

ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံသားများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို အာရုံစိုက်မိလာစေရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြဿနာများကို အလေးထားဖြေရှင်းဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် ၁၉၇၂ ခုနှစ်မှ စတင်သတ်မှတ်ခဲ့သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ရောက်တိုင်း အထိမ်းအမှတ်ဆောင်ပုဒ်များကို ၁၉၇၄ ခုနှစ်မှစပြီး နှစ်စဉ်ထုတ်ပြန်ခဲ့ရာ ယခုနှစ်ဆောင်ပုဒ်မှာ "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ဟူ၍ဖြစ်ရာ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများ၏ သဘာဝပတ်ဝန်းကျင်နှင့်သတ္တလောကအပေါ် ထိခိုက်စေမှုများကို သိနားလည်လာပြီး ပလတ်စတစ်ညစ်ညမ်းမှုများကို လျော့ချထိန်းသိမ်းနိုင်ရေးမှသည် လုံးဝအဆုံးသတ်သွားနိုင်ရေးအတွက် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။

ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများသည် ကမ္ဘာမြေ၏အလှတရားကို အဓိကဖျက်ဆီးနေသည့် အရာများပင်ဖြစ်သည်။ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများသည် အကြမ်းခံကာ တန်ဖိုးနည်းသည့်အတွက် ယနေ့ခေတ်တွင် နေရာတိုင်း၏ ကဏ္ဍပေါင်းစုံတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိသည်။ ထိုသို့တွင်ကျယ်စွာအသုံးပြုနေကြသည့် ပလတ်စတစ်များကို ဓာတုပစ္စည်းများစွာဖြင့် ပေါင်းစပ် ပါဝင်ပြုလုပ်ထားပြီး အဆိုပါဓာတုပစ္စည်းများသည် လူသားတို့ကို ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများမှသည် အမျိုးမျိုးသောကင်ဆာရောဂါများကိုဖြစ်စေနိုင်ပြီး အသက်သေဆုံးသည်အထိဖြစ်စေနိုင်ပါသည်။

ကမ္ဘာ့မြေထု၊ ရေထု၊ လေထုတို့တွင် ဖြစ်ပေါ်နေသော ပလတ်စတစ်ညစ်ညမ်းမှုများ၏ အဓိကတရားခံမှာ လူသားများပင်ဖြစ်သည်ဟု ဆိုရပေမည်။ လူသားတို့ တီထွင်ဖန်တီး ထုတ်လုပ်မှုမှ ဖြစ်ပေါ်လာသော ပလတ်စတစ်ထုတ်ကုန်များသည် ဈေးသက်သက်သာသာနှင့် နေရာတိုင်းတွင်အလွယ်တကူဝယ်ယူရရှိနိုင်ပြီး အသုံးမလိုတော့သည့်အခါ အလွယ်တကူပင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းများကြောင့် ပလတ်စတစ်ညစ်ညမ်းမှုများဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ထို့ကြောင့် ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးကို အဓိကဆောင်ရွက်ရမည့်သူများမှာ လူသားများပင်ဖြစ်ပေသည်။ ပလတ်စတစ်ညစ်ညမ်းမှု လျော့ပါးပျောက်ကွယ်သွားရေးအတွက် ပလတ်စတစ်စွန့်ပစ်အမှိုက်များကို စနစ်တကျစုပုံသိမ်းဆည်းခြင်း၊ ပြန်လည်အသုံးပြုသင့်သည်ကို ပြန်လည်အသုံးပြုခြင်း၊ မလိုအပ်လျှင် အသုံးမပြုခြင်း၊ လျှော့ချသုံးစွဲခြင်းများ ပြုလုပ်သွားမည်ဆိုပါက ပင်လယ်၊ သမုဒ္ဒရာထဲသို့ ပလတ်စတစ်အမှိုက်များမျောပါကာ ရေထုညစ်ညမ်းမှုကိုဖြစ်စေမည်မဟုတ်ချေ။ ထို့ပြင် ပလတ်စတစ်အမှိုက်များကြောင့် အဏ္ဏဝါဂေဟစနစ်အတွင်းက ရေသယံဇာတနှင့် ရေနေသတ္တဝါများကို ထိခိုက်သေကျေပျက်စီးမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ပလတ်စတစ်ထုတ်ကုန်များ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အချိန်မီထိန်းသိမ်းကာကွယ်မှုများမဆောင်ရွက်ပါက ကမ္ဘာမြေကြီးတွင် နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် ပျက်စီးရန်မလွယ်သော ပလတ်စတစ်စွန့်ပစ်အမှိုက်များဖြင့် ပြည့်နှက်နေမည်ဖြစ်သည်။

ကမ္ဘာကြီး ရေရှည်တည်တံ့ကောင်းမွန်ကာ ပလတ်စတစ်ကြောင့် မြေထု၊ ရေထု၊ လေထုများ၌ ပလတ်စတစ်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်းမရှိစေရေး၊ ပလတ်စတစ်ထုတ်ကုန်များကို လျှော့ချသုံးစွဲရေး၊ ပင်လယ်၊ သမုဒ္ဒရာထဲသို့ စည်းကမ်းမဲ့ပလတ်စတစ်စွန့်ပစ်မှုတားဆီးရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ သို့ဖြစ်ပါ၍ လူသားတိုင်းက သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် မိမိတတ်နိုင်သည့်ကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် အနာဂတ်ကမ္ဘာကြီးသည် ပိုမိုသန့်ရှင်း သာယာလှပကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကင်းရှင်း၍ သက်ရှည်ကျန်းမာသော လူနေမှုဘဝများကို ရရှိစေမည်ဖြစ်ပါသောကြောင့် ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေးတွင် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးက တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေး ဇွန် ၄

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၃ ရက် ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၁၈ နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမရပူရမြို့နယ် အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ ပထမဆုရရှိသည့် အမရပူရမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် မဟာအောင်မြေမြို့နယ် အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့်ငွေသားဆုကို တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် ကျောက်ပန်းတောင်းမြို့နယ်အသင်းအား ဆုတံဆိပ်များနှင့် ငွေသားဆုကို တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် မိတ္ထီလာမြို့နယ်အသင်းအား ဆုတံဆိပ်များနှင့် ငွေသားဆုကို တိုင်းဒေကြီးစီးပွားရေးရာဝန်ကြီးက လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့အတူ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက လည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးဆုရ အားကစားသမားကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ အလယ်တန်းအကောင်းဆုံးဆုရ အားကစားသမားကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကလည်းကောင်း၊ နောက်တန်းအကောင်းဆုံးဆုရ အားကစားသမားကို တိုင်းဒေသကြီးဥပဒေချုပ်ကလည်းကောင်း၊ ဂိုးသမားအကောင်းဆုံးဆုရ အားကစားသမားကို တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ထီးချိုင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံဧက ၅၄၀၆၀ စိုက်ပျိုးမည်

ထီးချိုင့် ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံဧက ၅၄၀၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ကြံဧက ၅၄၀၆၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လ ဒုတိယပတ်အတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကြံကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း ကြံဧက ၅၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ကြံကို လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်သွားမယ်။ ဒေသခံတောင်သူတွေက ကြံကို ပုံမှန်စိုက်ကြပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြံစိုက်ပျိုးမှုအနေဖြင့် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ကြံစိုက်ပျိုးရာ၌ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြားကုန်ကျပြီး အထွက်ကောင်း မျိုးဖြစ်သည့် K-95/84၊နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ကြံကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးပိမျိုးစုံပိသာချိန် ၁၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးပိမျိုးစုံ ပိသာချိန် ၁၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ငါး ခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလက ငါးပိမျိုးစုံ ပိသာချိန် ၁၂၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးပိမျိုးစုံပိသာချိန် ၁၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့မေလအတွင်း ငါးပိမျိုးစုံ ပိသာချိန် ၁၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကထွက်ရှိတဲ့ ငါးပိတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ ဒီလထဲမှာလဲ ငါးပိတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို ဝယ်ယူအားကောင်းတော့ ဒေသအလုပ်အကိုင် အခွင့်အလမ်းလဲ ကောင်းပါတယ်။ လက်ရှိမှာ ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကပါ မှာယူနေပါတယ်''ဟု ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံသည် ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးငါးပိ၊ ငါးပနော်ငါးပိ၊ ငါးပြေမငါးပိ စသည့် ငါးပိများဖြစ်ကြောင်း၊ အဆိုပါ ငါးပိများမှာ တစ်ပိသာလျှင် ငွေကျပ် ၁၁၀၀၀ မှ ၅၅၀၀၀ ထိ အမျိုးအစားအပေါ်မူတည်၍ ဈေးနှုန်း အနိမ့်အမြင့်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅ စစ(ဗ)ဝ၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိတ္ထီလာ(တောင်ကန်) ကန်ပေါင်၊ ရန်ကုန်-မန္တလေးလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု ကြည့်ရှု

မန္တလေး ဇွန် ၄

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇွန် ၃ ရက် နံနက်ပိုင်းက မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ(တောင်ကန်)ကန်ပေါင်၊ ရန်ကုန်-မန္တလေးလမ်းပိုင်း လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် မိတ္ထီလာ(တောင်ကန်) ကန်ပေါင် ပေတိုင် ၅၀၀ မှ ပေတိုင် ၉၀၀ အတွင်း မြေပြိုကျခြင်းနှင့် ရန်ကုန်-မန္တလေး လမ်းမကြီး မိုင်တိုင် ၆/၅ မှ မိုင်တိုင် ၆/၇ ကြားတွင် ကတ္တရာလမ်းပိုင်းပျက်စီးမှုများကို အချိန်တိုအတွင်း ပိုမိုခိုင်ခံ့ကောင်းမွန်သည့် ကန်ပေါင်နှင့် လမ်းအဖြစ် ခရိုင်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ယုဇနကုမ္ပဏီ လီမိတက်တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် နေ့ညဆောင်ရွက်ခဲ့ပြီး စုစုပေါင်းငွေကျပ် ၁၂၄၈ သန်းခန့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါလမ်းဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းပိုင်း တစ်လျှောက်နှင့် ကန်ပေါင်ဘေးဝဲ၊ ယာတစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း(ရှမ်းတဲ)သို့ ရောက်ရှိပြီး စာသင်ခန်းများတွင် သက်ဆိုင်ရာ အတန်းအလိုက် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို ဘာသာရပ်အလိုက် သင်ခန်းစာများကို သင်ကြားပေးနေမှုများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို ဆရာ၊ ဆရာမများက အနီးကပ်ကြီးကြပ်၍ သင်ခန်းစာများကို ပြန်လည်လေ့ကျင့် သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ဆက်လက်၍ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မူလအနေအထားမှ တိမ်းစောင်းသွားသော ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်တော်ရှိ ကျောက်သေတ္တာကြီး၏အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၄၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကန့်ဘလူ ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၄၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မြေပဲ ၅၁၅၉၉ ဧက စိုက်ပျိုးပြီးစီးပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မြေပဲဧက ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၆၄၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မြေပဲကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်း ကျော်ရှိပြီး တစ်ဧက စိုက်ပျိုးပါက မြေပဲ တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဇွန် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ဇွန် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယား ပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်သာကျေးရွာတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ငွေကျပ်သန်း ၃၀ ထုတ်ချေး ပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးပြေမ ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးပြေမပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်ထံမှ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဧပြီလအတွင်းက ငါးပြေမပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးပြေမ ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ပြည်တွင်းရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းခဲ့တယ်။ မေလအတွင်း ငါးပြေမ ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိသာချိန်တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချတာ များပါတယ်။ ငါးပြေမတွေကို ဝယ်လိုအားကောင်းနေပြီး ဈေးကလဲ ပုံမှန်အခြေအနေမှာပဲ ရှိနေပါတယ်။ အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံး တင်ပို့ခဲ့ရတာပါ"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမ နှစ်မျိုးစလုံးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိသာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် ငါးပြေမငါးအမျိုးအစားကို ထပ်တိုး မွေးမြူလာကြကြောင်း သိရသည်။

ကျော်ကျော်လင်း

လောကဇေယျာစာတမ်း

ပိုလ်ရှိတ်(ရတနာပူရ)

ရှေးကစာပေရေးသားပြုစုရာတွင် အဓိကအားဖြင့် ပေ၊ ပုရပိုက်တို့ကို အားကိုးအားထားပြု၍ ရေးသားကြရသည်။ ကျမ်းပြုစုသူတစ်ဦးဦးသည် မိမိရေးသားပြုစုသည့်ကျမ်းကို အရင်ဆုံးပုရပိုက်တွင် ရေးသားကြသည်။ ပုရပိုက်တွင် အရင်ရေးသားရခြင်းမှာ ပုရပိုက်သည် ဖျက်ရလွယ်၊ ပြင်ရလွယ်သောကြောင့်ဖြစ်သည်။ ပုရပိုက်ဖြင့် အကြိမ်ကြိမ်တည်းဖြတ်ပြင်ဆင်ပြီး၍ စိတ်တိုင်းကျပါမှ ပေထက်အက္ခရာသို့ ရေးတင်ကြခြင်းဖြစ်သည်။ ရှေးပညာရှိတို့သည် ပေ၊ ပုရပိုက်ဖြင့်သာ ကျမ်းအသီးသီးကို ပြုစုခဲ့ကြခြင်းဖြစ်သည်။

ရှေးကရေးသားပြုစုခဲ့ကြသော ကျမ်းများကို လေ့လာလိုလျှင် အဓိကအားဖြင့် ပေ၊ ပုရပိုက်များကို သာရာဖွေ၍ လေ့လာကြရသည်။ ရှေးက ရေးသားပြုစုခဲ့သောကျမ်းများကို ပုံနှိပ်ခေတ်သို့ရောက်သော အခါတွင် ပညာရှိကြီးများက ပေ၊ ပုရပိုက်များမှ ကူးယူကာ ပုံနှိပ်မူဖြင့် ဖော်ပြခဲ့ကြသည်။ ထိုသို့ပေမူမှ ပုံနှိပ်မူသို့ရောက်အောင် ခေတ်အဆက်ဆက်ကြိုးစားခဲ့ကြသော်လည်း ပေ၊ ပုရပိုက်မူဖြင့် တိမ်မြုပ်နေသာကျမ်းများမှာ ယခုတိုင်ရှိဆဲပင်ဖြစ်သည်။ စာကြည့်တိုက်ကြီးများတွင် ထိန်းသိမ်းထားသောပေ၊ ပုရပိုက်၊ လက်ရေးမူ၊ လက်နှိပ်စက်မူ စသည်ဖြင့် ပုံမနှိပ်ရသေးသော ကျမ်းများစွာရှိသည်။ ရန်ကုန်မြို့ တက္ကသိုလ်များဗဟို စာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်တို့တွင် ပေ၊ ပုရပိုက်၊ လက်ရေးမူတို့ဖြင့် ထိန်းသိမ်းထားသောကျမ်းများစွာရှိသည်။ ထိုကဲ့သို့သော စာကြည့်တိုက်များတွင်သာမက နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာပေပညာရှင်များ၊ စာပေဝါသနာရှင်များ စသူတို့၏လက်ထဲတွင် စုဆောင်းထားသော ပေ၊ ပုရပိုက်များစွာရှိသည်။ ထို့ကြောင့် ရှေးကပြုစုခဲ့သော ကျမ်းများတွင် ဒေသအသီးသီး၊ နေရာအသီးသီးတို့၌ တိမ်မြုပ်နေသည့် ကျမ်းများစွာရှိသည်။

လောကဇေယျာစာတမ်းကျမ်း

ပေ၊ ပုရပိုက်မူဖြင့် တိမ်မြုပ်နေသာကျမ်းများတွင် လောကဇေယျာစာတမ်းကျမ်းသည်လည်း တစ်ကျမ်းအပါအဝင်ဖြစ်သည်။ လောကဇေယျာကျမ်းသည် ပုံနှိပ်မူဖြင့်မရှိသေးသောကြောင့် ရှားပါးတိမ်မြုပ်နေသောကျမ်းဖြစ်သည်။ ထိုသို့တိမ်မြုပ်နေသောကျမ်းကို လက်ရေးမူဖြင့် ရှာဖွေစုဆောင်းရရှိခဲ့သည်။ လက်ရေးမူတွင် ကျမ်းအမည်ကို 'လောကဇေယျာစာတမ်း'ဟု အမည်ပေးထားသည်။ ပေရေးကူးရက်ကို ၁၂၁၇ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့ (၁၈၅၅ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်)က လောကဇေယျာစာတမ်းကို ရေးကူး၍ပြီး၏" ဟူ၍ ပါရှိသည်။ ၁၂၁၇ ခုနှစ်သည် မင်းတုန်းမင်းတရားကြီး အမရပူရမြို့၌ စံနေသောအချိန်ဖြစ်သောကြောင့် လောကဇေယျာစာတမ်းသည် မင်းတုန်းမင်းလက်ထက် ရေးကူးခဲ့သော ပေမူဖြစ်ကြောင်း သိရပေသည်။

လောကဇေယျာစာတမ်းသည် ပါဠိဘာသာမှ ဆင်းသက်လာသောစကားဖြစ်သည်။ လောက၏ အဓိပ္ပာယ်ကို ဆရာကြီးဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်၌ အဓိပ္ပာယ်သုံးမျိုးဖွင့်ဆိုထားသည်။ ထိုသုံးမျိုးမှာ-

၁။ သက်ရှိသတ္တဝါများ၊ အထူးသဖြင့် လူအားလုံး၊ သတ္တလောက

၂။ သတ္တဝါတို့တည်နေရာဘုံ၊ ဩကာသလောက

၃။ မျက်မှောက်၊ တမလွန်ဘဝဟူ၍ဖြစ်သည်။

အထက်ပါဖွင့်ဆိုချက်အရ လောကဟူသည် သက်ရှိသတ္တဝါတို့ တည်နေရာလောကကြီးကို ဆိုခြင်းဖြစ်သည်။

ဇေယျာ၏အဓိပ္ပာယ်ကိုလည်း ပါဠိသက်ဝေါဟာရ အဘိဓာန်၌ "အောင်ခြင်း၊ အောင်အပ်သော"ဟူ၍ ဖွင့်ဆိုထားသည်။ ထို့ကြောင့် "လောကဇေယျာစာတမ်း "ဟူသည် လောကကိုအောင်ခြင်း၊ အောင်မြင်ခြင်းကျမ်းဟူ၍ အဓိပ္ပာယ်ရပေသည်။

ကျမ်းပြုစုသူနှင့် ကျမ်းပြီးနှစ်

လောကဇေယျာစာတမ်းကို မည်သည့်ခုနှစ်တွင် ပြုစုခဲ့သည်ကို မသိရပေ။ ကျမ်းပြီး သက္ကရာဇ်လည်း တိတိကျကျမပါသောကြောင့် ပြုစုခဲ့သောခေတ်ကို တိတိကျကျပြောမရပါ။ ပေရေးကူးနှစ်သာ ၁၂၁၇ ခု ဟုပါရှိသောကြောင့် မင်းတုန်းမင်းလက်ထက်သောဆရာတော်ဖြစ်သည်။ ဂရဏနတ်စက်ရောင်ဆရာတော်ဟူ၍လည်း ထင်ရှားသည်။ ဘွဲ့မည်မှာ ရှင်ဓမ္မနန္ဒီဖြစ်သည်။ ဝမ်းဘဲအင်းစံမင်းတရားကြီးက ဂရဏဆရာတော်ကို ဓမ္မနန္ဒီဓမ္မရာဇဂုရုတံဆိပ်ကို ကပ်လှူခဲ့ပြီး အင်းဝမြို့အနောက်တောင်ထောင့် ရွှေစည်းခုံဘုရားတံတိုင်းမြောက်ဘက်တွင် ယွန်းဆက်မုခ်နှစ်မျက်နှာနှင့် ကျောင်းဆောက်၍ လှူဒါန်းခဲ့သည်။ ဂရဏနတ်စက်ရောင်ဆရာတော်၏ ဆွေမျိုးဦးရေ ၃၀ ကိုလည်း အသည်တိုင်မှနတ်၍ နတ်ရှင်မြင်းမှာဖြည့်ဖွဲ့ခဲ့သည်။ ဆရာတော်ကို ဆွမ်း၊ ရေကပ်လှူရန်အတွက် ကျွန်ထီးခုနစ်ယောက်ကိုလည်း ဝမ်းဘဲအင်းစံမင်းတရားက လှူတော်မူသည်။ ဆရာတော်၏အကြောင်းကို ယခုထက်ပိုရှိမသိရသေးပေ။

❖ လောကဇေယျာကျမ်းသည် ပုံနှိပ်မူဖြင့်မရှိသေးသောကြောင့် ရှားပါးတိမ်မြုပ်နေသောကျမ်းဖြစ်သည်။ ထိုသို့တိမ်မြုပ်နေသော ကျမ်းကို လက်ရေးမူဖြင့်ရှာဖွေစုဆောင်းရရှိခဲ့သည်။ လက်ရေးမူတွင် ကျမ်းအမည်ကို 'လောကဇေယျာစာတမ်း'ဟု အမည်ပေးထားသည်။ ပေရေးကူးရက်ကို ၁၂၁၇ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့ (၁၈၅၅ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်)က လောကဇေယျာစာတမ်းကို ရေးကူး၍ ပြီး၏"ဟူ၍ပါရှိသည်။ ၁၂၁၇ ခုနှစ်သည် မင်းတုန်းမင်းတရားကြီး အမရပူရမြို့၌ စံနေသောအချိန်ဖြစ်သောကြောင့် လောကဇေယျာစာတမ်းသည် မင်းတုန်းမင်းလက်ထက် ရေးကူးခဲ့သော ပေမူဖြစ်ကြောင်း သိရပေသည်။ ❖

ရေးကူးခဲ့သောပေဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် လောက ဇေယျာစာတမ်းသည် ၁၂၁၇ ခုနှစ်ထက်စော၍ပြုစု ပြီးစီးခဲ့သောကျမ်းဖြစ်ကြောင်းကား သိနိုင်ပေသည်။ ကျမ်းပြုစုသူ၏အမည်ကို ရှာဖွေကြည့်ရာတွင်လည်း ကျမ်းပြီးနိဂုံး၌ ကျမ်းပြုသူမပါပေ။ ကျမ်းအတွင်း စာသားများကိုကြည့်ရာတွင် ညောင်ရမ်းခေတ်၌ ပြုစုခဲ့သော ကျမ်းဖြစ်သည်ဟု ယူဆစရာများတွေ့လာရသည်။ ကျမ်းအတွင်း၌ ပါရှိသောအကြောင်းအရာများသည် ဂရဏဆရာတော်က ဝမ်းဘဲအင်းစံမင်းတရားထံ ဆက်သွင်းခဲ့သော မေတ္တာစာများဖြစ်ကြောင်း တွေ့ရသည်။ မေတ္တာစာ ဆက်သွင်းသည့် နေ့ရက်များကို "၁၀၃၅ ခုနှစ် ကဆုန်လဆန်း ၁၂ ရက်နေ့ မေတ္တာစာ" စသည်ဖြင့် ဖော်ပြပါရှိသည်။ ၁၀၃၅ ခုနှစ်သည် အင်းဝမြို့၌ ဝမ်းဘဲအင်းစံမင်းတရားကြီးလက်ထက်ဖြစ်သည်။ ဝမ်းဘဲအင်းစံမင်းတရားနှင့် ဂရဏဆရာတော်တို့ အပြန်အလှန်မေးဖြေခဲ့သော ကျမ်းဖြစ်သဖြင့် လောကဇေယျာစာတမ်းသည် ညောင်ရမ်းခေတ်တွင် ပြုစုခဲ့သောကျမ်းဟုယူဆရပြီး ကျမ်းပြုသူမှာ ဂရဏဆရာတော်ပင်ဖြစ်မည်ဟု ယူဆရသည်။ နောက်တစ်မျိုးတွေးစရာရှိသည်မှာလည်း ဂရဏဆရာတော်၏ မေတ္တာစာများကို ပညာရှိတစ်ဦးဦးက စုစည်းပြုစုခဲ့ခြင်းလည်းဖြစ်နိုင်သည်။

ဂရဏဆရာတော်

ဂရဏဆရာတော်သည် ညောင်ရမ်းခေတ် ဝမ်းဘဲအင်းစံမင်းလက်ထက်၌ ထင်ရှားသောဆရာတော်ဖြစ်သည်။ လောကီအစီအရင်များ၌ အထူးတတ်ကျွမ်းသောဆရာတော်ဖြစ်သည်။ ဂရဏနတ်စက်ရောင်ဆရာတော်ဟူ၍လည်း ထင်ရှားသည်။ ဘွဲ့မည်မှာ ရှင်ဓမ္မနန္ဒီဖြစ်သည်။ ဝမ်းဘဲအင်းစံမင်းတရားကြီးက ဂရဏဆရာတော်ကို ဓမ္မနန္ဒီဓမ္မရာဇဂုရုတံဆိပ်ကို ကပ်လှူခဲ့ပြီး အင်းဝမြို့အနောက်တောင်ထောင့် ရွှေစည်းခုံဘုရားတံတိုင်းမြောက်ဘက်တွင် ယွန်းဆက်မုခ်နှစ်မျက်နှာနှင့် ကျောင်းဆောက်၍ လှူဒါန်းခဲ့သည်။ ဂရဏနတ်စက်ရောင်ဆရာတော်၏ ဆွေမျိုးဦးရေ ၃၀ ကိုလည်း အသည်တိုင်မှနတ်၍ နတ်ရှင်မြင်းမှာဖြည့်ဖွဲ့ခဲ့သည်။ ဆရာတော်ကို ဆွမ်း၊ ရေကပ်လှူရန်အတွက် ကျွန်ထီးခုနစ်ယောက်ကိုလည်း ဝမ်းဘဲအင်းစံမင်းတရားက လှူတော်မူသည်။ ဆရာတော်၏အကြောင်းကို ယခုထက်ပိုရှိမသိရသေးပေ။

လောကဇေယျာကျမ်းပါအကြောင်းအရာများ

လောကဇေယျာကျမ်းသည် "ဂရဏဆရာတော် ဓမ္မနန္ဒီ၊ မြေထဲကျောင်းရှင်စန္ဒမာလာ၊ ဝါတောကျောင်းရှင်ဂန္ဓမာလာတို့ မေတ္တာမပြတ်ပို့အပ်သော ရေမြေရှင် မဟာဓမ္မရာဇမင်းမြတ်" ဟူသောစကားဖြင့် အစချီထားသည်။ လောကဇေယျာကျမ်းသည် အင်းဝမြို့၌ ၁၀၃၄ ခုနှစ်တွင် နန်းတက်သော ဝမ်းဘဲအင်းစံ မင်းရဲ့ကျော်ထင်မင်းတရားကြီးမေးသမျှကို ဂရဏဆရာတော်က ဖြေကြားထားသော အမေးအဖြေကျမ်းတစ်မျိုးဖြစ်သည်။ ဤကျမ်းတွင် လောကီယုံကြည်မှုအစီရင်များကို ပြဆိုထားသောကျမ်းဖြစ်သည်။ ဤကျမ်း၌ လောကီအစီအရင်အနေဖြင့် ပထမဆုံးဖော်ပြထားသောအစီအရင်မှာ ဗျဏ္ဍစရိယ၊ သီဟစာ၊ နိယတုံပြုသော ကာလစီရင်ရန် အစီအရင်ကို အဦးဆုံးဖော်ပြထားသည်။ ဤအစီအရင်ကို ဂရဏဆရာတော်၊ မြေထဲကျောင်းဆရာတော် ရှင်စန္ဒမာလာ၊ ဝါတောကျောင်းဆရာတော် ရှင်ဂန္ဓမာလာတို့က ဝမ်းဘဲအင်းစံမင်းတရားထံ ရေးသားဆက်သွင်းခဲ့ကြခြင်းဖြစ်သည်။ ထိုအစီအရင်ကို ရေးသားဆက်သွင်းရာတွင် ဗားမဲ့ဆရာတော် ပြုစီရင်ခဲ့ဖူးသော လောကဇေယျာကျမ်းလာ စကားကို ကိုးကားရေးသားကာ မေတ္တာစာ ဆက်သွင်းခဲ့ခြင်းဖြစ်သည်။ ဗျဏ္ဍစရိယ၊ သီဟစာ၊ နိယတုံ ဟူသောစကားများသည် ဗေဒင်သုံးစကားများဖြစ်သည်။ မဟာရာဇဝင်ကြီးများတွင် မကြာခဏတွေ့ရသော စကားများဖြစ်သည်။ ဗျဏ္ဍစရိယ၊ သီဟစာ၊ နိယတုံပြုသောကာလအစီအရင်သည် လွန်စွာ ရှည်လျားလွန်းသောကြောင့် ဤနေရာ၌ နေရာပေးမဖော်ပြနိုင်တော့ပါ။

နောက်အစီအရင်တစ်ခုမှာ ဝမ်းဘဲအင်းစံမင်းတရားကြီးကမေး၍ ဂရဏဆရာတော်ဖြေဆိုထားသော ဖြေဆိုချက်အစီအရင်ဖြစ်သည်။ ဤအစီအရင်မှာ စိတ်ဝင်စားစရာကောင်းသည်။ တစ္ဆေသရဲများနှင့် ဆိုင်သော စီရင်ပုံဖြစ်သည်။ ထိုအစီအရင်အတွက် ဝမ်းဘဲအင်းစံမင်းတရားကြီးက ဂရဏဆရာတော်ကို မေးလျှောက်ခဲ့ပုံမှာ ဤသို့ဖြစ်သည်။

"ဘုန်းတော်ကြီးမြတ်သော တကာတော် ရေမြေရှင် လျှောံသည်ရှင်ပင်ဘုရား။ သာသနာတော်ရေးကို ထောံရှုတော်မူ၍ အထက်ဂရဏဝက နေပြည်တော်သို့ ကြွရောက်လာ၍ အဝနန်းတော်တောင်ကူတော်သစ် ပဌာန်းစရပ်တွင် သီတင်းသုံးတော်မူစည်ကာလကင် တကာတော်ဇာတာကို တွက်ချက်ကြည့်ရှုတော် မူလျှင် ၁၀၃၄ ခု၊ ၁၀၃၅ ခုနှစ်သို့ ရောံလျှင် ရေမြေရှင်အဖြစ်၊ ဇကာရာဇ်အရာ မချုတ်ဖြစ်ရမည် ဇာတာရင်းနှင့် တိတ်နိမိတ်ရှိသည်။ ယခုမင်းသားလွှတ်က ရတနာသုံးပါးကို ကိုင်းရှိုင်းရိုသေခြင်း၊ ရှေးမင်းစည်ရာဇဝံသ၊ ရာဇပုံ၊ ရာဇထုံး စာဟောင်းစာတမ်း၊ နီမိဝါးစောင်၊ ရာဇဝသတီ စာစောင်များကို နှလုံးမူ၍ ကြည့်ရှုလေ့လာတော်မူရမည့်အကြောင်းနှင့် ရှင်ပင်ဘုရားမိန့်တော်မူသည်နှင့်အညီ ရတနာသုံးပါးဂုဏ်၊ မိခင်ဖခင်ကျေးဇူး၊ ရှင်ပင်ဘုရားတန်ခိုးမေတ္တာကြောင့် ၁၀၃၄ ခု၊ တပေါင်းလ္ဆန်း ၁၂ ရက်နေ့ ၂ လာနေ့ ဘေးတော်ဘိုးတော်နောင်တော်မင်းတရားတို့ အရိုက်အရာ ထီးနန်းကို အုပ်စိုးရပါတော့သည်။ တကာတော် အထွဋ်အမြတ်စံသည်ကို ပြင်စည်မြင်းမှူး ငကျော်ခိုင်၊ ရဝေမြင်းမှူးငချစ်စံ၊ သီရိမမ္မာသောကခံတက်ကျော်တို့သည် ခွေချိုတောင်နေဝံစားငပုတ်၊ လှောကားသုံးထောင်မှူး အရာခံအုပ်က၊ ငါးစို့ဝင်းလေးမှူး၊ လေသာဒိုင်းမှူးတို့နှင့်ထွေးရောရ၍ တကာတော် ရေမြေရှင်ကို ရန်မူ၍ရှိသောကြောင့် သာသနာတော်၏အညစ်အကြေးဥပါဒ်ဖြစ်၍ အရှေ့နန်းဆောင်တော်ထက်တွင် သင်းတို့တစုကို လုပ်ကြံရသည်နှင့် ထားတပြက်၊ လှံတပြက်၊ သွေးချင်း၊ သံချင်းချင်း ဗြဲတိုက်စနုစမှခ်ဆောင်၊ နန်းကျမ်းပြင်များတွင် သွေးရည်စက်ရှိသည်။နန်းမိုးခေါင် ၄က်ပေါင်းများတွင် တက်ပြေးသူတို့သွေးစု၊ အထက်မင်းဘုန်းပေါက်ဝတွင် အသေကောင်နှင့် တင်တင်ရသည်။ သို့ဖြစ်၍ တတ်မှတ်သသူ ရဟန်းပုဏ္ဏား၊ လူပညာရှိတို့အားဆေးကြောကြပ်မ စီရင်ပါပြီ။ သို့ကို နန်းဆောင်တော်ထက် အိပ်နေသည့်မိန်းမတို့အား ကိုယ်ထင်ပြကာ ချော်သည်။ အိပ်နေရာလံဘိကျောက်ကို ဆွဲငင်ယူသွားသည်။ မောင်းမင် ဆံထုံးကိုဆွဲသည်။ ရယ်မော၍ သစ်သီးသစ်ပွင့်နှင့်ပစ်သည်။ အဖြူအမည်း၊ အနီအဝါ၊ ဖန်ဆင်းပြသချော်လှန့်သည်ဖြစ်၍ နယတုံပြုမည်၊ ဂြိုဟ်တို့လည်း ရှေ့သို့မျှရှိခဲ့မည်၊ နေကြတ်လကြတ် အထွက်အသွား ရေကိန်းမီးကိန်းများကို မြှော်ထောံတော်မူ၍ ထုံးစံနှင့်အညီ ပြေပြည့်ကုမတော်မူပါရှင်ပင်ဘုရား"။ ၁၀၃၅ ခု ကျွဲနှင်းလ ၃ ရက်နေ့ အတွင်းမြဲခေါင်းကွဲစား၊ မုဆိုးဘိုစားတို့ကို စေ၍ ဂရဏဘုန်းတော်ကြီးကိုလျှောက်ချက်"(မူရင်းသတ်ပုံအတိုင်း)

အထက်ပါပေးလျှောက်ချက်အရ ဝမ်းဘဲအင်းစံမင်းကို ပုန်ကန်သူတို့၏ အလောင်းများသည် နန်းတော်တွင်း၌ သွေးအလိမ်းလိမ်းနှင့်ဖြစ်သည်။ ထိုသိုတို့သည် သရဲတစ္ဆေများဖြစ်ပြီး နန်းတွင်း၌ ခြောက်လှန့်သောကြောင့် နန်းတွင်းသူတို့ကြောက်၍ ဖျားနာကြသည်။

စာမျက်နှာ ၅ သို့ ➤

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၄၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ရေဦး ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၄၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၉၃၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၄၀၃ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၄၀၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့အသိပညာပေးတာတွေရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေရေး၊ ဓာတ်မြေသြဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ သီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးရေးနည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်တိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

ထိုသို့ဖြစ်သည်ကို ပျောက်ကင်းအောင် ဝရဲနဲ့ဆရာတော်က စီရင်ပေးရန် လျှောက်ခြင်းဖြစ်သည်။ သရဲတစ္ဆေမကောင်းဆိုးဝါးများ ပပျောက်စေရန် ဝရဲနဲ့ဆရာတော်က စီရင်ကုမရသည်၊ ကုမစီရင်ပုံမှာ ခုနစ်နေ့နံဘုရား ခုနစ်ဆူစီကို ထီးတံခွန်၊ ရေချမ်းအိုး ၁၂၀ စီ၊ ကြက်လျှာတံခွန် ၁၂၀ စီ တင်လှူပူဇော်ရသည်။ ဝင်းတော်လေးမျက်နှာတွင် အမြောက်အလက် ၁၀၀ ပစ်ဖောက်၍သရဲတစ္ဆေများကို နှင်ရသည်။ရွှေနန်းအဆောင်ဆောင်၌ ဘုန်းကြီးရဟန်းများ ပင့်ဖိတ်၍ ဆွမ်းကပ်ရသည်။

ဘုရားကိုးဆူ၊ရွှေနန်းတော်၊ရွှေလွှတ်တော်၊ဝင်းတော်စောင့်နတ်တို့ကို ပူဇော်ရသည်။ နန်းတွင်းနန်းဆောင်များတွင် သေသောသူပုန်တို့၏ အဝတ်အစားများကိုယူ၍ နေရာ ၁၂ နေရာ၌ ရေစက်တော်သွန်းချ အမျှဝေ၍ ဘုရား ၁၂ ဆူကို တင်လှူပူဇော်ရသည်။ ထို့ပြင် အင်းဝမြို့တွင်းရှိ ရပ်ကွက်တစ်ရပ်ကွက်လျှင် သံဃာတော် ၂၈ ပါး၊ ဘုရား ၂၈ ဆူ လျှောက်ထားပင့်ဖိတ်ပြီး တစ်ညလုံး ကမ္မဝါစာဖတ်ရသည်။ ဆွမ်းကျွေးခြင်း၊ ခဲဖွယ်ဘောဇဉ်လှူဒါန်းခြင်းပြုရသည်။ တံခွန်ကြီးများတွင် စက်ဂါထာနှင့် အင်းချစ်ရင်ပြီး ခြောက်လှန့်ရာ ရပ်ကွက်များ၌ လှူဒါန်းထားရှိရသည်။ ဂူတော်သစ်ပဌာန်းဇရပ်မှ ပရိတ်တော်ရေကိုယူ၍ မြို့တံခါးကိုးရပ်ကို ပက်ဖျန်းရသည်။ တံခါးတစ်ခုလျှင် သံဃာ ရှစ်ပါးပင့်၍ ဆွမ်းကပ်ရသည်။ ရပ်ကွက်တိုင်းရှိ ပြည်သူများက ရဟန်းသံဃာတော်များကို ပင့်၍ ဆွမ်းလောင်းပွဲကျင်းပရသည်။ ရွှေတန်ဆာဘုရားစွယ်တော်စင်တန်ဆောင်းတွင် ပြည်သူ၊ ပြည်သားတို့ ရေချမ်းလောင်းကြရသည်။ ထိုသို့ ဝရဲနဲ့ဘုန်းတော်ကြီးကြပ်မစီရင်ကုသမှ သရဲတစ္ဆေများ ကင်းပ၍ အေးချမ်းသာယာရှိသည်။ ဤမှာ သရဲတစ္ဆေမကောင်းဆိုးဝါးများ ပျောက်ကင်းအောင် စီရင်ပုံကို အကျဉ်းချုပ်ထုတ်ပြခဲ့ခြင်းဖြစ်သည်။ အထက်ပါ လောကဗေယာစာတမ်းလာစကားရပ်များကို ကိုးကား၍ လှေသင်းအတွင်းဝန်မင်းကြီး ဦးချိန်က တဇေတ္ထဒီပဏီကျမ်းတွင် ဖော်ပြခဲ့ဖူးသည်။

လောကဗေယာစာတမ်းသည် လောကီစီရင်ပုံကို အဓိကဖော်ပြထားသောကျမ်းဖြစ်သည်။ ညောင်ရမ်းခေတ်က အင်းဝမြို့တွင်း၊ နန်းတွင်း၌ ဖြစ်ပွားခဲ့သော လောကီဆိုင်ရာဖြစ်ရပ်များကို ဖော်ပြနေသောကျမ်းတစ်စောင်ဖြစ်သည်။ ညောင်ရမ်းခေတ်လောကီပညာရပ်များကို လေ့လာလိုသူများအတွက် အဖိုးတန်ကျမ်းတစ်စောင်ဟု ဆိုနိုင်သည်။ လောကဗေယာစာတမ်းသည် ပုံနှိပ်မူအဖြစ်သို့ ရောက်ရှိသင့်သောကျမ်းတစ်စောင်ဟုဆိုချင်ပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

- တို့ကမ္ဘာအား ကာကွယ်ပေးလို့
  လာမည့်ဘေး တားဆီးကြ၊
  သဘာဝပတ်ဝန်းကျင် စောင့်ထိန်းလို့
  အေးငြိမ်းလှပ။။

- သစ်တောနှင့်သစ်ပင်များ
  စောင့်ရှောက်ထား အစဉ်မြဲပေ
  စိမ်းလန်းဖို့လေ၊
  ရေတိုက်စားမှု အန္တရာယ်တွေ
  အမှန်တကယ်ပေ ကာကွယ်ပေး၊
  လေထုပါ သန့်ရှင်းလို့
  ရောဂါကင်းဝေး။။

- ကမ္ဘာမှာ ရက်မြတ်ရွေးလို့
  သတ်မှတ်ပေး အချိန်ခါ၊
  စုပေါင်းကာ သတ်မှတ်ထားကြ
  ရက်မြတ်မဟာ၊
  ဇွန်လငါးရက် နှစ်စဉ်မှာ
  ကျင်းပကာ နိုင်ငံအများ၊
  ဂေဟစနစ် ထိန်းသိမ်းကြဖို့
  အေးငြိမ်းစေသား။။

- ဘုံရန်သူ ပလတ်စတစ်
  တိုက်ထုတ်ပစ် အန္တရာယ်၊
  လူတိုင်းကိုယ်စီ ပေါ့ဆမဖြုန်းလို့
  လျှော့ချသုံးကွယ်၊
  ပလတ်စတစ်များက ဘုံရန်စွယ်
  တားဆီးကာကွယ် တို့အများ၊
  စုပေါင်းအားဖြင့် ဆောင်ရွက်ပေးလို့
  ဝေးဝေးရှောင်ရှား။။ ။

ပန်းမာလာ

နိုင်ငံတကာ သတင်းများ

တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲ၌ အတိုက်အခံ သမ္မတလောင်း လီဂျေးမြောင် အနိုင်ရရှိ

ဆိုးလ် ဇွန် ၄

ဇွန် ၃ ရက်တွင် ကျင်းပခဲ့သည့် တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု သမ္မတလောင်း လီဂျေးမြောင် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သမ္မတရွေးကောက်ပွဲ၌ အတိုက်အခံသမ္မတလောင်း လီဂျေးမြောင် အနိုင်ရခဲ့မှုကြောင့် တောင်ကိုရီးယား နိုင်ငံရေးအခင်းအကျင်း အပြောင်းအလဲများ ပေါ်ထွက်လာနိုင်သည်။

တောင်ကိုရီးယား အမျိုးသားရွေးကောက်ပွဲကော်မရှင် ကိန်းဂဏန်းများအရ ဆန္ဒမဲ ၉၉ ရာခိုင်နှုန်းရေတွက်ပြီးချိန်တွင် လီဂျေးမြောင်က ထောက်ခံမဲရာနှုန်း ၄၉ ဒသမ ၃ ရာခိုင်နှုန်း ရရှိထားပြီး လက်ရှိအာဏာရပြည်သူ့အာဏာပါတီကိုယ်စားပြု သမ္မတလောင်း ကင်မွန်ဆိုးက ထောက်ခံမဲရာနှုန်း ၄၁ ဒသမ ၃ ရာခိုင်နှုန်းထိ ရရှိထားကြောင်း သိရသည်။

ဇွန် ၃ ရက် သမ္မတရွေးကောက်ပွဲ အရှုံးရလဒ်ကို ပြည်သူ့အာဏာပါတီကိုယ်စားပြု သမ္မတလောင်း ကင်မွန်ဆိုးက လက်ခံခဲ့ပြီး အနိုင်ရသမ္မတလောင်း လီဂျေးမြောင်ကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။

မိမိအနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမြင့်တက်လာရေးအတွက် ကြိုးပမ်းမည်ဖြစ်ပြီး အိမ်နီးချင်း မြောက်ကိုရီးယားနိုင်ငံနှင့်လည်း ငြိမ်းချမ်းမှုတည်ဆောက်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း လီဂျေးမြောင်က ကတိပြုထားသည်။

ဇွန် ၃ ရက် သမ္မတရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူ ၄၄ ဒသမ ၃၉ သန်းအနက် ၈၀ ရာခိုင်နှုန်းနီးပါး ပါဝင်မဲပေးခဲ့ကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

၂၀၂၄ ခုနှစ် ဂျပန်နိုင်ငံ၏ ပြည်တွင်း ကလေးမွေးဖွားမှုနှုန်း ၇၀၀၀၀၀ အောက်ကျဆင်း

တိုကျို ဇွန် ၄

၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ပြည်တွင်းကလေးမွေးဖွားမှုနှုန်းအရေအတွက်မှာ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ၇၀၀၀၀၀ အောက်သို့ ကျဆင်းခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာအရ မွေးဖွားခဲ့ကြသည့် ကလေးဦးရေမှာ ၆၈၆၀၆၁ ဦးထိသာရှိခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၁၂၂၇ ဦးလျော့နည်းသွားကြောင်း ဂျပန်အစိုးရ ကိန်းဂဏန်းများအရ သိရသည်။

ဂျပန်နိုင်ငံ၏ ၂၀၂၄ ခုနှစ် ကလေးမွေးဖွားမှုနှုန်းသည် ၁၈၉၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးကလေးမွေးဖွားမှုနှုန်းဖြစ်ကြောင်း ဂျပန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ဂျပန်အစိုးရ တာဝန်ရှိသူများ၏ တွက်ချက်မှုအရ ၂၀၂၄ ခုနှစ်အတွင်း ဂျပန်မိခင်များ ကလေးမွေးဖွားမှုနှုန်းမှာ မိခင်တစ်ဦးလျှင် ၁ ဒသမ ၁၅ ဦးနှုန်းသာ ရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ၂၀၂၄ ခုနှစ် ဂျပန်နိုင်ငံ၌ သွေးရိုးသားရိုးကွယ်လွန်မှုပေါင်း ၁ ဒသမ ၆ သန်း ထိရှိခဲ့ရာ ၂၀၂၃ ခုနှစ်ကထက် ကွယ်လွန်သူ အရေအတွက် ၁ ဒသမ ၉ ရာခိုင်နှုန်း ထပ်တိုးလာကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် သက်ကြီးလူဦးရေ မြင့်တက်လာသည့် ဂျပန်နိုင်ငံသည် လုပ်သားအင်အားရှားပါးမှု ပြဿနာနှင့်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဘယ်လာရုစ်သမ္မတလူကာရှန်ကိုတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး

ပေကျင်း ဇွန် ၄

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဘယ်လာရုစ်သမ္မတ လူကာရှန်ကို တို့သည် ယနေ့တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

ဘယ်လာရုစ်နိုင်ငံသည် တရုတ်နိုင်ငံ၏ စစ်မှန်သည့်မိတ်ဆွေနိုင်ငံ ဖြစ်ကြောင်း ဘယ်လာရုစ်သမ္မတ နှင့်တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ယင်းအပြင် တစ်ဖက်သတ် ဗိုလ်ကျစိုးမိုးမှုများကို ရင်ဆိုင်ရာတွင်လည်း တရုတ်နိုင်ငံနှင့်အတူ လက်တွဲပူးပေါင်းရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ဘယ်လာရုစ်သမ္မတကို တိုက်တွန်းခဲ့သည်။

ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုသည် ယခုနှစ်ဧနဝါရီလ အတွင်း ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌အနိုင်ရခဲ့ပြီးနောက် ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ရောက်ရှိနေကြောင်း သိရသည်။

ဘယ်လာရုစ်နိုင်ငံသည် ရုရှားနှင့် ယူကရိန်းပဋိပက္ခကို ထောက်ခံမှုပေးထားသည့်အတွက် အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့်နိုင်ငံ ဖြစ်သည်။

ယနေ့ဆွေးနွေးပွဲတွင် ဧနဝါရီလ သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့်အတွက် ဘယ်လာရုစ်သမ္မတကို ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua

Trs : KKO

ယူရေနီယံသန့်စင်မှု စွန့်လွှတ်ရေးတောင်းဆိုချက် အီရန်ခေါင်းဆောင်အယာတိုလာခါမေနီ ပယ်ချ

တီဟီရန် ဇွန် ၄

ယူရေနီယံလောင်စာသန့်စင်မှု လုပ်ငန်းများ ရပ်ဆိုင်းပေးရေး အမေရိကန်နိုင်ငံ၏ တောင်းဆိုချက်ကို အီရန်ခေါင်းဆောင်အယာတိုလာခါမေနီက ယနေ့တွင် ငြင်းပယ်လိုက်သည်။

ယူရေနီယံလောင်စာသန့်စင်မှုလုပ်ငန်းကို စွန့်လွှတ်ပေးရမှုသည် အီရန်နိုင်ငံ၏ အကျိုးစီးပွားနှင့် ရာနှုန်းပြည့် ဆန့်ကျင်နေကြောင်း အီရန်ခေါင်းဆောင် အယာတိုလာခါမေနီက ထုတ်ဖော်ပြောကြားလိုက်သည်။

အီရန်နျူကလီးယားပြဿနာကိုဖြေရှင်းရေးအတွက် ကျင်းပခဲ့သည့်ဆွေးနွေးပွဲများတွင် ယူရေနီယံလောင်စာများ သန့်စင်မှုကို ရပ်ဆိုင်းပေးရန် အမေရိကန်နိုင်ငံက အီရန်နိုင်ငံကို တောင်းဆိုထားသည်။

သို့ရာတွင် အီရန်နိုင်ငံကမူ အဆိုပါတောင်းဆိုချက်ကို ငြင်းပယ်ထားပြီး နျူကလီးယားဗုံးကုန်ကြမ်းအဖြစ် အသုံးချနိုင်သော လက်ရှိသန့်စင်ပြီးသား ယူရေနီယံများ ပြည်ပသို့ ပို့ဆောင်ထားရေး တောင်းဆိုချက်ကိုလည်း လက်ခံထားခြင်းမရှိကြောင်း သိရသည်။

ယူရေနီယံသန့်စင်မှုလုပ်ငန်းသည် အီရန်နျူကလီးယားအစီအစဉ်၏ အဓိကလုပ်ငန်းစဉ်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်ကိုပင် အီရန်၏ရန်သူများက အာရုံစိုက်နေကြောင်း အီရန်ခေါင်းဆောင် အယာတိုလာခါမေနီက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့သည် ယခုနှစ်အတွင်း နျူကလီးယားဆွေးနွေးပွဲ ငါးပွဲကျင်းပထားပြီး ဖြစ်သော်လည်း မည်သည့် သဘောတူညီချက်မျှ ရယူနိုင်မှုမရှိသေးကြောင်း သိရသည်။ **Ref : RT**

Trs : KKO

အာဆီယံ ၁၀ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် အာဆီယံအထူးဗီဇာအစီအစဉ် တရုတ်အစိုးရကြေညာ

ပေကျင်း ဇွန် ၄

အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ) ၁၀ နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များအတွက် အာဆီယံ အထူးဗီဇာအစီအစဉ်ကို တရုတ်အစိုးရက စတင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စီးပွားရေးအရ လာရောက်မည့်အာဆီယံ ၁၀ နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်ကို တရုတ်နိုင်ငံက အာဆီယံအထူးဗီဇာများ ထုတ်ပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အာဆီယံ အထူးဗီဇာကို ကိုင်ဆောင်ထားသူများအနေဖြင့် ငါးနှစ်အတွင်း တရုတ်နိုင်ငံသို့ အကြိမ်ကြိမ် ဝင်ရောက်ခွင့်ရှိမည်ဖြစ်ပြီး တစ်ကြိမ်လျှင် ရက်ပေါင်း ၁၈၀ထိ နေထိုင်ခွင့်ရမည်ဖြစ်သည်။

ဒေသတွင်းနယ်စပ်ဖြတ်ကျော်ခရီးသွားလာမှုများ ပို၍အားကောင်းလာစေရန်ရည်ရွယ်၍ အာဆီယံ အထူးဗီဇာအစီအစဉ်ကို စတင်ရန်စီစဉ်ထားခြင်း ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာထားသည်။

တရုတ်နိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် စင်ကာပူမလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားဧည့်သည်များကိုလည်း ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးထားပြီးဖြစ်သည်။

နိုင်ငံတကာခရီးသွားဧည့်သည်များကို ဆွဲဆောင်ရေးအတွက် တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများအပြင် အခြားနိုင်ငံများကိုလည်း ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်များ ပေးထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

Rocket Lab ကုမ္ပဏီက Gen-3 အမည်ရှိ ပုဂ္ဂလိက ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုတစ်စင်း လွှတ်တင်ခဲ့

ဝါရှင်တန် ဇွန် ၄

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီက Gen-3 အမည်ရှိ ပုဂ္ဂလိက ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုတစ်စင်းကို ဇွန် ၂ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဇွန် ၃ ရက် သတင်းများအရ သိရသည်။

Rocket Lab ကုမ္ပဏီသည် Gen-3 ဂြိုဟ်တုကို သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် Gen-3 ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် ၂၉၂ မိုင်အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Gen-3 ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုကို အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်အခြေစိုက် ဘလက်ခ်စကိုင်း ကုမ္ပဏီက ပိုင်ဆိုင်ထားကြောင်း သိရသည်။

Gen-3 မစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ယခုနှစ်၏ သတ္တမအကြိမ်မြောက် အာကာသ မစ်ရှင်ဖြစ်ပြီး အီလက်ထရွန်ဒုံးပျံများ၏ ၆၅ ခုမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Rocket Lab ကုမ္ပဏီသည် ရှယူထရွန်အမည်ရှိ စွမ်းဆောင်ရည်ပိုမိုမြင့်မားသော ဒုံးပျံတစ်မျိုး ထပ်မံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ပုဂ္ဂလိက အာကာသခရီးသည်များကို နိုင်ငံတကာအာကာသစခန်းသို့ ပို့ဆောင်ပေးမည့် Ax-4 မစ်ရှင် လွှတ်တင်မည့်အချိန်ကို Axiom Space ကုမ္ပဏီ နောက်ဆုတ်ထား

ဝါရှင်တန် ဇွန် ၄

ပုဂ္ဂလိက အာကာသခရီးသည်များကို နိုင်ငံတကာအာကာသစခန်းသို့ ပို့ဆောင်ပေးမည့် Ax-4 မစ်ရှင် လွှတ်တင်မည့်အချိန်ကို Axiom Space ကုမ္ပဏီက ဇွန် ၁၀ ရက်ထိ နောက်ဆုတ်ထားကြောင်း ဇွန် ၃ ရက် သတင်းများအရ သိရသည်။

Axiom Space နှင့် Space-X ကုမ္ပဏီတို့သည် မူလက Ax-4 မစ်ရှင်ကို ဇွန် ၈ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

သို့ရာတွင် နိုင်ငံတကာ အာကာသစခန်းလုပ်ငန်းစဉ်များနှင့် အချိန်ကိုက်ညှိနှိုင်းခဲ့ပြီးနောက် Ax-4 မစ်ရှင်လွှတ်တင်မည့်အချိန်ကို ဇွန် ၁၀ ရက်သို့ နောက်ဆုတ်ထားခြင်းဖြစ်ကြောင်း Axiom Space ကုမ္ပဏီက ကြေညာထားသည်။

Ax-4 မစ်ရှင်အရ ပုဂ္ဂလိက အာကာသခရီးသည် လေးဦးလိုက်ပါမည့် Crew Dragon အာကာသ လူသယ်ယာဉ်ကို Space-X ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Ax-4 မစ်ရှင်အရ ပုဂ္ဂလိက အာကာသခရီးသည် လေးဦးသည် နိုင်ငံတကာ အာကာသစခန်း၌ ရောက်ရှိနေချိန်တွင် သိပ္ပံပညာ စမ်းသပ်မှုပေါင်း ၆၀ ကျော် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ax-4 မစ်ရှင်ကာလမှာ အနည်းဆုံး သီတင်းနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း Axiom Space ကုမ္ပဏီက ကြေညာထားသည်။

Ref : Russia Today
Trs : KKO

Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၃ စင်းကို ဇွန် ၃ ရက်က လွှတ်တင်ခဲ့

ဝါရှင်တန် ဇွန် ၄

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၃ စင်းကို ဇွန် ၃ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်မှာ အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော တွဲရေယာဉ် ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် စတားလင့်ခ်ဂြိုဟ်တုသစ် ၂၃ စင်းကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဇွန် ၃ ရက်တွင် လွှတ်တင်ခဲ့သည့် စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်း အနက် ၁၃ စင်းမှာ ဆဲလ်ဖုန်းများအတွက် အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးပို့နိုင်သော ဂြိုဟ်တု များဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တု အစင်း ၈၀၀၀ ကျော် လွှတ်တင်ထားပြီး ၇၆၀၀ တို့မှာ အင်တာနက်ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင် ပေါင်း ၁၇၀ ကျော်ထိ စံချိန်တင် လွှတ်တင်ရန် ရည်မှန်းထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

HEALTH

အစာအိမ်ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်မည့် ကမ္ဘာ့ပထမဆုံး ဇီဝအကျိုးပြုဖြည့်စွက်ဆေးကို ချီလီသုတေသနပညာရှင်များ ဖန်တီးထား

ဆန်တီယာဂို ဇွန် ၄

ချီလီနိုင်ငံ ကွန်ဆယ်စီယွန် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အစာအိမ်ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်မည့် ကမ္ဘာ့ပထမဆုံး ဇီဝအကျိုးပြုဖြည့်စွက်ဆေးတစ်မျိုးကို ဖန်တီးထားကြောင်း ဇွန် ၃ ရက် သတင်းများအရ သိရသည်။

ချီလီသုတေသနပညာရှင်များ ဖန်တီးထားသည့် အဆိုပါဇီဝအကျိုးပြု သောက်ဆေးသည် အစာအိမ်ကင်ဆာရောဂါကို ၉၃ ဒသမ ၆ ရာခိုင်နှုန်းထိ ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါဆေးသည် အစာအိမ်ကင်ဆာဖြစ်ပွားရခြင်း၏ အဓိက အကြောင်းတရားတစ်ရပ်ဖြစ်သော Heliocobacter Pylori ခေါ် ဗက်တီးရီးယားတစ်မျိုးကို ထိန်းချုပ်ခြင်းဖြင့် အစာအိမ်ကင်ဆာရောဂါကို ကာကွယ်ပေးထားကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေ ထက်ဝက်နီးပါးတွင် ရှိနေတတ်သည့် Heliocobacter Pylori ဗက်တီးရီးယားသည် အစာအိမ်ကင်ဆာရောဂါနှင့် သာမက အစာအိမ်အနာပေါက်မှု ပြဿနာနှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။

အဆိုပါ ဇီဝအကျိုးပြုဆေးကို အသက်ရှစ်နှစ်မှ စတင်သုံးစွဲနိုင်ကြောင်း ချီလီသုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

သက်လတ်ပိုင်းတွင် ကော်ဖီပုံမှန်သောက်သူ အမျိုးသမီးများ အသက်ရလာချိန်တွင် ကျန်းမာရေးကို မြှင့်တင်ပေးနိုင်

နယူးယောက် ဇွန် ၄

သက်လတ်ပိုင်းတွင် ကော်ဖီကို ပုံမှန်သောက်သုံးပါက အသက်ရလာချိန်တွင် အမျိုးသမီးများ၏ ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ကြောင်း ဇွန် ၃ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟားဗတ် တက္ကသိုလ် တီအိတ်ချန် ပြည်သူ့ကျန်းမာရေးကျောင်းမှ သုတေသနပညာရှင်များသည် အမျိုးသမီးပေါင်း ၄၇၀၀၀ ကျော်တို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သက်လတ်ပိုင်းအရွယ်၌ ကော်ဖီကို ပုံမှန်သောက်သုံးသူ အမျိုးသမီးများသည် အသက်ရလာချိန်ကို ကျန်းမာစွာဖြင့် ကျော်ဖြတ်ရနိုင်ခြေ ပုံမှန်ထက်ပိုများသည်ကို တွေ့ရကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းအရွယ်တွင် ကော်ဖီကို ပုံမှန်သောက်သူအမျိုးသမီးများအနေဖြင့် အသက်ရလာချိန်တွင် စိတ်ကျန်းမာရေး ဆက်လက်ထက်မြက် အားကောင်းနေခြင်းကဲ့သို့သော ကျန်းမာရေးအကျိုးကျေးဇူးများရယူနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လက်ဖက်ရည်နှင့် ကိုလာကဲ့သို့ အခြားစားသောက်ဖွယ်များကို ပုံမှန်သောက်သုံးသူ အမျိုးသမီးများတွင်မူ အထက်ပါ ကျန်းမာရေးအကျိုးကျေးဇူးများ မတွေ့ရကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

နိုင်ငံတကာ အားကစားသတင်းများ

လီဗာပူးဂိုးသမား ကယ်လာဟာကို စတာလင်ပေါင် ၁၈ သန်းဖြင့် ဘရန့်ဖို့ဒ်အသင်းခေါ်ယူ

လန်ဒန် ဇွန် ၄

ဘရန့်ဖို့ဒ်အသင်းသည် လီဗာပူးအသင်းဂိုးသမား ကယ်လာဟာကိုခေါ်ယူရန် ကာလရှည် ကြိုးပမ်းခဲ့ပြီးနောက် ယခုအခါ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၈ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့သည်။

ကယ်လာဟာသည် ၂၀၂၅ ခုနှစ်က အိုင်ယာလန်ကလပ်ရင်းမာ ဟွန်အသင်းမှ လီဗာပူးအသင်း အကယ်ဒမီသို့ ရောက်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အသင်းကြီးတွင် ပွဲထွက်ကစားခွင့်ရရှိခဲ့ကာ ပြိုင်ပွဲစုံ ၆၇ ပွဲထိ ပါဝင်ကစားခဲ့ရခဲ့ပြီး ယခုနှစ် နည်းပြစလော့လက်အောက်တွင် အမှတ်ပေးပြိုင်ပွဲ ပွဲထွက်ခွင့် အပါအဝင် ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် ၁၀ ပွဲသာ ပါဝင်ခဲ့ရကြောင်း သိရသည်။

၎င်းသည် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသော်လည်း အယ်လစ်ဆန်နောက်တွင်သာ ပါဝင်ကစားနေရသည့်အပြင် လီဗာပူးအသင်းက ဗလင်စီယာအသင်းမှ ဂိုးသမား မာမာဒက်ဗီလီကို ခေါ်ယူနိုင်ခဲ့ပြီးနောက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး ဘရန့်ဖို့ဒ်အသင်းက ဂိုးသမား ဖလက်ကန်ကို ရောင်းခဲ့ချိန်တွင် ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ကယ်လာဟာ အနေဖြင့် ယခုနှစ်နည်းပြ စလော့လက်အောက်တွင် ပွဲကစားခွင့် ပိုမိုရရှိလာသော်လည်း ပုံမှန်ပွဲထွက်ခွင့် ရရှိလိုသောကြောင့် ဘရန့်ဖို့ဒ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့သည့်အပြင် စာချုပ်ကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့် ပါရှိခဲ့ကြောင်း သိရသည်။ **Ref : Espn**

Trs : ML

အားကစားသတင်းအတိုအထွာများ

- ကွင်းလယ်ကစားသမား ပေါ့ဘာကို မာဆေးအသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ကစားသမား၏ လုပ်ခလစာမြင့်မားမှုကြောင့် ခေါ်ယူရန်မဖြစ်နိုင်တော့သဖြင့် ပြိုင်ဘက် မိုနာကိုအသင်းက ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက ပရီးမီးယားလီဂ်မှ တန်းဆင်းသွားသည့် ဆောက်သမ်တန်ဂိုးသမား ရမ်းဒေးလ်ကို စတာလင်ပေါင် သန်း ၂၀ ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- Puma အားကစားကုမ္ပဏီက ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပရီးမီးယားလီဂ်ပြိုင်ပွဲ၌ ဘောလုံးစပွန်ဆာပေးမည်ဖြစ်သောကြောင့် ပြိုင်ပွဲစတင်ခဲ့သည့် ၁၉၉၂-၁၉၉၃ ဘောလုံးရာသီမှ စတင်၍ Mitre၊ Nike တို့နောက်တွင် တတိယမြောက်စပွန်ဆာ ကုမ္ပဏီဖြစ်လာခဲ့ကြောင်း သိရသည်။
- အေဗီလာအသင်းက လာမည့် ၂၀၂၆ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား တိုင်ရိုမင့်ကို သက်တမ်းတစ်နှစ်တိုးခဲ့သဖြင့် ၂၀၂၇ ခုနှစ်ထိ အသင်းတွင် ဆက်ရှိမည်ဖြစ်ကြောင်း သိရသည်။
- ဒိုင်နမိုဇာဂရက်အသင်း ကွင်းလယ်ကစားသမား ဆူဆစ်ခ်ကို ပြောင်းရွှေ့ကြေး ယူရို ၁၄ သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း အင်တာမီလန်အသင်းက ထုတ်ပြန်ခဲ့သည်။ **ML**

WBC ခရူဆာဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲအဖြစ် ဘာဒိုဂျက်ခ်အား မီကယ်လီယန်နှင့် မကျေပွဲထိုးသတ်ရန် WBC ညွှန်ကြား

မက္ကဆီကိုစီးတီး ဇွန် ၄

မက္ကဆီကိုနိုင်ငံတွင် အခြေစိုက်သည့် WBC အဖွဲ့ချုပ်သည် WBC ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဆွီဒင်လက်ဝှေ့သမား ဘာဒိုဂျက်ခ်အား အာမေးနီးယားလက်ဝှေ့သမား မီကယ်လီယန်နှင့် မကျေပွဲစဉ် ထိုးသတ်သွားရန် ညွှန်ကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ် မေ ၃ ရက်တွင် ဘာဒိုဂျက်ခ်နှင့် မီကယ်လီယန်တို့ ဆော်ဒီအာရေဗျနိုင်ငံတွင် ထိုးသတ်ခဲ့ပြီး ယင်းပွဲစဉ်တွင် ဘာဒိုဂျက်ခ်က ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့သော်လည်း ပြတ်သားသည့်ရမှတ်ဖြင့် အနိုင်ရခဲ့ခြင်းမဟုတ်ဘဲ အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် ဒိုင်တစ်ဦးက (၁၁၄-၁၁၄)မှတ်ဖြင့် သရေရလဒ်သာ သတ်မှတ်ခဲ့ပြီး ကျန်ဒိုင်နှစ်ဦးက (၁၁၅-၁၁၃) မှတ်ဖြင့် ဘာဒိုဂျက်ခ်အား အနိုင်ပေးခဲ့သည်။

ပြတ်သားသည့် ရမှတ်ဖြင့် အနိုင်ရခဲ့ခြင်း မဟုတ်သည့်အတွက်ကြောင့် WBC အဖွဲ့ချုပ်က မကျေပွဲစဉ် ပြန်လည် ထိုးသတ်သွားရန် ညွှန်ကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က ၎င်းတို့အကြား အငြင်းပွားဖွယ်ရာ ရလဒ်ဖြင့်သာ အဆုံးသတ်သွားခဲ့ခြင်းဖြစ်ပြီး ပွဲအပြီးတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ပြောဆိုဝေဖန်မှုများရှိခဲ့သည်။

မှတ်တမ်းများအရ ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က မီကယ်လီယန်သည် ဘာဒိုဂျက်ခ်အား ၁၅၃ ကြိမ်တိုင်တိုင် ထိုးချက်ထွက်ခဲ့သော်လည်း ဘာဒိုဂျက်ခ်မှာ ၁၂ ကြိမ်သာ ထိုးချက်ထွက်ခဲ့သည်။

အပြန်အလှန် ထိုးသတ်နိုင်ခဲ့ခြင်းဖြစ်သော်လည်း အမှတ်ပေးဒိုင်များက ဘာဒိုဂျက်ခ်အား အနိုင်ပေးခဲ့ခြင်းအပေါ် လက်ဝှေ့လောကမှ ဝေဖန်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အတွေ့အကြုံပိုင်းအရ ဘာဒိုဂျက်ခ်က သာလွန်သော်လည်း ၎င်းသည် အသက် ၄၁ နှစ်အရွယ်ရှိနေပြီဖြစ်ပြီး မီကယ်လီယန်က အသက် ၃၄ နှစ်အရွယ်သာ ရှိကြောင်း သိရသည်။

လှုပ်ရှားမှုပိုင်းနှင့် ကြံ့ခိုင်မှုပိုင်း၌ မီကယ်လီယန်က အစစအရာရာသာလွန်ခဲ့ပြီး အမှန်တကယ် ထိုးသတ်ခဲ့စဉ်တွင်လည်း မီကယ်လီယန်က အနည်းငယ် အသာစီးရခဲ့သော်လည်း ရလဒ်မှာ မျှော်လင့်ထားသလို ဖြစ်မလာသည့်အတွက် စိတ်ပျက်ခဲ့သည့် မီကယ်လီယန်က မကျေပွဲစဉ်အတွက် ပြန်လည်တောင်းဆိုခဲ့ခြင်းလည်းဖြစ်သည်။

WBC အဖွဲ့ချုပ်က ခွင့်ပြုလိုက်ပြီဖြစ်သည့်အတွက် ရက်ပေါင်း ၃၀ အတွင်း ဆွေးနွေးညှိနှိုင်းမှုအား အပြီးသတ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

အင်တာမီလန်အသင်းနည်းပြ အင်ဇာဂီ အသင်းနှင့်လမ်းခွဲခဲ့ကြောင်း ထုတ်ပြန်ကြေညာ

မီလန် ဇွန် ၄

ချန်ပီယံလီဂ်ဗိုလ်လုပွဲစဉ်တွင် အင်တာမီလန်အသင်းက ပီအက်စ်ဂျီအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအင်ဇာဂီ အနေဖြင့် အသင်းနှင့် လမ်းခွဲခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

နည်းပြအင်ဇာဂီသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ရလဒ်ကောင်း ရယူနိုင်ခဲ့သော်လည်း အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယနေရာဖြင့်သာ ပြီးဆုံးခဲ့သည့်အပြင် ကိုပါအီတာလီယာ ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် အဆင့်မှလည်းကောင်း၊ စူပါကိုပါ ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ လည်းကောင်း၊ ချန်ပီယံလီဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့မှုကြောင့် လည်းကောင်း ဆုဖလားလက်မဲ့ဖြစ်ခဲ့ပြီးနောက် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

နည်းပြ အင်ဇာဂီသည် အင်တာမီလန်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေပြီး လေးနှစ်ကျော်လက်တွဲခဲ့ရာတွင် အသင်းကို ချန်ပီယံလီဂ်ပြိုင်ပွဲ ဗိုလ်လုပွဲနှစ်ကြိမ် တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဒုတိယနေရာဖြင့်သာ ပြီးဆုံးခဲ့ရပြီး ၂၀၂၃ ခုနှစ်က စီးရီးအေ ချန်ပီယံဆုဖလား တစ်ကြိမ်သာ ဆွတ်ခူးနိုင်ခဲ့သည်။

အင်တာမီလန် အသင်းသည် လာမည့် ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရထားသဖြင့် အင်ဇာဂီအနေဖြင့် အဆိုပါ ပြိုင်ပွဲကို တာဝန်ယူမည် ဟုတ်၊ မဟုတ်ကို အတိအကျမသိရသေးဘဲ လက်ရှိတွင် အသင်းတာဝန်ရှိသူများက ကိုမိုအသင်းနည်းပြ ဖာဘာရီဂတ်စ်ကို နည်းပြတာဝန်ပေးအပ်ရန် ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သိရသည်။

Ref : Espn

Trs : ML

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ အယ်ကာရက်ဇ်တက်ရောက်

ပဲရစ် ဇွန် ၄

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၀၊ ၆-၁၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ပွဲငယ်သုံးပွဲစလုံး၌ အကောင်းဆုံးကစားနိုင်ခဲ့သလို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး တတိယပွဲငယ်တစ်ပွဲ၌သာ တွမ်မီပေါလ်အနေဖြင့် အကောင်းဆုံးတို့ပြန်နိုင်ခဲ့သည်။

တွမ်မီပေါလ်သည် ဒဏ်ရာဖြင့် ကစားခဲ့ရသည့်အတွက်ကြောင့် ကြံ့ခိုင်မှုပိုင်း အခက်အခဲရှိခဲ့ပြီး စွမ်းဆောင်ရည်ကိုလည်း အပြည့်အဝ အသုံးမချနိုင်ခဲ့သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ဒဏ်ရာရနေလျက်ပင် ပွဲပြီးဆုံးအောင် ကစားသွားနိုင်ခဲ့ပြီး ရှုံးနိမ့်ခဲ့ရသော်လည်း ပွဲပြည့် ကစားနိုင်ခဲ့ခြင်းအပေါ် အားရကျေနပ်ကြောင်း ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်က "ရိုက်ချက်တိုင်းက အဆင်ပြေခဲ့တယ်။ ရိုက်ချက်တိုင်းကလဲ အနိုင်ရလဒ်အတွက် ထိုက်တန်တဲ့ရိုက်ချက်တွေဖြစ်ခဲ့ပါတယ်။ စိုးရိမ်ထိတ်လန့်ခြင်းမရှိဘဲ ကစားနိုင်ခဲ့တယ်"ဟု ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား မူဆက်တီနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။ **Ref : RT**

Trs : AZL

လာမည့်ရာသီတွင် အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ပဲလေ့စ်အသင်းအနေဖြင့် ဥရောပအဆင့်ပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခံရဖွယ်ရှိနေ

လန်ဒန် ဇွန် ၄

လာမည့်ဘောလုံးရာသီတွင် ယူရိုပါလီဂ်ပြိုင်ပွဲဝင်ခွင့် ရရှိထားသည့် ပဲလေ့စ်အသင်းသည် ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ အသင်းပိုင်ရှင်တူ စည်းမျဉ်းကြောင့် ဥရောပအဆင့်ပြိုင်ပွဲများ ဝင်ခွင့်နှင့် လွဲချော်ရဖွယ်ရှိနေကြောင်း သိရသည်။

ပဲလေ့စ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အက်ဖ်အေ ဖလားပြိုင်ပွဲ၌ လီဗာပူးအသင်းကိုအနိုင်ရရှိခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံး ဆုဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် လာမည့် ဘောလုံးရာသီတွင် ယူရိုပါလီဂ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိထားခြင်းဖြစ်သော်လည်း အသင်းပိုင်ရှင်တူ စည်းမျဉ်းတစ်ရပ်ကြောင့် ဝင်ခွင့်နှင့်လွဲချော်ရမည့် အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

လက်ရှိတွင် ပဲလေ့စ်အသင်း၏ ရှယ်ယာအများစုကို အမေရိကန် ဘီလျံနာ တက်စ်တာက ပိုင်ဆိုင်ထားပြီး တက်စ်တာသည် ပဲလေ့စ်အသင်းအပြင် ပြင်သစ်လီဂူးကလပ် လိုင်ယွန်အသင်း၏ ရှယ်ယာအများစုကိုလည်း ပိုင်ဆိုင်ထားသည့်အပြင် ဒိန်းမတ်ကလပ်အသင်း ဘရွန်းဘိုင်အသင်း၏ ရှယ်ယာအများစုကိုလည်း ပိုင်ဆိုင်ထားသူဖြစ်ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီအကုန်တွင် လိုင်ယွန်အသင်းသည်လည်း အမှတ်ပေးဇယား အဆင့်(၆) နေရာတွင်ရပ်တည်နိုင်ခဲ့ပြီးနောက် ယူရိုပါလီဂ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိထားသည့်အတွက် ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ အသင်းပိုင်ရှင်တူစည်းမျဉ်းအရ အမှတ်ပေးဇယားအဆင့်ရပ်တည်မှု အမြင့်ဆုံး အသင်းကိုသာ ယူရိုပါလီဂ် ပြိုင်ပွဲဝင်ခွင့်ပေးပြီးနောက် တစ်သင်းကို ပြိုင်ပွဲမှ ထုတ်ပယ်မည်ဖြစ်သည်။

အလားတူ ဘရွန်းဘိုင်အသင်း အနေဖြင့် ဒိန်းမတ်လီဂ်ပြိုင်ပွဲတွင် အဆင့်(၃)နေရာတွင် ရပ်တည်ထားပြီး ယူရိုပါကွန်ဖရန့်လီဂ် ပြိုင်ပွဲကို ဝင်ခွင့်ရရှိထားသည့်အတွက် ပဲလေ့စ်အသင်းအနေဖြင့် အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ယူရိုပါလီဂ် ပြိုင်ပွဲကိုလည်း ဝင်ခွင့်နှင့် လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

IMANE Futsal Amateur Cup 2025 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် IMANE Futsal Amateur Cup 2025 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသော်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ ဖူဆယ်လီဂ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ IMANE မှ Brand Manager Mr.Sunyawit၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင် အပါအဝင် တက်ရောက်လာကြသော တာဝန်ရှိသူများက ပြိုင်ပွဲဝင် အသင်းများကို ပြိုင်ပွဲတွင် အသုံးပြုမည့် ဘောလုံးတစ်လုံးစီ ပေးအပ်ခဲ့ကာ တစ်ဦးချင်း လိုက်လံနှုတ်ဆက်ခဲ့ကြပြီးနောက် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

STA

အမေရိကန်အသင်း ဒုတိယအသင်းခေါင်းဆောင်အဖြစ် ဘရစ်တနေလန်းကို ခန့်အပ်

ဝါရှင်တန် ဇွန် ၄

အမေရိကန် အမျိုးသမီး ဂေါက်သီးရိုက် အဖွဲ့ချုပ်သည် 26 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့်အမေရိကန်အသင်း၏ ဒုတိယအသင်းခေါင်းဆောင်အဖြစ် အမေရိကန် ဝါရင့်ဂေါက်သီးရိုက်မယ် ဘရစ်တနေလန်းအား ခန့်အပ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘရစ်တနေလန်း အနေဖြင့် အမေရိကန်အသင်း၏ ဒုတိယအသင်း ခေါင်းဆောင်အဖြစ် တတိယအကြိမ်မြောက် တာဝန်ယူသွားမည်ဖြစ်သည်။

ဘရစ်တနေလန်းသည် 2016 U.S. Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဟောင်း တစ်ဦးဖြစ်ပြီး အမေရိကန်အသင်း၏ ဒုတိယအသင်းခေါင်းဆောင်များအဖြစ် အမေရိကန်ဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ပေါလ်လာ၊ စတန်းဖို့ဒ်နှင့် ခရစ္စတီတို့နှင့်အတူ ဒုတိယအသင်းခေါင်းဆောင်တာဝန်ကို ထမ်းဆောင်သွားမည်ဖြစ်သည်။

26 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းအတွက် အကောင်းဆုံး ကစားသမား ၁၂ ဦးကို ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ရေးအတွက်လည်း စတင်ပြင်ဆင်နေပြီဖြစ်သည်။

ဘရစ်တနေလန်းက “ကျွန်မရဲ့ ကစားသမားဘဝသက်တမ်း တစ်လျှောက် ဂုဏ်အယူရဆုံး အခိုက်အတန့်ကို ပြောပါဆိုရင် အမေရိကန်အသင်းရဲ့ ဒုတိယ အသင်းခေါင်းဆောင် အဖြစ် တာဝန်ယူခွင့်ရတာကိုပဲ ပြရလိမ့်မယ်။ ကျွန်မအနေနဲ့ ဒုတိယ အသင်းခေါင်းဆောင် အတွက် သင်ယူရမဲ့သင်ယူစရာတွေအများကြီးရှိနေသလို အသင်းသားတွေကို ကူညီပေးဖို့နဲ့ ဒုတိယ အသင်းခေါင်းဆောင်တစ်ယောက်ရဲ့ တာဝန်တွေနဲ့အတူ အသင်းကို အောင်မြင်မှုရရှိအောင် ဘယ်လို ကူညီပေးရမလဲဆိုတာကို အာရုံစိုက်သွားမယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

ယူအီးအက်ဖ်အေက ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့သည့် ဘာစီလိုနာအသင်းကို ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ရန် စီစဉ်

ဘာစီလိုနာ ဇွန် ၄

ဘာစီလိုနာ အသင်းသည် ယူအီးအက်ဖ်အေက ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းကို ဘောလုံးရာသီ နှစ်ရာသီ ဆက်တိုက် ချိုးဖောက်ခဲ့သောကြောင့် ချန်ပီယံလီဂ်ပြိုင်ပွဲတွင် ရမှတ်လျှော့ ပြစ်ဒဏ်ချမှတ်ရန် စီစဉ်နေကြောင်း သိရသည်။

ဘာစီလိုနာအသင်းအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းမှ ကျော်ဖြတ်နိုင်ရန် ၂၀၂၂ ခုနှစ်စတင်ကာ လာမည့် ၂၅ နှစ်အတွင်း ရုပ်သံထုတ်လွှင့်မှု ၁၀ ရာခိုင်နှုန်းရောင်းချမှုမှ ယူရို ၂၆၇ သန်းအပါအဝင် နောက်ထပ် ၁၅ ရာခိုင်နှုန်းရောင်းချမှုမှ ယူရို သန်း ၄၀၀ ထိ ရရှိခဲ့သော်လည်း FFP စည်းမျဉ်းနှင့် ကိုက်ညီမှုမရှိခဲ့ခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေ အားကစားဆိုင်ရာခုံသမာဓိရုံးက ထုတ်ပြန်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းတွင် အဆိုပါဝင်ငွေများကို ထည့်သွင်းတွက်ချက်မည် မဟုတ်သောကြောင့် ဘာစီလိုနာအသင်း အနေဖြင့် နှစ်နှစ်ဆက်တိုက် ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်ခဲ့သည့်အတွက် ရမှတ်လျှော့ပြစ်ဒဏ် ကျခံရမည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ချန်ပီယံလီဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ထိ တက်ရောက်ခဲ့သော်လည်း အင်တာမီလန်အသင်းကို ရှုံးနိမ့်မှုကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး လာမည့်နှစ်တွင် ရမှတ်လျှော့ပြစ်ဒဏ် ကျခံရမည်ဖြစ်သော်လည်း ချန်ပီယံလီဂ်ပြိုင်ပွဲတွင် ဆုဖလားရယူနိုင်မည့် အသင်းအဖြစ် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

အေစီမီလန်အသင်းက မိုဒရစ်ကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူရန်ပြင်ဆင်

မီလန် ဇွန် ၄

အေစီမီလန် အသင်းက လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည့် ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်ကို ကာလတိုစာချုပ်တစ်ရပ်ဖြင့် ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိ မိုဒရစ်သည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က စပါးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာ အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး အသင်းနှင့်အတူ ချန်ပီယံလီဂ်ဖလား၊ စပိန်လာလီဂါဖလားတို့ အပါအဝင် ဆုဖလားများစွာကို ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းနှင့် မိုဒရစ်တို့ စာချုပ်သက်တမ်းမှာ ယခုလအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိခဲ့သည့်အတွက် အသင်းနှင့် လမ်းခွဲသွားမည်ဖြစ်သည်။

မိုဒရစ် ကိုယ်တိုင်ကလည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်လမ်းခွဲမည်ဖြစ်သော်လည်း ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးသည့်အတွက် အေစီမီလန်အသင်းကလည်း အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

ပလတ်စတစ်လျှော့ချသုံးစွဲခြင်းဖြင့် မိမိကိုယ်မိမိဂုဏ်ယူပါ

ကျော်တင့်(ရွှေခရမ်း)

လူသားတို့သေဆုံးမှုတွင် ရောဂါဘယအမျိုးမျိုးကြောင့် သေဆုံးသည်ဟုယေဘုယျသုံးသပ်ကြသော်လည်း ထိုရောဂါများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် များစွာသက်ဆိုင်လျက်ရှိသည်။ ပတ်ဝန်းကျင်ညစ်ညစ်မှုများအနက် လူသားတို့၏နေ့စဉ်ဘဝအတွက် အဓိကခြိမ်းခြောက်နေသည်မှာ ပလတ်စတစ်ညစ်ညမ်းမှုဖြစ်သည်။

ပလတ်စတစ်ညစ်ညမ်းမှုသည် ဆယ်စုနှစ်များစွာကမ္ဘာမြေ၏နေရာအနှံ့တွင် သေးငယ်သောမိုက်ခရိုပလတ်စတစ်ပုံစံဖြင့် စိမ့်ဝင်ပျံ့နှံ့လျက်ရှိသည်။ အချင်း ငါးမီလီမီတာထိရှိသော ပလတ်စတစ်အမှုန်အမွှားများသည် အစားအစာ၊ ရေနှင့် လေထဲသို့ ပျံ့နှံ့နေပြီး သောက်သုံးသောရေ၊ စားသုံးသောအစားအစာနှင့် ရှူရှိုက်သည့်လေထုမှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လျက်ရှိသည်။ ကမ္ဘာပေါ်ရှိ လူတစ်ဦးစီသည် ယေဘုယျအားဖြင့် တစ်နှစ်လျှင် ပလတ်စတစ်အမှုန်အမွှား ၅၀၀၀၀ ကျော်နှင့်အထက် ခန္ဓာကိုယ်အတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလျက်ရှိကြောင်း ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်က ထုတ်ပြန်သည့်သတင်းအချက်အလက်များအရ သိရသည်။

ပလတ်စတစ်သည် လူတို့ဖန်တီးထားသော အော်ဂဲနစ်ပိုလီမာ(Organic Polymer)တစ်မျိုးဖြစ်ပြီး ရေနံစိမ်း၊ ကျောက်မီးသွေး၊ သစ်စေး စသည့် ကုန်ကြမ်းသုံးမျိုးဖြင့် ထုတ်လုပ်သည်။ ပလတ်စတစ်သည် ဝယ်ယူသုံးစွဲရန် စျေးနှုန်းသက်သာခြင်း၊ သယ်ယူရာတွင် လွယ်ကူခြင်း၊ ထုပ်ပိုးရာတွင် ပေါ့ပါးကြံ့ခိုင်ခြင်း၊ ကြာရှည်ခံခြင်း၊ စွန့်ပစ်ရန်လွယ်ကူခြင်း၊ ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုးထုတ်လုပ်ရန် လွယ်ကူခြင်းတို့ကြောင့် လူသားတို့၏ နေ့စဉ်လူနေမှုဘဝအတွက် မရှိမဖြစ်ပစ္စည်းတစ်ခုအဖြစ် အသုံးပြုနေကြသည်ကိုတွေ့ရသည်။ အလွန်သေးငယ်သော မိုက်ခရိုပလတ်စတစ်ဆိုသည်မှာအရွယ်အစားကြီးမားသော စွန့်ပစ်ပလတ်စတစ်များ ဆွေးမြည့်ပျက်စီးရာမှ ဖြစ်ပေါ်လာသည့် ငါးမီလီမီတာ သို့မဟုတ် ၎င်းထက် ပိုမိုသေးငယ်သောအရာများကိုခေါ်ဆိုခြင်းဖြစ်သည်။ ပလတ်စတစ်အမှိုက်သည် ပေါ့ပါးလွန်း၍ လေနှင့်အတူသော်လည်းကောင်း၊ ရေစီးကြောင်းဖြင့်သော်လည်းကောင်းနေရာအနှံ့အပြားရောက်ရှိသွားသည်။ ယနေ့ကာလတွင် ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာ့အဖြင့်ဆုံးဇေရက်တောင်ထိပ်မှ အနက်ရှိုင်းဆုံးသမုဒ္ဒရာများအထိရှိနေကြသည်။ ပလတ်စတစ်သည် မြေဆီလွှာကိုပျက်စီးဆုံးရှုံးစေသဖြင့် စိုက်ပျိုးထားသောသီးနှံများ အထွက်နှုန်းလျော့နည်းမှုကိုဖြစ်စေခြင်းနှင့် သီးနှံပင်များပျက်စီးခြင်းဖြစ်စေသည်။

ပလတ်စတစ်သည် စက္ကူ၊ သစ်ရွက်မှိုက်၊ သစ်ဝါးစသည့် အော်ဂဲနစ်ပစ္စည်းများကဲ့သို့ ဆွေးမြည့်ကွယ်ပျောက်ခြင်းမရှိဘဲ နှစ်ပေါင်းများစွာတည်မြဲနိုင်သည်။ မီးရှို့ဖျက်ဆီးမည်ဆိုပါကလည်း အီသိုင်လင်းအောက်ဆိုက်နှင့်ဒိုင်အောက်စင် စသည့်အန္တရာယ်ဖြစ်စေတတ်သော ဓာတ်ငွေ့များထွက်ရှိလာသဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေပြီး ၎င်းအငွေ့များကို ရှူရှိုက်မိသည့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် လူ၏သွေးနှင့် ဆီးထဲကိုရောက်ရှိပြီး ကင်ဆာရောဂါဖြစ်နိုင်သည်။ စွန့်ပစ်ပလတ်စတစ်များကြောင့် မြေဆီလွှာပျက်စီးခြင်း၊ ဂေဟစနစ်ပျက်စီးခြင်း၊ ရေအရည်အသွေးကျဆင်းခြင်း၊ အပင်များပေါက်ရောက်ရှင်သန်မှုနှင့် သားငှက်တိရစ္ဆာန်များ၊ ကုန်းနေရေနေသတ္တဝါများ၏ ရှင်သန်မှုများတွင်ပါ ထိခိုက်ပျက်စီးခြင်းတို့ဖြစ်ပေါ်လာသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ရေနေသတ္တဝါများက အစာအဖြစ်မှား၍ စားသောက်မိသောကြောင့် အဏ္ဏဝါသတ္တဝါများသေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ လေ့လာမှုအရနှစ်စဉ် ပလတ်စတစ်အမှိုက် တန်ချိန် ၁၁ သန်းခန့်သည် ရေနေဂေဟစနစ်အတွင်း သို့စီးဝင်လျက်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်ထဲရှိပလတ်စတစ်ပမာဏသည် ရေနေသတ္တဝါများ၏အရေအတွက်ထက် ပိုမိုများပြားလာနိုင်သည်ဟုသိရသည်။ စိုက်ပျိုးရေးသွင်းအားစုများတွင် ပလတ်စတစ်အသုံးပြုမှုကြောင့် စိုက်ပျိုးမြေမြေဆီလွှာများ အဆိပ်သင့်ညစ်ညမ်းလာပြီး ပလတ်စတစ်ညစ်ညမ်းမှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးနှစ်စဉ်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံမှ ၆၀၀ ဘီလီယံကြားရှိကြောင်း ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ်(UNEP)က ထုတ်ပြန်ထားသည်။

ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ် (UNEP)က ကမ္ဘာတစ်ဝန်းတွင် ပလတ်စတစ်နှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ နှစ်စဉ်ထုတ်လုပ်မှုသည် ၂၀၀၀ ပြည့်နှစ် ပလတ်စတစ်ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက နှစ်ဆတိုးလာပြီး ၂၀၆၀ ပြည့်နှစ်တွင် သုံးဆခန့်တိုးလာမည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၄၀၀ ကျော်ထုတ်လုပ်နေပြီး ၎င်းတို့အနက် ၁၀ ရာခိုင်နှုန်းအောက်ကိုသာ ပြန်လည်အသုံးပြုလျက်ရှိသည်။ ယနေ့ကာလတွင် မြို့ပြ၊ ကျေးလက် နေရာစုံတွင် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများကို လွယ်လင့်တကူ အသုံးပြုလာကြသည်ကို တွေ့မြင်နေရသည်။

ပလတ်စတစ်ညစ်ညမ်းမှုသည် စိုးရိမ်စရာကိစ္စရပ်ဖြစ်သော်လည်း ယနေ့ခေတ်လူမှုပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်သည့်နည်းလမ်းများလည်းဖြစ်သည်။ ပလတ်စတစ်ကို မဖြစ်မနေ အသုံးပြုရန်လိုအပ်သည့်နေရာများတွင်သာ အသုံးပြု၍ တတ်နိုင်သမျှရှောင်ရှားရန်ဖြစ်သည်။ ပလတ်စတစ်အသုံးပြုမှုကို 5R နည်းစနစ်များကိုကျင့်သုံးပြီး ပလတ်စတစ် အသုံးပြုမှုလျှော့ချရမည်ဖြစ်သည်။ ငြင်းပယ်ခြင်း(Reject)ဆိုသည်မှာ စျေးဝယ်သောအခါ ကျွတ်ကျွတ်အိတ်အသစ်ပေးလျှင် မယူပါနဲ့ ငြင်းပယ်ခြင်းဖြစ်သည်။ လျှော့ချခြင်း(Reduce)ဆိုသည်မှာ ပလတ်စတစ်ကို မဖြစ်မနေသုံးစွဲရမည်ဆိုပါက နှစ်အိတ်သုံးရမည့်နေရာတွင် တစ်အိတ်တည်းသာ သုံးစွဲခြင်း၊ ပစ္စည်းများကိုပေါင်းထည့်ခြင်းနှင့် စက္ကူအိတ်ကဲ့သို့ အလွယ်တကူဆွေးမြည့်နိုင်သည့် ထုပ်ပိုးပစ္စည်း အသုံးပြုခြင်းတို့ဖြစ်သည်။ ပြန်လည်အသုံးပြုခြင်း(Reuse)ဆိုသည်မှာ မိမိအိမ်တွင် ရှိနေသည့် ကျွတ်ကျွတ်အိတ်အဟောင်းကိုမပေါက်မပြဲမချင်းရေဆေးပြီး ပြန်လည်သုံးစွဲခြင်းဖြစ်သည်။ (Recycle)ဆိုသည်မှာ အသုံးပြုပြီးသည့် ပလတ်စတစ်အိတ်များနှင့် ပစ္စည်းများကိုအသုံးပြု၍ရနိုင်သော နေရှေ့ ပြန်လည်အသုံးပြုခြင်းဖြစ်သည်။ အသုံးပြုနိုင်သောနေရာသို့ ပြန်လည်ပေးပို့ခြင်း(Return)ဆိုသည်မှာ စျေးဝယ်သောအခါ ဆိုင်မှပစ္စည်းထည့်ပေးလိုက်သည့် ပလတ်စတစ်အိတ်ကို အိမ်သို့ရောက်လျှင် ပစ္စည်းများလှယ်ပြီး ထိုသို့ပြန်ပေးခြင်းဖြစ်သည်။

ဧည့်ခံပွဲများ၊ သင်တန်းများတွင်အစားအသောက်များကျွေးမွေးရာ၌ တစ်ခါသုံးပလတ်စတစ်ခွက်များ အစားဖန်ခွက်၊ စတီးခွက်နှင့် ကြွေပန်းကန်၊ စတီးပန်းကန်များကို အသုံးပြုခြင်း၊ ပလတ်စတစ်အိတ်များအစား အင်ဖက်၊ ၄က်ပျောဖက်များ အစားထိုး အသုံးပြုခြင်း၊ စက္ကူအိတ်နှင့်စက္ကူပုံးများအသုံးပြုခြင်းတို့ဖြင့် ပလတ်စတစ်သုံးစွဲမှုကိုလျှော့ချနိုင်မည်ဖြစ်သည်။

ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်ပြီးလူတစ်ဦးချင်းတစ်ယောက်တိုင်းမှစ၍ ပလတ်စတစ်ကိုလျှော့ချသုံးစွဲသွားရမည်ဖြစ်သည်။ နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်နိုင်၊ မိမိကလိုက်နာလည်းတစ်ခြားသူတွေကမလိုက်နာရင်မထူးပါဘူးဟု မတွေးရန်လိုသည်။ မိမိကမဆင်မခြင်သုံးစွဲလိုက်သည့် ပလတ်စတစ်အမှိုက်တစ်စသည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်။ ကမ္ဘာမြေကြီး သာယာလှပရေးနှင့် သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လူသားအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်။ ကမ္ဘာကြီးတွင်ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို အတူတကွဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ၁၉၇၂ ခုနှစ် ဇွန် ၅ ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ လူသားနှင့်ပတ်ဝန်းကျင်ဟူသည့်ခေါင်းစဉ်ဖြင့် ညီလာခံကျင်းပခဲ့သည်။ အဆိုပါညီလာခံကျင်းပသည့် ဇွန်၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဟုသတ်မှတ်ခဲ့သည်။ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့်ဆောင်ရွက်ပေး" ဖြစ်သည်။ အဆိုပါဆောင်ပုဒ်နှင့်အညီ သဘာဝပတ်ဝန်းကျင်၌ ပလတ်စတစ်ညစ်ညမ်းမှုကို အဆုံးသတ်စေရန် ပလတ်စတစ်သုံးစွဲခြင်းကို လျှော့ချသုံးစွဲခြင်းဖြင့် မိမိကိုယ်မိမိဂုဏ်ယူစွာနေထိုင်ရန် ရေးသားလိုက်ရပါသည်။

ကိုးကား

– Myanmar Digital news by www.unep.com

> ❖ ပလတ်စတစ်သည် လူတို့ဖန်တီးထားသော အော်ဂဲနစ်ပိုလီမာ (Organic Polymer)တစ်မျိုးဖြစ်ပြီး ရေနံစိမ်း၊ ကျောက်မီးသွေး၊ သစ်စေး စသည့်ကုန်ကြမ်းသုံးမျိုးဖြင့် ထုတ်လုပ်သည်။ ပလတ်စတစ်သည် ဝယ်ယူသုံးစွဲရန် စျေးနှုန်းသက်သာခြင်း၊ သယ်ယူရာတွင် လွယ်ကူခြင်း၊ ထုပ်ပိုးရာတွင် ပေါ့ပါးကြံ့ခိုင်ခြင်း၊ ကြာရှည်ခံခြင်း၊ စွန့်ပစ်ရန်လွယ်ကူခြင်း၊ ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုးထုတ်လုပ်ရန် လွယ်ကူခြင်းတို့ကြောင့် လူသားတို့၏နေ့စဉ်လူနေမှုဘဝအတွက် မရှိမဖြစ်ပစ္စည်းတစ်ခုအဖြစ် အသုံးပြုနေကြသည်ကို တွေ့ရသည်။ ❖

မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဇော ၁၉၅၀၀စိုက်ပျိုးမည်

မော်လိုက် ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဇော ၁၉၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဇော ၁၉၅၀၀ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇွန်လ ၃တိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ စပါး ဇော ၁၉၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထား ဇောပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် စပါးစိုက်ပျိုးမည့်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီ ရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

"ရှယ်အော်လံ" အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားကြီးကို ဇွန်လထဲမှာ ထုတ်လွှင့်တင်ဆက်သွားမည်

ရန်ကုန် ဇွန် ၄

CANAL+ ZAT LENN အခပေး ရုပ်မြင်သံကြားလိုင်းမှ "ရှယ်အော်လံ" အမည်ရှိ မြန်မာရုပ်ရှင် ဇာတ်ကားကြီးကို ဇွန်လပတ်ထဲတွင် မြန်မာရုပ်မြင်သံကြားဇာတ်လမ်းအဖြစ် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသူ အကယ်ဒမီခြူးလေးထံမှသိရသည်။

"ရှယ်အော်လံ"အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားကြီး၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်က ရေးသားထားပြီး မင်းကိုစိုး (နတ်သံကွင်း) က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ အကယ်ဒမီ ကိုဇော် (အရုဏ်ဦး) က The Ray Film ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသည့် အချစ်ဟာသ ဇာတ်ကားတစ်ကားလည်းဖြစ်ကာ CANAL+ ZAT LENN အခပေး ရုပ်မြင်သံကြားလိုင်းမှ တစ်ပိုင်းတည်းအပြီး မြန်မာရုပ်မြင်သံကြား ဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်သည်ဟု သိရသည်။

"ရှယ်အော်လံ" ရုပ်ရှင်ကြီးမှာ ခြူးလေးနဲ့ မကြီးစိုး (ခ) စိုးမြတ်သူဇာနဲ့က သားအမိတွေပေါ့။ မကြီးစိုးရဲ့သမီးအကြီးမပေါ့။ သူကတော့ အမျိုးသမီးတက္ကစီမောင်းတဲ့သူပေါ့နော်။ တကယ်တော့ ဒီဇာတ်ကားမှာ ခြူးလေးက မိဖုရားဖြစ်ချင်တာမဟုတ်ဘူး။ ဘုရင်မဖြစ်ချင်တာ။ ကိုယ်ချစ်ရတဲ့ ယောကျ်ားကိုပဲယူနိုင်ရမယ် ဆုံးဖြတ်ထားတဲ့ အချစ်ကိုရှေ့တန်းတင်သူ နုနုဆွေနေရာက သရုပ်ဆောင်ထားပါတယ်။ တကယ်တော့ သူချစ်တဲ့သူကိုသာယူချင်တဲ့သူပေါ့။ အလွဲလေးတွေ၊ အမှားလေးတွေ တချို့လဲ ဒီဇာတ်ကားမှာ ပါပါတယ်" ဟု အကယ်ဒမီခြူးလေးက ပြောပြ၍ သိရသည်။

အဆိုပါ ရှယ်အော်လံ အမည်ရှိ မြန်မာရုပ်ရှင် ဇာတ်ကားကြီးတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် အကယ်ဒမီနေဝင်း၊ မိုးဒီ၊ ခင်လှိုင်၊ ၄က်ပျောကြော်၊ တိုင်ရွှန်၊ ရန်ပြေ၊ သွက်လက်၊ စိုးမြတ်သူဇာ၊ နော်ဖောအယ်ထား၊ ခြူးလေး၊ စုရှိုင်းနှင့် သရုပ်ဆောင်များစွာပါဝင်ကြောင်း သိရသည်။ ASH

Good People Bad Things ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး အစ်ဆာရေး ပါဝင်မည်

နယူးယောက် ဇွန် ၄

အမ်အာရီစီ ရုပ်ရှင် ကုမ္ပဏီ၏ Good People Bad Things အမည်ရှိ လျှို့ဝှက်သည်းဖို ဟာသ ဇာတ်ကား၌ မင်းသမီး အစ်ဆာရေး ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါဇာတ်ကား၏ ချောက်ချားစရာ ကားရပ်နားကွင်းတစ်ခုထဲ ပိတ်မိနေသော အမျိုးသမီးတစ်ဦး၏အဖြစ်ကိုဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

မင်းသမီး အစ်ဆာရေးသည် အမ်အာရီစီ ကုမ္ပဏီ၏ The Love birds (2020) ဇာတ်ကားနှင့် American Fiction (2023) ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

Good People Bad Things ဇာတ်ကား၌ ဒါရိုက်တာ နီနီယန်ဒေါ့ကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ နီနီယန်ဒေါ့က တာဝန်ယူ ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် Good People Bad Things ဇာတ်ကား ရိုက်ကူးမည့်အချိန်နှင့် ရုံတင်ပြသမည့်အချိန်များကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးမည့်အစီအစဉ်တွင် ထပ်ဆင့်အကယ်ဒမီ ရန်အောင်က အလှူငွေကျပ် ၁၀ သိန်း လှူဒါန်း

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးမည့် အစီအစဉ်တွင် ထပ်ဆင့်အကယ်ဒမီ ရန်အောင်က အလှူငွေကျပ် ၁၀ သိန်းကို ဇွန် ၃ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

ယင်းကဲ့သို့ ထောက်ပံ့ပေးနိုင်ရန်အတွက် ကျောင်းနေအရွယ် သားသမီးရှိသူ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများကို ယခုဇွန်လအတွင်း အသင်းဝင်ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ အခြေခံပညာ ကျောင်းများမှ ထောက်ခံချက် မူရင်းများဖြင့် ဆက်သွယ်လျှောက်ထားရန် ဖိတ်ခေါ်ထားကြောင်း ဦးအေးကြူလေးက ပြောပြသည်။

"ဒီအစီအစဉ်ကတော့ အရင်ကတည်းကရှိခဲ့တဲ့ အစဉ်အလာဖြစ်ပါတယ်။ ဒီနှစ်မှာလည်း အရင်အစဉ်အလာတိုင်း ကျောင်းနေအရွယ်ကလေးတွေရှိနေတဲ့ ရုပ်ရှင်လောကသားတွေကို ကူညီထောက်ပံ့ပေးဖို့အစီအစဉ်တွေ လုပ်ဆောင်လျက်ရှိပါတယ်။ အစည်းအရုံးနဲ့ အတူ အလှူရှင် စေတနာရှင်တွေ ပူးပေါင်းပါဝင်မှုနဲ့ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင် စသဖြင့် စုံစုံလင်လင် ထောက်ပံ့ပေးသွားဖို့ရှိပါတယ်။ လက်ရှိမှာလဲ အကယ်ဒမီ ကိုရန်အောင်အပါအဝင် ရုပ်ရှင်လောကသားတွေ အလှူငွေတွေ လာရောက်လှူဒါန်းထားပါတယ်" ဟု ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့မှုကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်အစည်းအရုံး အလွှာအသီးသီးမှ လောကသားအားလုံး လျှောက်ထားပါက ပံ့ပိုးသွားမည်ဖြစ် ကြောင်းသိရသည်။

ASH

A Place In Hell ဇာတ်ကား၌ မင်းသားအန်ဒရူးစကော့ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇွန် ၄

အမ်ဘာရီစီ ရုပ်ရှင်ကုမ္ပဏီ၏ A Place In Hell အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကား၌ မင်းသားအန်ဒရူးစကော့ ပါဝင်မည် ဖြစ်ကြောင်း ဇွန် ၃ ရက် သတင်းများအရ သိရသည်။

A Place In Hell ဇာတ်ကားတွင် အန်ဒရူးစကော့သည် မင်းသမီးမစ်ချဲလ်ဝီလျံ၊ ဒေစီအင်ဂျျုံးစ်တို့နှင့်အတူ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

A Place In Hell ဇာတ်ကားသည် ဥပဒေအေကျိုးဆောင်ကုမ္ပဏီတစ်ခုမှ အမျိုးသမီးတစ်ဦး ရင်ဆိုင်ရမည့်အဖြစ်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် မှုခင်းလျှို့ဝှက်သည်းဖို ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ခလိုဒိုးမန့်ကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကပင် ရေးသားထားသည်။

မင်းသား အန်ဒရူးစကော့သည် ယခုနှစ်အတွင်း ရုံတင်ပြသမည့် Netflix ၏ Knives Out : Wake Up Dead Man တွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

လက်ရှိအချိန်တွင် A Place In Hell ဇာတ်ကား ရိုက်ကူးမည့်နေ့နဲ့ ရုံတင်ပြသမည့်တို့ကို မသိရသေးပေ။

Ref : Russia Today
Trs : KKO

ရှေနဒီရှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် "မကျိုးကို ဘယ်လိုပြောရပါ့" ဇာတ်လမ်းတွဲ စတင်ရိုက်ကူး

ရန်ကုန် ဇွန် ၄

ရှေနဒီရှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် "မကျိုးကို ဘယ်လိုပြောရပါ့" ဇာတ်လမ်းတွဲ စတင်ရိုက်ကူးခြင်း အခမ်းအနားကို ဇွန် ၃ ရက်က ရန်ကုန်တိုင်ဒေသကြီး ဒဂုံမြို့နယ်ရှိမဟာဝိဇယ စေတီတော်ကြီးတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲကို တာဝန်ယူ ရိုက်ကူးပုံဖော်မည့် ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်) ထံမှ သိရသည်။

အဆိုပါ ဇာတ်လမ်းတွဲသည် စာရေးဆရာမ ခင်လှိုင်ကြူ၏ အောင်မြင်ထင်ရှားသည့် "မကျိုးကို ဘယ်လိုပြောရပါ့" ဝတ္ထုကို ရှေပြည့်က ဇာတ်ညွှန်းရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်) က ရှေနဒီရှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ ပထမဦးဆုံး ဇာတ်လမ်းတွဲလေးပါ။ ဇာတ်လမ်းတွဲအမည်ကိုလည်း စာရေးဆရာမ ခင်လှိုင်ကြူရဲ့ဝတ္ထုထဲကအတိုင်း "မကျိုးကို ဘယ်လိုပြောရပါ့" လို့ပေးထားပါတယ်။ ဒီဝတ္ထုလေးကို ကျွန်တော်လူပျိုဘဝထဲက အရမ်းကြိုက်တယ်။ ကျွန်တော် ဒါရိုက်တာဖြစ်ရင်ရိုက်မယ်စိတ်ကူးခဲ့ဖူးတယ်။ ရှေ့မှာလည်း ရုပ်ရှင်တွေရိုက်ထားဖူးတာမို့ ရုပ်ရှင်တစ်ကားအနေနဲ့ ဖန်တီးမယ်ဆိုရင် ကျွန်တော့် အတွက် စိန်ခေါ်မှုမရှိတာမို့ ဇာတ်လမ်းတွဲအနေနဲ့ ရိုက်ကူးဖို့လုပ်ခဲ့တာပါ" လို့ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်)က ပြောပြသည်။

"မကျိုးကို ဘယ်လိုပြောရပါ့" ဇာတ်လမ်းတွဲတွင်သရုပ်ဆောင်များအဖြစ် ညီထွဋ်ခေါင်၊ ထူးအောင်၊ မှားထိပ်ထား၊ သဇင်နွယ်ဝင်း အပါအဝင် သရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ပြီး အပိုင်း (၁၆) ပိုင်းပါဝင်မည် ဖြစ်ကြောင်း သိရသည်။

ASH

Homalin Township to grow more than 64,000 acres of monsoon paddy this year

A monsoon paddy plantation in Homalin Township.

Homalin June 4

Local farmers will grow more than 64,000 acres of monsoon paddy in Homalin Township of Sagaing Region this year, according to Homalin Township Agriculture Department.

For the 2025-2026 monsoon cropping season, it is planned to cultivate 64,290 acres of monsoon paddy in Homalin Township. This cultivation is scheduled to take place from June to September of this year.

"This year, during the monsoon cropping season, over 64,000 acres of monsoon paddy are planned to be grown in Homalin Township. We will carry out necessary measures to ensure the full target acreage is cultivated. We will provide the necessary technology and quality seeds for monsoon paddy cultivation. To help farmers plant on time, we will also conduct on-site field support," said Daw Su Su Htwe, Head of the Homalin Township Department of Agriculture.

In order to ensure systematic monsoon paddy cultivation without difficulties this year, cooperation between the relevant township agriculture department and local farmers will be carried out.

Farmers in Homalin Township will be provided with agricultural technical assistance, pest and disease prevention awareness, guidance to prevent crop loss, and post-harvest support to ensure timely storage of harvested paddy under proper cover.

This year, in order to ensure success and high yields from monsoon paddy fields in Homalin Township, staff from the township agriculture department will provide field-level technical assistance such as selecting quality and pure seeds, preventing pest infestations, weeding and thinning, removing inferior varieties, and applying fertilizers systematically. 206

Mingin Township to grow more than 32,000 acres of monsoon paddy this year

Mingin June 4

Statistics of Mingin Township Agriculture Department of Sagaing Region stated that local authorities earmarked to grow more than 32,000 acres of monsoon paddy in Mingin Township.

For the 2025-2026 monsoon crop season, it has been planned to cultivate monsoon paddy on 32,783 acres in Min Kin Township. This paddy cultivation is scheduled to take place from June to September this year.

Daw Hayman Kyaw Win, the Head of the Min Kin Township Agriculture Department, stated, "This year, during the monsoon cropping season, we plan to grow over 32,000 acres of monsoon paddy in Min Kin Township. Efforts will be made to meet the full targeted acreage. We will also provide the necessary technologies and quality seed varieties for monsoon paddy cultivation. Fieldwork will be carried out to assist farmers in planting on time."

It is reported that in order to ensure smooth and systematic cultivation of monsoon paddy without any difficulties, the respective township agriculture department will collaborate with local farmers throughout this cropping season.

In Min Kin Township, farmers growing monsoon paddy will be given agricultural technical support, awareness training on pest prevention, advice on preventing crop losses, and guidance on timely post-harvest processes to ensure the paddy is protected and stored under shelter.

To ensure the success and high yield of this year's monsoon paddy fields in Min Kin Township, the township agriculture department staff will conduct field visits and provide agricultural support such as selecting high-quality and pure seed varieties, preventing pest infestations, ensuring proper weeding and plant spacing, removing off-type varieties, and using fertilizers appropriately and systematically.

206

Plan underway to cultivate over 27,000 acres of sweet corns in Yinmabin Township this monsoon

Yinmabin June 4

This year, Yinmabin District of Sagaing Region will place more than 27,000 acres of croplands under sweet corns, according to Yinmabin District Agriculture Department.

For the 2025–2026 monsoon crop season, in Yinmabin District, Yinmabin Township will grow 11,500 acres of sweet corns, Kani Township: 2,156 acres, Salingyi Township: 2,962 acres and Pale Township: 11,087 acres, totalling 27,705 acres. It is reported that the planting will begin in June this year and continue until December.

Daw Myat Moe Win, the Head of the Yinmabin District Department of Agriculture, stated:

"This year, for the upcoming monsoon crop season, over 27,000 acres of sweet corn are planned to be cultivated in Yinmabin District. We will work to ensure that the planned acreage is fully cultivated. To ensure successful growth of the corn crops, we will provide educational support and raise awareness to prevent pest and disease outbreaks."

In addition, this year, for farmers growing seed corn and sweet corn in Yinmabin District, the respective township-level Departments of Agriculture will provide training, conduct field demonstrations, implement preventive measures against armyworms, and promote integrated pest management techniques. These include the use of neem-based pesticides, the application of natural remedies like ginger and chili-based solutions, and general agricultural education.

It is also reported that for maize, each acre is expected to yield over 50 baskets, with a cultivation cost of around K500,000 per acre. For sweet corn, each acre is expected to yield 15,000 ears of corn, with a cultivation cost also exceeding K500,000 per acre.

206

14 militants killed in military operation in NW Pakistan

Islamabad June 4

Pakistani security forces killed 14 militants in an intelligence-based operation in the North Waziristan district of the country's northwestern Khyber Pakhtunkhwa province, the military said on Wednesday.

The Inter-Services Public Relations (ISPR), the media wing of the Pakistan army, said the security forces conducted the operation on Monday and Tuesday in the Datta Khel area of North Waziristan District.

According to the ISPR, the operation was launched following credible intelligence about the presence of militants in the area allegedly linked to a foreign-backed group.

"During the operation, troops effectively engaged the militant hideout. After an intense exchange of fire, 14 terrorists were killed," added the military.

The military referred to the group as being sponsored by external elements, adding that the action was part of ongoing efforts to neutralize threats posed by foreign-influenced militant networks operating in the region.

Following the clash, clearance operations were initiated to eliminate any remaining militants in the vicinity and secure the area, said the military.

The military reaffirmed its resolve to continue combating terrorism in all its forms and manifestations, emphasizing its commitment to safeguarding national security and regional stability.

Xinhua

Italy's PM, French president hold talks in Rome

Rome June 4

Italy's Prime Minister Giorgia Meloni on Tuesday welcomed French President Emmanuel Macron and the two leaders held bilateral talks on various issues, including trade, and relationships with the United States, according to Italian media.

The French president was greeted with the guard of honour at Palazzo Chigi, and Meloni and Macron were seen shaking hands and smiling for cameras before entering the government palace.

The bilateral talks were expected to help dispel recent tensions between the two countries, Ansa news agency reported. France and Italy are traditional allies, and the second and third-largest economies in the European Union (EU), respectively, but the two governments have been at odds over a number of issues, and are politically distant: Meloni leads a right-wing, nationalist cabinet, while Macron is centrist and strongly pro-European.

According to Ansa, the two leaders also differ from each other in their approach to the United States, with Meloni seeking to build close ties with President Donald Trump -- and play a negotiating role between the United States and the EU on tariffs -- and Macron advocating a more independent EU's stance.

Xinhua

Italian Prime Minister Giorgia Meloni (L, Front) and French President Emmanuel Macron (R, Front) inspect a guard of honor at Palazzo Chigi in Rome, Italy, on June 3, 2025.

Local farmers to grow more than 24,000 acres of vegetables in Sagaing Township this monsoon

A vegetable plantation in Sagaing Township.

Sagaing June 4

Statistics of Sagaing Township Agriculture Department stated that local farmers will grow more than 24,000 acres of vegetables in Sagaing Township of Sagaing Region this monsoon.

For the 2025-2026 monsoon cropping season, it has been planned to cultivate 24,330 acres of vegetables in Sagaing Township. This cultivation will begin in the third week of May this year.

"This year, during the monsoon cropping season, over 24,000 acres of vegetables are planned to be cultivated in Sagaing Township. Efforts will be made to meet this targeted acreage. The crops include roselle, chilli, aromatic herbs, potatoes, okra, cabbage, spicy, and eggplant. All these vegetables will be cultivated using the GAP (Good Agricultural Practices) system, and farmers will be provided with the necessary technical support. Farmers will also receive guidance to minimize chemical residues in their produce and grow crops in a way that ensures they are healthy and safe," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, the Township Agriculture Department will provide training to vegetable farmers on how to use the GAP system. Technical assistance will also be given to ensure that vegetables produced from the farms are health-friendly. Additionally, support will be provided to help farmers expand their vegetable cultivation.

In Sagaing Township, various kinds of vegetables are cultivated seasonally every year. These crops have proven to be successful and have generated income for families. The Agriculture Department will continue to educate farmers on proper cultivation methods, pest prevention, use of natural fertilizers, natural pesticides, and repellents. 206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ChaungU Township to cultivate more than 1,300 acres of maize and sweet corns this monsoon

ChaungU June 4

Local authorities earmarked more than 1,300 acres of maize and sweet corns in ChaungU Township of Sagaing Region this monsoon, according to statistics of ChaungU Township Agriculture Department.

During the 2025-2026 monsoon cropping season, ChaungU Township has planned to cultivate a total of 1,350 acres, including 50 acres of maize and 1,300 acres of sweet corn. It is reported that cultivation will begin in June and continue until December of this year.

"The township plans to grow over 1,300 acres of maize and sweet corn during this year's monsoon cropping season. We will work to ensure the full target acreage is cultivated. To support the successful growth of these corn crops, we will provide educational awareness programs and implement pest and disease prevention measures," said U Tint Swe, Head of the ChaungU Township Department of Agriculture.

This year, the Department of Agriculture in ChaungU Township will conduct training for farmers growing maize and sweet corn. They will also organize demonstration field activities and provide pest prevention support for pests like the fall armyworm. Integrated pest management systems will be promoted, including the use of neem-based pesticides, ginger, and chili-based pest control methods, along with agricultural best practices.

In terms of yields and costs, one acre of maize is expected to produce over 50 baskets, with an estimated cultivation cost of K500,000 per acre. For sweet corn, approximately 15,000 ears of corn are expected per acre, with a cultivation cost of over K500,000 per acre. 206

Naga region to grow more than 1,000 acres of soya bean this monsoon

Nanyun June 4

According to Sagaing Region Agriculture Department, more than 1,000 acres of soya bean will be planted in Naga Self-Administered Zone in Sagaing Region this monsoon.

During the 2025-2026 monsoon crop season, it has been reported that a total of 1,258 acres of soya bean cultivation is planned across townships within the Naga Self-Administered Zone as follows: 311 acres in Leshi Township, 11 acres in Sommara Town, 349 acres in Lahe Township, 122 acres in Thangpakwe Township, 142 acres in Nanyun Township, 252 acres in Donhee Township, and 71 acres in Pansawng Township.

"This year, over 1,000 acres have been designated for soybean cultivation in the Naga Self-Administered Zone during the monsoon crop season. We will carry out efforts to ensure the full target area is cultivated. In addition, educational initiatives will be implemented to prevent pest infestations. Steps have also been taken to raise awareness among farmers and ensure access to quality seeds," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

It is understood that the relevant Township Agriculture Departments in the Naga Self-Administered Zone will provide guidance to soybean farmers on acquiring suitable and pure seed varieties appropriate to the region, proper cultivation methods, pest control, proper use of fertilizers, and improving crop yields.

During this year's monsoon crop season, collaborative efforts are underway with farmers to supply quality seeds, necessary inputs, and training on post-harvest technologies to enhance both the yield and quality of legume crops. 206

Plan underway to grow more than 2,000 acres of maize and sweet corns in Monywa Township this monsoon

Monywa June 4

According to the statistics of Monywa Township Agriculture Department, local authorities earmarked cultivation of more than 2,000 acres of maize and sweet corns in Monywa Township of Sagaing Region this monsoon.

For the 2025-2026 monsoon crop season, it is planned to cultivate a total of 2,054 acres in Monywa Township, comprising 1,804 acres of maize and 250 acres of sweet corn. The planting will take place from June to December of this year.

"The plan for this year's upcoming monsoon crop season in Monywa Township includes cultivating over 2,000 acres of maize and sweet corn. Efforts will be made to ensure that the target acreage is fully achieved. To ensure the success of maize cultivation, awareness campaigns will be conducted, and farmers will be educated on pest and disease prevention," said U Soe Thet Aung, head of the Monywa Township Agriculture Department.

This year, the Monywa Township Agriculture Department will provide training to farmers cultivating maize and sweet corn, conduct field demonstrations, implement preventive measures against pests such as fall armyworm, and educate farmers on integrated pest management methods. These include the use of neem-based insecticides and natural remedies such as ginger and chilli pest control, along with agricultural knowledge-sharing.

In Monywa Township, maize cultivation can yield over 50 baskets per acre, with a cultivation cost of around K500,000 per acre. For sweet corn, the expected yield is 15,000 ears per acre, with a cultivation cost of over K500,000 per acre. 206

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

ဂျာမနီ Argus Interception Gmbh ကုမ္ပဏီက ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသခဲ့

ဂျာမနီနိုင်ငံ Argus Interception Gmbh ဒရုန်းကုမ္ပဏီက ထုတ်လုပ်သော မောင်းသူမဲ့ တန်ပြန်ဒရုန်းတိုက်ဖျက်ရေး Argus Interceptor ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသစ်တစ်မျိုးကို ချက်သမ္မတနိုင်ငံ Brno မြို့တွင် ပြုလုပ်ခဲ့သည့် IDET 2025 ကာကွယ်ရေးပြပွဲအတွင်း ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် စစ်ဘက်နှင့် အရပ်ဘက်ပစ်မှတ်များအပေါ် ဒရုန်းခြိမ်းခြောက်မှုအန္တရာယ်များ ကြီးထွားလာသည်နှင့်အမျှ ကာကွယ်ရေးတပ်ဖွဲ့များနှင့် နိုင်ငံတော်လုံခြုံရေးအေဂျင်စီများအတွက် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်လုပ်ဆောင်နိုင်မည့်စနစ်မျိုးကို ပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

Argus ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် ကျစ်လျစ်ပေါ့ပါးပြီး အလွယ်တကူ အဆိုပါဒရုန်းသည် တပ်ဆင်အသုံးပြုနိုင်ကာ လိုအပ်သလိုအဆင့်မြှင့်တင်နိုင်သည့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး သို့မဟုတ် မောင်းသူမဲ့လေယာဉ် တန်ပြန်တိုက်ဖျက်ရေးစနစ်တစ်ခုဖြစ်ပြီး ဥာဏ်ရည်တုအခြေပြု ပစ်မှတ်ဖော်ထုတ်ရေးစနစ်ဖြင့် ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်လာသောဒရုန်းများကို အလိုအလျောက် ကြားဖြတ်ပစ်ချနိုင်စွမ်းရှိမည်ဖြစ်သည်။

ထို့ပြင် မလိုလားအပ်သောပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေဘဲ မြေပြင်သို့ ပြန်လည်ဆင်းသက်နိုင်စွမ်း ရှိမည်ဖြစ်သည်။ ထူးခြားသည့်ဖွဲ့စည်းပုံဖြင့် တည်ဆောက်ထားပြီး အသိဉာဏ်တုနည်းပညာ အသုံးပြုထားသည်။ စစ်ဆင်ရေးလုပ်ဆောင်နိုင်မှုနည်းလမ်းများမှာ နောက်မှ လိုက်တိုက်ခြင်း၊ ထိပ်တိုက်တိုက်ခိုက်ခြင်း၊ အကာအကွယ်ပေးခြင်းတို့ဖြစ်ပြီး ဒေတာအချက်အလက်များ လုံခြုံစွာသိမ်းဆည်းခြင်းနှင့် လက်ရှိ C4I ကြီးကြပ်ကွပ်ကဲမှုစနစ်များနှင့် အဆင်ပြေစွာပေါင်းစည်းအသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါကြားဖြတ်တိုက်ခိုက်မှုစွမ်းရည်များကို အထောက်အကူပြုနိုင်သော တာဝေးရှာရေဒါနှင့်ပေါင်းစပ်၍ မြေပြင်အခြေစိုက်၊ ယာဉ်တင် သို့မဟုတ် သယ်ဆောင်ရလွယ်ကူသော အပေါ့စားပုံစံမျိုးဖြင့် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါဒရုန်းကိုလေဆိပ်များ၊ နယ်စပ်ဒေသများ၊ ဓာတ်အားပေးရုံများ၊ ဆိပ်ကမ်းများ၊ အများပြည်သူပိုင်အဆောက်အအုံများနှင့် အရေးကြီးအခမ်းအနားများစသည့် ထိလွယ်ရှလွယ်သောနေရာများကို လွှမ်းခြုံကာကွယ်ပေးရန် ဒီဇိုင်းထုတ်ထားပြီး ယနေ့ခေတ်ဖြစ်ပေါ်နေသော လေကြောင်းခြိမ်းခြောက်မှုများအတွက် ပြောင်းလွယ်ပြင်လွယ်ရှိသော ဖြေရှင်းချက်တစ်ရပ်ပင်ဖြစ်သည်။

Argus Interception Gmbh ကုမ္ပဏီသည် ဝယ်ယူရေးသဘောတူစာချုပ်တန်ဖိုးများကို လျှို့ဝှက်ထားသော်လည်း၊ ဂျာမန်ဖက်ဒရယ်လုံခြုံရေး အေဂျင်စီများနှင့် ဥရောပလေဆိပ် အော်ပရေတာကြီးများ ထံမှ ကနဦးမှာယူမှုများ၊ ခေတ်ပြိုင်လုံခြုံရေးလိုအပ်ချက်များနှင့်အညီ တိုက်ပွဲဝင်အသင့် အသုံးပြုနိုင်မှုစနစ်တို့ကြောင့် စျေးကွက်တစ်ခု ခိုင်ခိုင်မာမာရရှိထားပြီးဖြစ်နိုင်သည်။ ဥရောပနိုင်ငံများမှကာကွယ်ရေးဝန်ကြီးဌာနများ၊ အမိမြေလုံခြုံရေးအေဂျင်စီများနှင့် ပုဂ္ဂလိကကဏ္ဍအရေးကြီး အခြေခံအဆောက်အအုံဆိုင်ရာ အော်ပရေတာများ၊ ဝယ်ယူရေးအမှာစာများနှင့်ပတ်သက်၍ ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

IDET 2025 ကာကွယ်ရေးပြပွဲတွင် Argus ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသခြင်းသည် ကိုယ်ပိုင်လုပ်ဆောင်နိုင်သည့် တန်ပြန်ဒရုန်းတိုက်ဖျက်သို့မဟုတ် မောင်းသူမဲ့လေယာဉ်တန်ပြန်တိုက်ဖျက်ရေးနည်းပညာတွင် ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ပင်ဖြစ်သည်။ ပိုက်ကွန်အသုံးပြု၍ ကြားဖြတ်တိုက်ခိုက်ခြင်း၊ အဆင့်မြင့် AI နည်းပညာသုံးစွမ်းရည်များနှင့် ဘက်စုံတပ်ဖြန့်အသုံးပြုနိုင်မှုတို့ ပေါင်းစပ်ထားသောကြောင့် ခေတ်မီကာကွယ်ရေးနှင့် အမိမြေလုံခြုံရေးတပ်ဖွဲ့များအတွက် အဆုံးအဖြတ်ပေးနိုင်သည့် စစ်ရေးစွမ်းအားစုတစ်ရပ်ပင်ဖြစ်ကြောင်း သိရသည်။

German firm launches Argus Interceptor counter UAS drone to neutralize battlefield drone threats at IDET 2025 ကို ဘာသာပြန်ဆိုထားပါသည်။

အက်စတိုးနီးယားနိုင်ငံက တန်ဖိုးနည်းတန်ပြန်ဒရုန်းတိုက်ဖျက်ရေးဒုံးကျည် တီထွင်ထုတ်လုပ်လျက်ရှိ

အက်စတိုးနီးယားနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်း စွန့်ဦးတီထွင်ကုမ္ပဏီ Frankenburg Technologies သည် ဒရုန်းစစ်ဆင်ရေး၏ အရေးတကြီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည့် အစိုင်အခဲလောင်စာသုံး ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်တစ်မျိုးဖြစ်သည့် တန်ဖိုးနည်း တန်ပြန်ဒရုန်းတိုက်ဖျက်ရေးဒုံးကျည်များကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း Defence Blog သတင်းဌာနက ဇွန် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကုမ္ပဏီက ၎င်းတို့ထုတ်လုပ်ထားသည့် Frankenburg Mark 1 ဒုံးကျည်များသည် ခေတ်သစ်လေကြောင်းခြိမ်းခြောက်မှုများဖြစ်သည့် ဒရုန်းများနှင့် Loitering Munitions များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် အထူးရည်ရွယ်၍ အမြောက်အမြား ထုတ်လုပ်အသုံးပြုနိုင်ရန် တန်ဖိုးနည်းသမားရိုးကျဒုံးကျည်များဖြစ်ကြောင်း ပြောကြားထားသည်။ ကုမ္ပဏီအနေဖြင့် ကုန်ကျစရိတ်သက်သာမှုနှင့် အလွယ်တကူအဆင့်မြှင့်တင်နိုင်မှုတို့ကို အဓိကအလေးပေး ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

ဥရောပတိုက်တွင် အပြည့်အဝတီထွင်ထုတ်လုပ်ထားသည့် ဒုံးကျည်စနစ်သစ်သည် ယူကရိန်းရှိ ရုရှားတပ်ဖွဲ့များလက်ရှိ အသုံးပြုနေသည့် အီရန်နိုင်ငံထုတ် Shahed ဒရုန်းများကဲ့သို့ လေကြောင်းခြိမ်းခြောက်မှုများကိုတန်ပြန်ရန် ရည်ရွယ်ထားသည်။ ယခင်စနစ်များကဲ့သို့ အရွယ်အစားကြီးမားပြီး တုံ့ပြန်ရန်နှေးကွေးကာ စျေးကြီးသောစနစ်များနေရာတွင် အစားထိုးအသုံးပြုနိုင်ရန်၊ လျင်မြန်စွာတုံ့ပြန်တိုက်ခိုက်နိုင်ပြီး ကုန်ကျစရိတ်ပိုင်းတွင် ရေရှည်တတ်နိုင်မည့်စနစ်များကို ဆက်လက်ထုတ်လုပ်သွားနိုင်ရန် ကြိုးပမ်းသွားမည်ဟု Frankenburg ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

Frankenburg ကုမ္ပဏီက ၎င်း၏ AI နည်းပညာသုံး ပဲ့ထိန်းဒုံးကျည်စနစ်များသည် သမားရိုးကျလေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များထက် ၁၀ ဆ စျေးသက်သာကြောင်း အခိုင်အမာပြောဆိုထားကာ တစ်နေ့တခြား ကြီးထွားလာလျက်ရှိသော ဒရုန်းခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသော နိုင်ငံငယ်များအတွက် လက်လှမ်းမီနိုင်သော ရွေးချယ်မှုအဖြစ် ဆွဲဆောင်နိုင်စေမည်ဖြစ်သည်။ စနစ်၏ ဒီဇိုင်းသည် နည်းဗျူဟာအဆင့် ခြိမ်းခြောက်မှုများအတွက် မဟာဗျူဟာအဆင့် ကြားဖြတ်တိုက်ခိုက်ရေးကိရိယာများပေါ်တွင် အားမကိုးဘဲ လျင်မြန်စွာ တုံ့ပြန်နိုင်သောစွမ်းရည်များ တိုးပွားလာမှုကို ထင်ဟပ်စေလျက်ရှိသည်။ ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်များနှင့်အတူ ကုမ္ပဏီသည် ၎င်း၏ဆုံလည်တပ်ဆင်ထားသောလောင်ချာကိုပါ ထုတ်ဖော်ပြသခဲ့သည်။ကုမ္ပဏီ၏အဆိုအရ Frankenburg ဒုံးပစ်လောင်ချာတွင် လှုပ်ရှားတပ်ဖွဲ့များကို ဒရုန်းရန် ကာကွယ်ရေးအတွက် ဒုံးကျည် နှစ်စင်းတပ်ဆင်ပစ်လွှတ်နိုင်ပြီး ထိန်းကျောင်းမှုယူနစ်တစ်ခု ပါဝင်ဖွဲ့စည်းပေးထားကြောင်း သိရသည်။

တန်ပြန်ဒရုန်းနည်းပညာတွင် အက်စတိုးနီးယားနိုင်ငံ၏ ဆန်းသစ်တီထွင်မှုသည် ပိုမိုကျယ်ပြန့်သော ဒေသတွင်း စစ်ဘက်စက်မှုလုပ်ငန်းများနှင့် ဝေဟင်ခြိမ်းခြောက်မှုများကို တန်ပြန်ရန် NATO အဖွဲ့ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ Mark 1 ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်နိုင်မှုနှင့် တပ်ဖြန့်အသုံးပြုနိုင်မှုသည် ဒရုန်းအန္တရာယ်အတွက် ကုန်ကျစရိတ်သက်သာသာဖြင့် တန်ပြန်ဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်ရန် နည်းလမ်းရှာဖွေနေသည့် အခြားနိုင်ငံများအတွက် စံပြစနစ်တစ်ခုဖြစ်စေနိုင်ကြောင်း သိရသည်။

Estonian startup tests low-cost counter-drone weapon ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံကော ၂၀၃၀၀ စိုက်ပျိုးသွားမည်

ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

ချောင်းဦး ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၂၀၃၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက၂၀၃၀၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံဧက ၂၀၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးသွားမယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်, ရွေးချယ်စိုက်ပျိုးရေး, စိုက်နည်းစနစ် မှန်ကန်ရေး, ပိုးမွှားအန္တရာယ် ကင်းရှင်းရေး, အထွက်နှုန်း ကောင်းမွန်ရေး အတွက် ကွင်းဆင်းအသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်သည် ငါးရှဉ့်များထွက်သော ဒေသဖြစ်ပြီး ထွက်ရှိလာသည့် ငါးရှဉ့်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးရှဉ့်ပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်းက ငါးရှဉ့်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က တောင်သူတွေက လယ်ယာထွက်ကုန်တွေ အပြင် ငါးရှဉ့်နဲ့ အခြားရေထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ရေလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတစ်ခုထဲမှာ အပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေလထဲမှာ ရန်ကုန်ဈေးကွက်က ငါးရှဉ့်ဝယ်ယူမှု အားကောင်းခဲ့ပါတယ်။ ဝယ်ယူမှုအားကောင်းခဲ့တဲ့အတွက် ငါးရှဉ့်မွေးမြူသူတွေနဲ့, ရေလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာတာ တွေ့ရပါတယ်" ဟု ဘိုကလေးမြို့နယ် ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့်တစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝမ်းတွင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲ ကျင်းပ

ဝမ်းတွင်း ဇွန် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက သင်တန်းသားများအနေဖြင့် သင်တန်းကသင်ကြားပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးပြုကာ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တက်ရောက်လာသောဌာနဆိုင်ရာများက ဆုရရှိသော သင်တန်းသားများကို ဆုချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းသို့ ဝမ်းတွင်းမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆိုင်ကယ်ပြုပြင်ခြင်းနှင့်ပတ်သက်သောဘာသာရပ်များကို နည်းပြဆရာများက စာတွေ့, လက်တွေ့ဖြင့် မေ ၆ ရက်မှ ယနေ့ထိ အခမဲ့သင်ကြား ပို့ချပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

လှိုင်းဘွဲ့မြို့နယ် ဒေါ်လန်းအလယ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

လှိုင်းဘွဲ့ ဇွန် ၄

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒေါ်လန်းအလယ်ရွာကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး, မွေးမြူရေး လုပ်ငန်းများ, အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း, ကျေးရွာသူ, ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေါ်လန်းအလယ်ရွာကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဒေါ်လန်းအလယ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး, မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး, အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး, အခြားလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ စုစုပေါင်းအသင်းသား, အသင်းသူ ၆၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုသက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၄

ဟိုင်နန်ပြည်နယ် ဟိုင်ခုန်မြို့တော် ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုလွတ်လပ်သော ကုန်သွယ်ရေးဇုန်ကော်မတီ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁ ရက်မှ ၃ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုလွတ်လပ်သောကုန်သွယ်မှုဇုန် (Haikon Integrated Free Trade Zone)သို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ကူမင်းမြို့မှတစ်ဆင့် ဟိုင်နန်ပြည်နယ် ဟိုင်ခုန်မြို့သို့ ရောက်ရှိ၍ ဇွန် ၂ ရက် နံနက်ပိုင်းတွင် လွတ်လပ်သောကုန်သွယ်မှုဇုန် ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန်သို့ သွားရောက်လေ့လာရာ ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန် စီမံခန့်ခွဲမှုကော်မတီ၏ အလုပ်အမှုဆောင် အတွင်းရေးမှူးနှင့် ဒုတိယမြို့တော်ဝန်ဖြစ်သူ Mr. Lu Min နှင့် အဖွဲ့ဝင်များက ရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့က ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန်အတွင်းရှိ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးစက်မှုဥယျာဉ်၊ ခေတ်မီစိုက်ပျိုးရေးနှင့် စားသောက်ကုန်များထုတ်လုပ်သည့်စက်ရုံ၊ လက်ဝတ်ရတနာထုတ်လုပ်မှုတစ်ဆင့် ဟိုင်နန်ပြည်နယ် ဟိုင်ခုန်မြို့သို့ ရောက်ရှိ၍ ဇွန် ၂ ရက် နံနက်ပိုင်းတွင် လွတ်လပ်သောကုန်သွယ်မှုဇုန် ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန်သို့ သွားရောက်လေ့လာရာ ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန် စီမံခန့်ခွဲမှုကော်မတီ၏ အလုပ်အမှုဆောင် အတွင်းရေးမှူးနှင့် ဒုတိယမြို့တော်ဝန်ဖြစ်သူ Mr. Lu Min နှင့် အဖွဲ့ဝင်များက ရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့က ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန်အတွင်းရှိ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးစက်မှုဥယျာဉ်၊ ခေတ်မီစိုက်ပျိုးရေးနှင့် စားသောက်ကုန်များထုတ်လုပ်သည့်စက်ရုံ၊ လက်ဝတ်ရတနာထုတ်လုပ်သည့် စက်ရုံ၊ စံချိန်စံညွှန်းမီ စိန်နှင့်ကျောက်မျက်ရတနာထုတ်လုပ်သည့် စက်ရုံများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုစင်တာတို့ကို လေ့လာကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟိုင်ခုန်ဘက်စုံပေါင်းစည်းမှုဇုန်ကော်မတီနှင့်တွေ့ဆုံကာ ကျောက်မျက်ရတနာလုပ်ငန်းများ အဆင့်မြင့်၊ ဆင့်တက်ပြုပြင်မှုနှင့် နည်းပညာတိုးမြှင့်စေရန်အတွက် လည်းကောင်း၊ကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ကိုမြှင့်တင်ရန်အတွက်လည်းကောင်းဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် အခွန်လွတ်အရောင်းပြခန်းများ(China Duty Free Shop)၊ဟိုင်ခုန်အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာနှင့် ဟိုင်နန်ပြတိုက်တို့ကို လေ့လာသည်။

ဇွန် ၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟိုင်နန်ပြည်နယ် ပါတီ၏ အမြဲတမ်းကော်မတီဝင်နှင့် ဟိုင်နန်မြို့ဒေသကော်မတီ အတွင်းရေးမှူးဖြစ်သူ Mr.FAN Shaojunနှင့် Grand Hotel Haikou ၌ တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဆက်ဆံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ကုန်သွယ်မှုတိုးတက်ကောင်းမွန်လာမှုအခြေအနေများ၊ ဟိုင်နန်လွတ်လပ်သောကုန်သွယ်မှုဆိပ်ကမ်း (Hainan Free Trade Port) ဆိုင်ရာကိစ္စရပ်များ၊ကျောက်မျက်ရတနာကဏ္ဍ၊ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Grand Hotel Haikou ၌ ကျင်းပသည့် ဟိုင်ခုန်-မြန်မာ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဖလှယ်ရေး အစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့ရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ၏အခြေအနေများ၊ ဟိုင်နန်နှင့် ပူးပေါင်းဆောင်ရွက်မည့်အခွင့်အလမ်းများ၊ မြန်မာနိုင်ငံရှိ ကျောက်စိမ်းနှင့်ကျောက်မျက်ကဏ္ဍအခွင့်အလမ်းများနှင့် ဟိုင်နန်လွတ်လပ်သော ကုန်သွယ်မှုဆိပ်ကမ်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို အလေးပေးဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟိုင်ခုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။

ယခုခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၄

အသည်းရောင်အသားဝါရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အချက်အလက်များအရ ကမ္ဘာပေါ်တွင် နာတာရှည်အသည်းရောင်အသားဝါစီ ရောဂါဖြစ်ပွားမှု သန်း ၅၀ ခန့်၊ တစ်နှစ်လျှင် လူနာသစ် တစ်သန်းခန့်ရှိနေပြီး ၂၀၂၂ ခုနှစ်တွင် လူဦးရေ နှစ်သိန်းခွဲခန့်သည် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာရောဂါများကြောင့် သေဆုံးခဲ့ရကြောင်း၊ အသည်းရောင်အသားဝါရောဂါ စီပိုးသည် ကုသဆေးများနှင့် လုံးဝပျောက်ကင်းအောင်ကုသနိုင်ပြီး အသည်းရောင်အသားဝါရောဂါ ဘီရောဂါပိုးအား ကာကွယ်ဆေးများ စနစ်တကျထိုးနှံမှုခံယူခြင်းဖြင့် ကာကွယ်နိုင်ကြောင်း။

ယခုအခါ ပြည်သူ့ဆေးရုံကြီး ၁၄ ရုံတွင် အသည်းရောင်အသားဝါ စီပိုး ဆေးကုသမှု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် လာရောက်မွေးဖွားသည့် မွေးကင်းစကလေးများကို အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးထိုးပေးခြင်းနှင့် အသက် ငါးနှစ်အောက်ကလေးများတွင် အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးပါဝင်သည့် ငါးမျိုးစပ် ကာကွယ်ဆေးကို လေးကြိမ်ထိုးနှံပေးခြင်းများဖြင့် အသည်းရောင်အသားဝါရောဂါဘီပိုးကာကွယ်တားဆီးပေးလျက်ရှိပါကြောင်း၊ အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်မှုအခြေအနေနှင့်တွေ့ရှိရသော အခက်အခဲများကို ဆွေးနွေးသုံးသပ်ပြီး ဆေးနှင့် ဆေးပစ္စည်းများကို လူနာများအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် လူနာဆေးကုသမှုပိုမိုဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို နေပြည်တော် မဂ်လာသီရိဟိုတယ်၌ ဆက်လက်ကျင်းပပြီး တက်ရောက်လာကြသူများက အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် အခက်အခဲများကို သုံးသပ်ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီ၊ကာလသားရောဂါနှင့် အသည်းရောင်အသားဝါဘီရောဂါ ကင်းစင်ပပျောက်ရေး(Triple Elimination)နှင့် အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို ပြန်လည်သုံးသပ်၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများချမှတ်ခြင်းတို့ကို ဇွန် ၄ ရက်မှ ၅ ရက်ထိ နှစ်ရက်တာ သုံးသပ်ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ အသည်းရောင်အသားဝါရောဂါ စီပိုးကုသမှုလုပ်ငန်းဆောင်ရွက်ပေးလျက်ရှိသော ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခသမားတော်ကြီးများ၊ အသည်းရောဂါဆေးပညာဌာန ပါမောက္ခများ၊ ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)၊ Myanmar CDC နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)တို့မှအထူးကုဆရာဝန်ကြီးများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Clinton Health Access Initiative(CHAI) အဖွဲ့၊ မြန်မာ့အသည်းဖောင်ဒေးရှင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ပင်လယ်ပြင်အခြေအနေ

(၄-၆-၂၀၂၅)

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဓလေဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

❑ **ရှေ့ဖုံးမှအဆက်**

စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော စီတီးရပ်ကွက်ရှိ ရာဇမဏ္ဍိ စူဋ္ဌာကောင်းမှုတော် စေတီတော်မြတ်ကြီး၏ စေတီတော်ကြီးကြံ့ခိုင်မှုနှင့် ရွှေထီးတော် ကြံ့ခိုင်မှုအခြေအနေများကို ပညာရှင်များက နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ဥက္ကဋ္ဌ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူ ဆေးရုံတော်များ၏ အဓိပတိ အဘိဓေမဟာ ရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတခရ သီတဂူ ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဥာဏိသရ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ နှင့် တာဝန်ရှိသူများကို ကောင်းမှုတော်ဘုရား သာသနာ့နယ်မြေ အတွင်းရှိ သာသနာ့ဗိမာန်၌ Power Pointဖြင့် ရှင်းလင်းတင်ပြပြီး ဆရာတော်ကြီးထံမှ သြဝါဒခံယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သကျဓီတာသီလရှင် စာသင်တိုက်နှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်တို့၌ သာသနိက အဆောက်အအုံများ မိုးမကျမီစက်ယန္တရား အင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများကို လည်းကောင်း၊ ပိုးတန်းရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ငလျင်ဘေးဒဏ် ကြောင့်ပြိုကျပျက်စီးခဲ့သော သုံးထပ် ကျောင်းဆောင်ကို မိုးမကျမီ စက်ယန္တရား ကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်း လင်းနေမှုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းရှင်းလင်းဖယ်ရှားနေမှုတို့ကို လည်း ကောင်း၊ ထူပါရုံစေတီ၊ နန်းဦးမြို့သစ် မဟိယင်္ဂဏစေတီတော်များကို ပြန်လည် ပြုပြင်မွမ်းမံတည်ဆောက်ခြင်းနှင့် ဖယ်ရှား ရှင်းလင်းပြီးစီးမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ စကုမ္ဘော်လျင်ဘေး သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်ကာ စည်းကမ်းတကျရှိစေရေး တာဝန်ရှိသူများကိုမှာကြားပြီး လျင်ဘေး ဒဏ်သင့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နည်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့် ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် နှင့် တာဝန်ရှိသူများသည် မန္တလေး ချမ်းမြ သာစည်မြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ စက်ရုံနှင့်မော်တော် ယာဉ်ဌာနရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများ အတွက် Modular Container House များ ဆောက်လုပ်ပေးနေမှု အခြေအနေများအား လည်းကောင်း၊ ရေမီး၊မိလ္လာရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများအား လည်းကောင်းကြည့်ရှုစစ်ဆေး၍ မိသားစု များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ စက်ရုံနှင့်မော်တော် ယာဉ်ဌာနဝင်းအတွင်းရှိ အမှတ်(၆) ရေတွန်း စက်ရုံသို့သွားရောက်၍ ရေသိုလှောင်ထား ရှိမှုအခြေအနေများ၊ လျှပ်စစ်မီးစနစ်၊ ဆိုလာ မီးစနစ်ဖြင့် ရေပေးဝေနိုင်မှုအခြေအနေများ ကိုလည်းကောင်း၊ ဝန်ထမ်းများအတွက် ထမ်မံဆောက်လုပ်မည့် Modular Container House များရောက်ရှိမှုအခြေအနေနှင့် သယ် ယူရွှေ့ပြောင်းနေမှုအခြေအနေများကိုလည်း ကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး သွားသော မန္တလေးမြို့တော်စည်ပင်ဝန်ထမ်း အိမ်ရာတိုက်ခန်းများပျက်စီးမှု အခြေအနေ များအားလည်းကောင်း၊ ၁၀၆ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့် မန္တလေးမြို့တော်စည်ပင် ရဲဝန်ထမ်းများအတွက် Modular Container House များ ဆောက်လုပ်ပေးနေမှုအခြေ အနေများအားလည်းကောင်း၊ ရေမီး၊ မိလ္လာ ရရှိရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေ များကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေ သာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ တိုင်းရင်းဆေး တက္ကသိုလ်သို့သွားရောက်၍ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်က ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မဆောင်ကို လိုက်လံရှင်းလင်းပြသပြီး ထိခိုက်ပျက်စီးခဲ့သောဌာနများရှိအခန်းများ ကို တပ်မတော်သားစစ်သည်များကအင်တိုက် အားတိုက် ဖယ်ရှားရှင်းလင်းနေမှုကိုလည်း ကောင်း၊အမရဋ္ဌာနီအရှေ့ရပ်ရှိ ဗောင်းတော်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရေနား ပရိယတ္တိစာသင်တိုက်တို့တွင် ငလျင်ဒဏ် သင့်ပြီးထိခိုက်ပျက်စီးခဲ့သောနှစ်ထပ်ကျောင်း ဆောင်အားကြည့်ရှုစစ်ဆေးပြီး အပျက်အစီး များကို အဖွဲ့အစည်းအသီးသီးက အင်တိုက် အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်းကြည့်ရှုအားပေးပြီး ကျောင်း ထိုင်ဆရာတော်ကြီးအား အလှူငွေများ ဆက်ကပ်လှူဒါန်း၍လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အောင်မြေ သာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်ရှိ ဗောင်းတော်ကျဆုတောင်းပြည့်မြတ်စွာဘုရား၌ အပျက် အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီစက်ရုံနှင့် မော်တော်ယာဉ်ဌာနရှိ ငလျင်ဒဏ်သင့်ဝန်ထမ်း များနေထိုင်ရန် Modular Container House များ ဆောက်လုပ်ထားမှုကို ကြည့်ရှု စစ်ဆေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ ကျောင်းသား၊ကျောင်းသူများ လက်တွေ့စမ်းသပ်ခန်းများတွင် လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှု အားပေးစဉ်။

ယင်းနောက် အမရပူရမြို့နယ် အိုးတော် ရပ်ကွက်ရှိ အောင်ချမ်းသာဘုရားသို့သွား ရောက်၍ဂန္ဓကုဋိတိုက်အားစက်ယန္တရားကြီး များအသုံးပြု၍အင်တိုက်အားတိုက်ရှင်းလင်း ဖယ်ရှားနေမှုအခြေအနေများကို လည်း ကောင်း၊ တောင်ကြီးရပ်ရှိ ရွှေရင်းရဲမြတ်စွာ ဘုရားနှင့် ချမ်းမြသာစည်မြို့နယ် တမွဝတီ ရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရားတို့သို့ရောက် ရှိ၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော အပျက်အစီးများကို စက်ယန္တရားများနှင့် တပ်မတော်သားစစ်သည်များက ရှင်းလင်း ဖယ်ရှားနေမှုကိုကြည့်ရှုအားပေး၍ လိုအပ် သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် နှင့်တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မိုးရာသီ တွင် ဖြစ်ပွားတတ်သော ၄က်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ် ခြင်းအနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း များဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း အသီးသီးမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု ခဲ့ပြီး စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှု များကို ကြည့်ရှုအားပေးကာ စားသောက် ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တွင် ငလျင်ဒဏ်ကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် စာမေး ပွဲဖြေဆိုမှုကို အစားထိုးပြန်လည်ဖြေဆိုနေ သော ကျောင်းသား၊ ကျောင်းသူများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းအုပ် ကြီးနှင့် ဘာသာရပ်အလိုက်ဌာနမှူးများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ အစိုးရ နည်းပညာအထက်တန်းကျောင်း(ကျောက် ဆည်)တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွား သော အဆောက်အအုံများ ပြန်လည်ပြုပြင် ပြီးစီး၍ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေကောင်းမွန်စွာ တက်ရောက်ပညာ သင်ကြားနေမှုအခြေအနေများနှင့် လက်တွေ့ စမ်းသပ်ခန်းများတွင် လေ့ကျင့်ဆောင်ရွက် နေမှုအခြေအနေများကိုလည်းကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း၌ Modular Container Houseများဖြင့် ယာယီ ရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

သတိပေးနှိုးဆော်ချက်မှ

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှု ခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါ ကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူ များ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေ ဖြင့် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန
(၄-၆-၂၀၂၅)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများကို ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ၆နိ ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉) လောကနတ်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်ထိ တက်ရောက် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၄၁ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/ ၂၀၂၅-၂၀၂၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ၆နိ ၄

စက်ပစ္စည်းကြီးကြပ်မှု ကော်မတီ၏ (၂/၂၀၂၅-၂၀၂၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် ကော်မတီအဖွဲ့ဝင်များ အနေဖြင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်စက်ပစ္စည်းများကို စစ်ဆေး၍ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်(SOP)ကို စက်မှု၊ လျှပ်စစ်၊ ပညာရှင်အင်ဂျင်နီယာများ ပါဝင်သည့်အဖွဲ့ တစ်ဖွဲ့ကို တာဝန်ပေးအပ်၍ ရေးဆွဲမည်ဖြစ်ကြောင်း၊ ငလျင်ဘေးအပြင် သဘာဝဘေးအန္တရာယ်အားလုံးနှင့်အကျုံးဝင်သည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်(SOP)ကို ရေးဆွဲရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အစိုးရဌာနဆိုင်ရာစက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းများအတွက် စံချိန်စံညွှန်းများနှင့်အညီ SOP ရေးဆွဲနိုင်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ကျွမ်းကျင်ပညာရှင်များနှင့် စက်ပစ္စည်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ SOP ရေးဆွဲရာတွင် တာဝန်ပေးအပ်သည့်အင်ဂျင်နီယာကိုယ်စားလှယ်တို့ဖြင့် ညှိနှိုင်းဆွေးနွေးရန် ယခုအစည်းအဝေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ကျွမ်းကျင်ပညာရှင်များက ငလျင်ကြောင့် စက်ရုံ၊ အလုပ်ရုံများတွင် လေအေးပေးစနစ်နှင့် စက်စွမ်းအားသုံး လေဝင်လေထွက်စနစ် ထိခိုက်ပျက်စီးမှုမှ ကာကွယ်တားဆီးခြင်း (Prevention of Earthquake Disasters for ACMV Systems in Factories)၊ ငလျင်အပြီး စက်ရုံ၊ အလုပ်ရုံများတွင် လေအေးပေးစနစ်နှင့် စက်စွမ်းအားသုံး လေဝင်လေထွက်စနစ် ထိခိုက်ပျက်စီးမှုစစ်ဆေးခြင်း (Post Earthquake Disasters Inspection for ACMV Systems in Factories) ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကနှင့် ဒုတိယဥက္ကဋ္ဌတို့က ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စက်နှင့်စက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ကော်မတီအဖွဲ့ဝင်များက ဝန်ကြီးဌာနများတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် စက်ပစ္စည်းများအားလုံးနှင့်အကျုံးဝင်သည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်သတ်မှတ်နိုင်ရေးတို့ကို ဝိုင်းဝန်းရှင်းလင်းဆွေးနွေးကြပြီး စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ၆နိ ၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေညောင်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဖူဆယ်အားကစားရုံ ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းများကိုလည်း အားကစားကွင်းလုံခြုံရေးအတွက် အမြန်ပြန်လည်ပြုပြင်ရန်၊ ဘောလုံးကွင်းကို ရာသီမရွေးကစားနိုင်သည့် အားကစားကွင်းဖြစ်အောင် အမြဲပြုပြင်ထိန်းသိမ်းထားရှိရန်နှင့် ပွဲကြည့်စင်ပါ မီတာ ၄၀၀ ပြေးလမ်းဖောက်လုပ်ထားရှိနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက်မြန်မာ့ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တာဝန်ယူကျင်းပနေသည့် ၂၀၂၅ ခုနှစ် FIFA MFF U-15 Youth League ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် U-15 Shan Southern FCဘောလုံးအသင်း လေ့ကျင့်နေမှုကိုလည်းကောင်း၊ ကလောမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အားကစားရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ငလျင်ဘေးဒဏ်ကြောင့် အုတ်တံတိုင်းများ ပျက်စီးခဲ့မှုအခြေအနေကိုလည်းကောင်း၊ အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့ကို လည်းကောင်း၊ တပ်ကုန်းမြို့နယ် အားကစားကွင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ လိုအပ်ချက်များနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေကြသည့် စာဖြေသံယာတော်များ၊ သီလရှင်များအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို

မန္တလေး ဇွန် ၄

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လူပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် ခေတ္တရွှေ့ဆိုင်းထားရသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို ဇွန် ၂ ရက်မှ စတင်ကျင်းပလျက်ရှိရာ သတ်မှတ်စာဖြေဌာနများ၌ သံယာတော်များ၊ သီလရှင်များ စိတ်ချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊တိုင်းဒေသကြီးသာသနာရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ စာဖြေဌာနများသို့ သွားရောက်ရာ၌ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် မန္တလာသီရိအားကစားကွင်းရှိ မိုးလုံလေလုံခန်းမသို့လည်းကောင်း၊အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်၊ ကထိန်တော်ကျောင်းမဟာဝိဇယာရာမ ခင်မကန်ဗိမာန်တော်သို့လည်းကောင်း သွားရောက်ပြီး စာမေးပွဲကြီးကြပ်မှုများကို ဆောင်ရွက်နေကြသည့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုး၍ သြဝါဒများ ခံယူပြီး စာမေးပွဲဖြေဆိုနေသော သံယာတော်များနှင့် သီလရှင်များအား လိုက်လံဖူးမြော်ကြည်ညိုကြပြီးနောက် တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ဇွန် ၂ ရက်မှ ဇရက်ထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၄ ရက်မှ ၁၀ ရက်ထိလည်းကောင်း ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၅၃၊ ၀၅၈-၂၀၂၃၅၃
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၅၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကျင်းပ

နေပြည်တော် ဇွန် ၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် သတ္တမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၀၆ ဌာနတို့၌ ပထမနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို စာရင်းသွင်း ၁၇၆၄ ပါး/ဦး အနက် ၉၄၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၃ ဒသမ ၃၄ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၆၂၅၇၂ ပါး/ဦး အနက် ၄၆၄၁၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၄ ဒသမ ၁၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာနများ၌ ဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များအား ဒုတိယဝန်ကြီး ဦးအေးထွန်း ဖူးမြော်ကြည်ညိုပြု

နေပြည်တော် ဇွန် ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ဝင်းအတွင်းရှိ ဓမ္မဗိမာန်၌ ကျင်းပပြုလုပ်လျက်ရှိသော အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲစာဖြေဌာနသို့ရောက်ရှိပြီး အစိုးရဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလျှောင်ငွေများ ဆက်ကပ်လှူဒါန်း၍ အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုနေကြသည့် သံဃာတော်နှင့် သီလရှင်များအား ဖူးမြော်ကြည်ညိုသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိုးကောင်းဆုတောင်းပြည့် စေတီတော်ဝင်းအတွင်း ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်လျက်ရှိသော အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပပြုလုပ်လျက်ရှိသော အစိုးရဓမ္မာစရိယစာမေးပွဲ စာဖြေဌာနတို့သို့ရောက်ရှိပြီး အစိုးရဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလျှောင်ငွေများ ဆက်ကပ်လှူဒါန်း၍ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုနေကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

မန္တလေးငလျင်ကြီးကြောင့် ကျင်းပလျက်ရှိသည့် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို ခေတ္တရပ်ဆိုင်းခဲ့ရာမှ ဇွန် ၂ ရက်မှ ၁၀ ရက်ထိ ပြန်လည်ကျင်းပခဲ့ရာ မြန်မာတစ်နိုင်ငံလုံးရှိ အစိုးရဓမ္မာစရိယစာဖြေဌာန ၆၅ ဌာနနှင့် ပါဠိပထမပြန်စာမေးပွဲစာဖြေဌာန ၂၀၆ ဌာနတွင် စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၆၄၄၁၃ ပါး ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားမဝင် တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော အစားအသောက်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုင်းဘာသာစကားဖြင့် ကပ်နှိပ်ထားသော Sprite အမှတ်တံဆိပ် အစိမ်းရောင်အချိုရည်ဘူးများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ ထောက်ခံချက်မရှိဘဲ စျေးကွက်များတွင် တရားမဝင် တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ စားသုံးသူပြည်သူများ၏ ကျန်းမာရေးကိုထိခိုက်စေနိုင်ပြီး အရည်အသွေးအာမခံချက်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိနိုင်သည့် ၎င်းအစားအသောက်အမည်အား စားသုံးသူများအနေဖြင့် ဝယ်ယူစားသုံးခြင်းမပြုရန် အသိပေးအပ်ပါသည်။

ဖြန့်ဖြူး၊ ရောင်းချသူများအနေဖြင့် ၎င်းအစားအသောက်အမည်ကို စျေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိထားသော Sprite အမှတ်တံဆိပ် အဖြူရောင်အချိုရည်ဘူးနမူနာပုံ။

ထိုင်းဘာသာစကားဖြင့် တရားမဝင် တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် Sprite အမှတ်တံဆိပ် အစိမ်းရောင်အချိုရည်ဘူးနမူနာပုံ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင်တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(၁) ဒေါက်တာ သိင်္ဂီမြင့် ဒုတိယပါမောက္ခချုပ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ပါမောက္ခချုပ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၂) ဦးလှအောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့	ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့

သံအမတ်ကြီး ဦးအောင်မင်းဦး အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၄

အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်မင်းဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် ဇွန် ၃ ရက်တွင် အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဒစ်အဘာဘာမြို့ရှိ သမ္မတအိမ်တော်၌ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာတိုင်ယီ အက်စ်ကီစီလက်ဆီထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့်ရပ်ကွက်များကို စားသောက်ဖွယ်ရာများလှူဒါန်း

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်း ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။

နေပြည်တော် ဇွန် ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၁ ရက်မှစ၍ ဧရာဝတီမြစ်ရေမြင့်တက်လာပြီး မြစ်ကမ်းဘေးရှိ ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ရေဘေးသင့်ပြည်သူများသည် ရေဝင်ရောက်မှုမရှိသည့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကလှူဒါန်းသော စားသောက်ဖွယ်ရာများသည် ယနေ့မွန်းလွဲပိုင်းတွင် နယ်မြေခံ လေတပ်စခန်းဌာနချုပ်သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာပြီး ရေဘေးသင့်ပြည်သူများထံသို့ အချိန်မီ လှူဒါန်းနိုင်ရေး သယ်ယူပို့ဆောင်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ စားသောက်ဖွယ်ရာများကို ရေဘေးလွတ်ရာ ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင် တည်းခိုလျက်ရှိသည့် ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်လှူဒါန်းသည်။

အလားတူ ပူတာအိုမြို့တွင်လည်း အဆိုပါ စားသောက်ဖွယ်ရာများကို ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပူတာအိုဒေသ ရေဘေးသင့်ပြည်သူများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၅၀၁)**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ် မှ ၂၅ နှစ်ဟူ၍ အသက်အရွယ်အပိုင်းအခြား သုံးခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy နှစ်စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myat-thujack@gmail.comသို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၆၁၁၂ နှင့် ဦးလင်းဝေအောင် ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၃၁၅၅၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format JPG A3 (297 x 420 mm) with the correct aspect ratio၊
(၂) Resolution 300 dpi၊
(၃) File Size 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။
(၄) ပိုစတာရေးဆွဲရာတွင် tabletများ၊stylusများ၊ကွန်ပျူတာပရိုဂရမ်များအသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy နှစ်စုံနှင့် Soft Copy CD တစ်ချပ်ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင်အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင် ညွှန်ကြားရေးမှူး အနုပညာဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၆၁၁ နှင့် ဒေါ်နန်းရတနာထွန်း ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၅၁၂၃၅၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) File Submission Format JPG၊ A3 (297x420 mm) with correct aspect ratio၊
(၂) Resolution 300 dpi။
(၃) File Size 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။
(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Charcoal၊ Ink၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD)နှစ်ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mailဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mmတို့တွင် အခမဲ့Downloadရယူနိုင်ပြီး ဒေါ်ခင်မိုးဥ ညွှန်ကြားရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန ၀၉-၅၁၉၆၈၅၅ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၀၀၄၀၅၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) Format mp4 ၊
(၂) Resolution 3840 x 2160 p ထက် မပိုစေရ၊
(၃) File Size 300 Mb ထက် မပိုစေရ၊
(၄) Duration 120 Seconds ထက် မပိုစေရ၊
(၅) Sound 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်ရှင်းလင်းချက်စာသား(ပိုစတာများနှင့်ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ(ဗီဒီယိုများအတွက်)ကို ရှရှားဘာသာသို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များ)နှင့် နိုင်ငံစသည့် အချက်အလက်များပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့်ဗီဒီယိုကို ရှရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာ၊ ပန်းချီနှင့်ဗီဒီယို ၁၀ ခုစီကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရှရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊
(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊
(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊
(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်များကို မှန်ကန်စွာဖြည့်စွက်ပေးပို့ရမည်၊
(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI)နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*)အကိုက်ခံရခြင်း မှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ် အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဝိုက်နာခြင်း၊ ပျိုအန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များ ထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တက်ရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း

အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျင် နီးစပ်ရာ ဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။

ခြင်ကျားလောက်လန်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ရှိတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။

■ **ဖမ်းဆီးရမိမှု**

တရားမဝင်ကျွန်းသစ် ၁ ဒသမ ၁၀၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန် အနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၃၉၂၀၀ ကို လည်းကောင်း၊ ဘားအံမြို့နယ် သံလွင် တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ် လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီး ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၀၀၀ နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Faw Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၇၉၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား(မော်လမြိုင်) ပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီး ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀ နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကိုလည်းကောင်း၊ ကျိုက်မရောလမ်းမ ဘေးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၄၉၇၀၀၀ ကိုလည်းကောင်း၊ မော်လမြိုင်မြို့ မြေနီကုန်းကားဝင်း ဘုန်းမြင့်ဇော်ကား ဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၉၄၉၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင် ရွက်ခဲ့ရာ ကလေးမြို့ ကလေးလေဆိပ်၌ တရားဝင် စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် ရွှေတုံး ၁၆ ပဲရည် ၂၆ တုံးအပါအဝင် ရွှေထည် ပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၄၇၃၆၅၀၀၀ ကိုဖမ်းဆီးရမိခဲ့ ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာ သည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တင်သွင်းရန် တားမြစ်ကန့်သတ်ထား သည့် ကုန်ပစ္စည်းဖြစ်သော Nitric Acid ဟု ယူဆရသည့် အရည်ခြောက်ပုံး ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၈၀၀၀၀ နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Sun-long Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကို လည်းကောင်း၊ အေးရှား ဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံး အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၁၉၂၀၀၀ ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာခြောက် လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၆ မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၇၉၇၃၃၈၀ ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ ကုမ္ပဏီမှ စွန့်လွှတ်ကြောင်းတင်ပြလာသည့် လူသုံး ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၅၀၂၅၅၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၆၇၃၈၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၃ ရက်တွင် ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ၄၅ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၈၁ စီး ဖမ်းဆီးရမိ ခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရ မိမှု စုစုပေါင်း အမှုတွဲ ၁၆ မှုမှ ခန့်မှန်း တန်ဖိုးငွေကျပ် ၃၄၈၅၇၁၁၈၀၈၀ ကို ဖမ်းဆီး ရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများ ကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန် များရှိ အသေးစား၊ အလတ်စားလုပ်ငန်း များကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်း တရားမဝင် တင်သွင်းမှုများကို သက်ဆိုင် ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ် မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ပြီး ဗီယက်နမ်အသင်းက အုပ်စု ၃တိယဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင် ခဲ့သည်။

ထို့နောက် ဆီမီးဖိုင်နယ်အဆင့်တွင် လည်း မြန်မာအသင်းသည် အိမ်ရှင် တရုတ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်ပြီး ဗိုလ်လုပွဲအဆင့်တွင် အုပ်စုပွဲစဉ်က အနိုင်ရရှိခဲ့သည့် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခဲ့ရာ နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်-အာဆီယံ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အမျိုး သား သုံးယောက်ပြိုင်ပွဲနှင့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲတို့တွင် ရွှေတံဆိပ် များ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ STA

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

၂၀၂၅ ခုနှစ် ဇွန် ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ထူးခြားသည့် နေ့အပူချိန်များ

၄ - ၆ -၂၀၂၅

မြင်းမူ	၃၇	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ချောက်	၃၇	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
တံတားဦး	၃၆	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မြင်းခြံ	၃၆	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
မကွေး	၃၆	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
ရွှေဘို	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
စစ်ကိုင်း	၃၅	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
မင်းဘူး	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
ဆင်ဖြူကျွန်း	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မိုးကောင်း	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဗော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက် စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း မေ ၂ ရက်တွင် အသိပေးထုတ် ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူ လုပ်ဆောင်ခဲ့သည့် “Wai Wai Moe” Facebook နှင့် “@moelaymoelay784” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည် နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်နေ နှင်းဝေဝေမိုး အား ည ၆ နာရီ ၄၅ မိနစ်တွင် တာချီလိတ် မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

စပါးသီးနှံ (ဧည့်မထ) အကြောင်း သိကောင်းစရာများ

မြန်မာနိုင်ငံတွင် ဆန်စပါးများကို စပါးမျိုးများ၏ သက်တမ်းအလိုက် အုပ်စုခွဲခြားခြင်းနှင့် စပါးလုံးအရွယ်အစားအလိုက် အုပ်စုခွဲခြားခြင်းဟူ၍ နှစ်မျိုးခွဲခြားထားသည်။ စပါးမျိုးများ၏ သက်တမ်းအပေါ်မူတည်၍ သက်လျင်၊ သက်လတ်၊ သက်ကြီးဟူ၍ အုပ်စုသုံးစုခွဲခြားထားသည်။ သက်လျင် စပါးမျိုးဆိုသည်မှာ ရက် ၁၅၀ အောက်ငယ်သော စပါးမျိုးများဖြစ်ပြီး ရက် ၁၅၀ မှ ၁၇၀ အတွင်းရှိသော စပါးမျိုးများကို သက်လတ်စပါးမျိုးဟုခေါ်သည်။ ရက် ၁၇၀ ထက်ကျော်လွန်သော စပါးမျိုးများမှာ သက်ကြီးစပါးမျိုးများ ဖြစ်ကြသည်။

ဧည့်မထ၊ လက်ရွေးစင်၊ ဝစိန်၊ မီးဒုံး၊ ဗျက် စသည့်စပါးမျိုးများကို စပါးလုံးအရွယ်အစားအလိုက် မျိုးအုပ်စုခွဲခြားလေ့ရှိကြသည်။ ၎င်းစပါးမျိုး အုပ်စုများစွာထဲမှ ဧည့်မထစပါးသည် သေးသွယ်ရှည်လျားပြီး အလျား၊ အနံအချိုးအစား ၃ ဒသမ ၃ မီလီမီတာရှိပြီး ဆန်သားမာ၍ အရောင်ကြည်သည်။ ဧည့်မထစပါးမျိုးသည် သက်လျင်နှင့် သက်လတ် အုပ်စုတွင်ပါဝင်သည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် စိုက်ပျိုးနေကြသည့် ဧည့်မထစပါးမျိုးများအနက် ပင်ထောင်ဧည့်မထ၊ ဧည့်မထပင်တိုကလေး၊ ချီဒူးပါးနှင့် ရဟိုင်းမျိုးများသည် ထိုင်းနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသည့်စပါးမျိုးများ၏ အရည်အသွေးကို ပြည့်မီကြသည်။ ထို့ကြောင့် ဧည့်မထမျိုးများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ထိပါ ထိုးဖောက်နိုင်သော မျိုးအုပ်စုတစ်ခုဖြစ်သည်။

ဧည့်မထစပါးမျိုးအုပ်စုတွင် အောင်နိုင်တိုး (YKQR-01)၊ ဧရာမင်း၊ ရတနာတိုး၊ မော်ဘီ-၂၊ လုံးသွယ်မွှေး၊ နံ့သာမွှေး၊ ဆင်းကေရီ-၃ စသည့် မျိုးများအပြင် စပါးမျိုးကွဲပေါင်းများစွာ ပါဝင်သည်။ ၎င်းမျိုးများကို မိမိတို့ရေမြေဒေသနှင့် ကိုက်ညီသော မျိုးများကိုရွေးချယ်၍ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးနည်းစနစ်များကို အသုံးပြု၍ စနစ်တကျ စိုက်ပျိုးမည်ဆိုပါက အရည်အသွေးကောင်း၊ အထွက်ကောင်းသော စပါးမျိုးများရရှိ၍ ပန်းတိုင်အထွက်တိုးတက်ရရှိလာနိုင်မည်ဖြစ်သည်။

ဆန်စပါးပန်းတိုင်အထွက်နှုန်း ပြည့်မီရန် အောက်ပါအချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

မျိုးရွေးချယ်ခြင်းတွင် စပါးမျိုးရွေးချယ်ရာ၌ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်သော မျိုးကောင်းမျိုးသန့်ကို ရွေးချယ်အသုံးပြုရမည်။

မြေပြင်ခြင်းတွင် စိုက်ခင်းကို ပုံမှန်အတိုင်း ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက် ထွန်ယက်ရမည်။ မျိုးစေ့ချရန် သင့်တော်သော မြေအစိုဓာတ်ရှိချိန်တွင် မြေခံ မြေညြောထည့်သွင်း၍ ကျွမ်းတုံးရိုက် မြေညှိရမည်။ စိုက်ခင်းတမန်း မြေညီညာပြီး ရေပြောင်စင်အောင်ထုတ်ပြီးမှ စိုက်ပျိုးရမည်။ (စိမ့်မြောင်း၊ပတ်မြောင်းများ ပြုလုပ်ထားရမည်။)

စိုက်ပျိုးချိန်တွင် ပျိုးခင်းစိုက်ပျိုးရာ၌ မျိုးစေ့အလေအလွင့်နည်းစေရန်နှင့် ပျိုးပင်ကြီးထွားမှု အားကောင်းသန်မာစေရန် ပျိုးပေါင်ဖြင့် ပျိုးထောင်ရမည်။ မျိုးစေ့များပူးကပ်ခြင်းမရှိအောင် မျိုးစေ့ချရမည်။ တစ်ဧကမျိုးသန့်မျိုးစေ့ (RS) တစ်တင်းနှုန်းသုံးရမည်။ စပါးစေ့ကို မျိုးညောက်ဖောက်ပြီး ပျိုးပေါင်ပေါ်တွင် မျိုးစေ့ညီညီညာညာချရမည်။ ပျိုးပေါင်ရှစ်ပေါင်တွင် မျိုးစေ့တစ်ပေါင်လျှင် နှစ်ပြည့်နှုန်းအသုံးပြုရမည်။

မျိုးစေ့များမပျက်စီးစေရန်နှင့် မိုးရေတွင်မျောပါ မသွားစေရန် မြေဆွေးဖုံးရမည်။ ကြွက်၊ ငှက်များ ဖျက်ဆီးခြင်းမှကာကွယ်ရန် အစေ့ချပြီးနောက် မြေကို လုံအောင်ဖုံးအုပ်ထားရမည်။ မျိုးစေ့ချပြီး နောက် မိုးသည်းထန်စွာရွာသွန်းပါက အပင်ပေါက်နှုန်းထိခိုက်နိုင်သည်။ စပါးစိုက်ရန် ပျိုးခင်းကို စနစ်တကျပြုစုပေးရမည်။ ပျိုးခင်းကို မြေဆီသြဇာ ထက်သန်သော နေရာတွင်ပြုလုပ်ရမည်။ သစ်ဆွေး၊ နွားချေးဆွေး၊ စက်ဖွဲပြာများ ထည့်သွင်းပေးရမည်။ အရွယ်အစားညီညာသော ပျိုးပင်များရရှိစေရေး အတွက် ပျိုးခင်းမျက်နှာပြင်ညီညာအောင်ဆောင်ရွက်ရမည်။

ရွှေပြောင်းစိုက်ခြင်းတွင် ချက်ချင်းနုတ်၊ချက်ချင်း စိုက်ပျိုးရမည်။ ပျိုးမနုတ်မီ သုံးရက်ခန့်ကြိုတင်၍ ရေသွင်းရမည်။ ပျိုးနုတ်ရာတွင် ပျိုးပင်ခြေမှစနစ်တကျကိုင်တွယ်၍ ညင်သာစွာနုတ်ရမည်။ ပျိုးပင်များကို တင်းကျပ်စွာစည်းခြင်းမပြုရ။ ပျိုးနုတ်ပြီးပြီးချင်း ချက်ချင်းစိုက်ပျိုးရမည်။ ကောက်စိုက်ပြီးနောက် ကောက်ပင်ဖာခြင်းကို တစ်လအတွင်းဆောင်ရွက်ရမည်။ ကောက်ပင်လှန် မြန်ဆန်စေရန်အတွက် ကောက်စိုက်ရာတွင် ပျိုးပင်ကို တစ်လက်မ သို့မဟုတ် ၁ ဒသမ ၅ လက်မထက်မနက်စေရ။ ကောက်စိုက်ရာတွင် ကောက်ကွက်တစ်ကွက်လျှင် လက်ဆန့်စပင်၊ သုံးပင်စိုက်ပျိုးရမည်။

ရေသွင်းခြင်းတွင် ရေသွင်းရေထုတ်မှန်ကန်အောင်ပြုလုပ်ရမည်။ စပါးအပင်ပေါက်ပြီးနောက် နှစ်ပတ်အတွင်း အပင်ငယ်များရေမမြုပ်စေရန် သတိပြုရမည်။ ရေသွင်းရေခန်းစနစ်ကိုကျင့်သုံးရမည်။ သန္ဓေစတည်ချိန်နှင့် ရင့်မှည့်ချိန်အကြားတွင် သွင်းရေ လုံလောက်အောင်ပြုလုပ်ရမည်။

မြေသြဇာကျွေးခြင်းတွင် သွင်းအားစုကို အချိန်ကိုက် အချိုးကျထည့်သွင်းရမည်။နွားချေးဆွေးနှင့် သဘာဝမြေသြဇာကို ရရှိပါက ထည့်သွင်း၍ ၅၀ ဂရမ်ပါ တီစူပါတစ်အိတ်၏ နှစ်ပုံ တစ်ပုံနှင့် ၅၀ ဂရမ်ပါ ပိုတက်ရှ်တစ်အိတ်၏ လေးပုံ တစ်ပုံကို မြေခံအဖြစ်ထည့်သွင်းရမည်။

စိုက်ပြီးငါးရက်အတွင်း ၅၀ ဂရမ်ပါ ယူရီးယားတစ်အိတ်၏ လေးပုံ တစ်ပုံနှုန်းဖြင့် ပထမအကြိမ်၊ စိုက်ပြီး ၂၀ ရက်တွင် ၅၀ ဂရမ်ပါ ယူရီးယားတစ်အိတ်၏ နှစ်ပုံ တစ်ပုံနှုန်းဖြင့် ဒုတိယအကြိမ်၊ စိုက်ပြီး ၃၅ ရက်တွင် ၅၀ ဂရမ်ပါ ယူရီးယားတစ်အိတ်၏နှစ်ပုံ တစ်ပုံနှုန်းဖြင့် တတိယအကြိမ်၊ အလံရွက် (စပါးနံ့မထွက်မီထွက်သည့်အရွက်) ထွက်ချိန်တွင် ၅၀ ဂရမ်ပါ ယူရီးယားတစ်အိတ်၏ လေးပုံ တစ်ပုံနှင့် ၅၀ ဂရမ်ပါ ပိုတက်တစ်အိတ်၏ လေးပုံ တစ်ပုံနှုန်းဖြင့် စတုတ္ထအကြိမ် စုစုပေါင်းလေးကြိမ်ထည့်သွင်းရမည်။ မြေသြဇာထည့်သွင်းပေးပြီးတိုင်း ရေစပ်စပ်ထားရှိ၍ တမန်းနှိုးကိရိယာဖြင့် တမန်းနှိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။

ပိုးမွှားရောဂါကာကွယ်ခြင်းတွင် ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှု ရှိ၊ မရှိကို အမြဲမပြတ်ကွင်းဆင်းကင်းထောက်စစ်ဆေးပြီး ပိုးသတ်ဆေးကိုလိုအပ်မှ သာအသုံးပြုရမည်။ ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာနေရာဖြစ်သော ပေါင်းပင်နှင့် ပင်ကြွင်းပင်ကျန်များကို သုတ်သင်ရှင်းလင်းရမည်။ ကြွက်ကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် စိုက်ခင်း၏ ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ရှင်းလင်းခြင်း၊ ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကာပစ္စည်းများ အသုံးပြုခြင်းစသည့် နည်းလမ်းများကို ဆောင်ရွက်ရမည်။ ဘက်စုံ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်ကို ကျင့်သုံးရမည်။

ပေါင်းမြက်ရှင်းလင်းခြင်းတွင် ပေါင်းမြက်ထူထပ်ပါက စပါးအထွက်နှုန်းကို ထိခိုက်စေသည့်အတွက် ထိထိရောက်ရောက်ပေါင်းကို နှိမ်နင်းရမည်။ မြေကို ကောင်းစွာပြုပြင်ခြင်းဖြင့် ပေါင်းမြက်များကို နှိမ်နင်းနိုင်သည်။ ပေါင်းနှိမ်နင်းခြင်းကို လက်ဖြင့်လည်းကောင်း၊ ပေါင်းသတ်ဆေးဖျန်းခြင်းဖြင့်လည်း ကောင်းဆောင်ရွက်ရမည်။ ပေါင်းပင်အမျိုးအစားပေါ်မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကိုဆေးညွှန်းအတိုင်းတိကျစွာအသုံးပြုရမည်။

ရိတ်သိမ်းခြင်းတွင် စပါးနံ့၏ ၈၅ ရာခိုင်နှုန်းရင့်မှည့်ချိန် (မောင်းညှိုချိန်) ၌ အလေအလွင့်အနည်းဆုံး နည်းလမ်းဖြင့်ရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့စက်များအသုံးပြုရမည်။ စပါးအစိုဓာတ်သည် မျိုးအတွက် ၁၃ ရာခိုင်နှုန်းနှင့် စားသုံးမည့်စပါးအတွက် ၁၄ ရာခိုင်နှုန်း လိုအပ်သည်။

သိုလှောင်ခြင်းတွင် ရိတ်သိမ်းပြီးပြီဆိုပါက စပါးများကို ၂၄ နာရီအတွင်းအခြောက်ခံထားရမည်။ စပါးခြောက်၍ သိုလှောင်ချိန်တွင် လေဝင်လေထွက်ကောင်းသောနေရာများနှင့် သန့်စင်ထားသော သီးသန့်အဆောက်အအုံများတွင် စနစ်တကျ သိုလှောင်ထားရမည်။

နိုင်ငံတကာဈေးကွက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ယခုနှစ်မတ် ၅ ရက်မှ ၁၁ ရက်ထိ ဈေးကွက်အခြေအနေထုတ်ပြန်ချက်များအရ ဧည့်မထစပါးမျိုးအုပ်စုဝင် စပါးမျိုးများ၏ ဈေးနှုန်းမှာ မက်ထရစ်တန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဒေါ်လာမှ ၃၈၅ ဒေါ်လာအတွင်းရှိကြောင်း လေ့လာတွေ့ရှိရသည်။

❖ ဧည့်မထစပါးမျိုးအုပ်စုတွင် အောင်နိုင်တိုး (YKQR-01)၊ ဧရာမင်း၊ ရတနာတိုး၊ မော်ဘီ-၂၊ လုံးသွယ်မွှေး၊ နံ့သာမွှေး၊ ဆင်းကေရီ-၃ စသည့်မျိုးများအပြင် စပါးမျိုးကွဲပေါင်းများစွာပါဝင်သည်။ ၎င်းမျိုးများကို မိမိတို့ရေမြေဒေသနှင့် ကိုက်ညီသောမျိုးများကိုရွေးချယ်၍ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးနည်းစနစ်များကိုအသုံးပြု၍ စနစ်တကျစိုက်ပျိုးမည်ဆိုပါက အရည်အသွေးကောင်း၊ အထွက်ကောင်းသော စပါးမျိုးများရရှိ၍ ပန်းတိုင်အထွက်တိုးတက်ရရှိလာနိုင်မည်ဖြစ်သည်။ ❖

စပါးသီးနှံစိုက်ပျိုးရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် နည်းစနစ်အတိုင်း စနစ်တကျ စိုက်ပျိုးခြင်းအားဖြင့် စပါးတစ်ဧက ပန်းတိုင်ပြည့်မီ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အရည်အသွေးကောင်း၊ အထွက်ကောင်းသော၊ ဈေးကွက်အလားအလာရှိသော စပါးမျိုးအုပ်စုများကို ရွေးချယ်စိုက်ပျိုးခြင်းအားဖြင့် တောင်သူများ ဝင်ငွေတိုးတက်စေပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုစေမည်သာမက ပြည်တွင်းစားသုံးမှုဖူလုံ၍ နိုင်ငံခြားဝင်ငွေရရှိရန် ပြည်ပဈေးကွက်သို့ တင်ပို့လာနိုင်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရှေအိ

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



(၁)

ကျောင်းတက် သံချောင်းခေါက်သည်နှင့် တစ်ပြိုင်နက် ကျောင်းသား၊ ကျောင်းသူများအာလုံး ကိုယ့်အခန်းသို့ အသီးသီးဝင်သွားကြ၏။ ကျောင်းလေးက အခြေခံပညာမူလတန်းကျောင်းလေးပင် ဖြစ်သည်။ သည်ကျောင်းလေးတွင် ဆရာ၊ ဆရာမ လေးဦးသာရှိသည်။

သုံးဦးက ရွာခံကဖြစ်ပြီး ဆရာမ ဒေါ်ဖြူဖြူ တစ်ဦးသာ အခြားရွာမှ တာဝန်ကျသော ဆရာမ တစ်ဦးပင်ဖြစ်သည်။ ဆရာမက အမြဲလိုလိုနောက်ကျမှ လာတတ်သည်။ သူနေသည့်ရွာနှင့် တာဝန်ကျသည့် ကျောင်းက တစ်မိုင်ကျော်ကျော်ဝေးသည်။ ဆရာမက ဆိုင်ကယ်မစီးတတ်ပေ။ ကျောင်းကိုစက်ဘီးနှင့်သာ လာသည်။ ယခု ဆရာမ မရောက်သေးသော်လည်း သူတာဝန်ယူသင်ကြားလျက်ရှိသည့် ဒုတိယတန်းရှိ ကျောင်းသား၊ ကျောင်းသူများကတော့ စာကျက်သံ များနှင့်ဆူညံနေသည်။

ဆရာဦးချစ်ဆွေသည် ဆရာမဒေါ်ဖြူဖြူ လာမည့် လမ်းကိုမျှော်နေမိသည်။ ထိုစဉ် ဆရာမ ဒေါ်ဖြူဖြူသည် ကျောင်းဝင်းအတွင်းသို့ ဝင်လာသည်ကိုတွေ့ရသည်။ သူ့ကိုမြင်သည်နှင့် သူ့တပည့်လေးများက အပြေး အလွှားရောက်လာကြသည်။ စက်ဘီးကို တွန်းသူက တွန်း၊ ထမင်းချိုင့်ဆွဲခြင်းလေးကို ဆွဲသူကဆွဲနှင့် ခရီးဦး ကြိုဆိုကြသည်။ စက်ဘီးကိုရသွားသည့် ထွေးလှဆို သည့်ကျောင်းသူကလေးကကျောင်းအတွင်းရှိကုက္ကိုပင် အောက်တွင်ထားပြီး အတန်းထဲပြန်ဝင်သွား၏။

ဝေယံဆိုသည့် ကျောင်းသားက ဆွဲခြင်းလေးကို ရုံးခန်းထဲက စားပွဲပေါ်တင်ပြီး ထွက်လာခဲ့သည်။ ခြင်းလေးထဲတွင် လှပသေသပ်စွာ အနီရောင်ဖဲကြိုး လေးနှင့်ချည်နှောင်ထုပ်ပိုးထားသည့် အထုပ်လေးကို မြင်လျှင် လှပစွာပြုံးလိုက်၏။ ထိုအပြုံးကို ဆရာမ ဒေါ်ဖြူဖြူ မြင်သော်လည်း မသိဟန်ပြုကာ ရုံးထဲတွင် အသင့်ရှိနေသည့် ဆရာကြီးဦးချစ်ဆွေကို အပြုံးနှင့် နှုတ်ဆက်လေ၏။

" မင်္ဂလာပါ ဆရာ"

" မင်္ဂလာပါ ဆရာမ"

"ထိုင်ပါ ဆရာမရဲ့တပည့်တွေက ဆရာမကို တော်တော် ချစ်ကြောက်ရိုသေကြတယ်နော်။ ဆရာမ မရောက်သေးပေမဲ့ ကလေးတွေ ဆူညံမနေဘဲ စာတွေ ကျက်နေကြတယ်"

ဆရာမပြုံးလျက် နားထောင်နေ၏။

"ကျောင်းသာပိတ်ပေမဲ့ ဆရာမရဲ့သတင်းတွေက ပန်းနှယ်မွှေးကြူနေတာပဲ။ ကျောင်းပြန်ဖွင့်ရင် စာမေးမယ်ဆို။ ရတဲ့ကလေးကိုလဲ ဆုချမယ်လို့ ပြောတယ်ဆို အဲဒါအမှန်လား"

"အမှန်ပါဆရာ။ ဒါလေးက သူတို့ကိုပေးမဲ့ဆုလေးပါ"

ဆရာမသည် စားပွဲပေါ်တင်ထားသည့် အထုပ် ကလေးကိုပြလိုက်၏။ ဆရာဦးချစ်ဆွေက ထပ်ပြီး ပြောလာပြန်၏။

"ဆရာမကို ဆရာပြန်လုပ်တာမဟုတ်ပါဘူး။ ကလေးတွေအပေါ်ထားတဲ့ ဆရာမရဲ့စေတနာ၊ မေတ္တာကို နားလည်ပါတယ်။ ဒ့ါကြောင့်မို့ ဆရာမ စေတနာတွေ၊ ဝေဒနာမဖြစ်ပါစေနဲ့လို့ ပြောပါရစေ"

ဆရာဦးချစ်ဆွေ၏စကားက ဘာကိုရည်ရွယ် သလဲ သဘောကျစွာပြုံးမိလေ၏။ ဆရာဆိုတာ တစ်ချိန်က တပည့်ဖြစ်ခဲ့ဖူးသည်ကို မေ့သွားခဲ့၏။ ငယ်စဉ်ကျောင်းသားဘဝတုန်းက စာမေးမည်ဟုပြော သည့်ခဏတွင် ဆရာ၊ ဆရာမကိုကြောက်ပြီး အသေ အလဲ ကြိုးစားကျက်မှတ်ခဲ့ကြသည်။ သည်အခါကျ လျှင် ဆရာတွေမေးသမျှ ဒိုးခနဲ ဒေါက်ခနဲ ဖြေနိုင်၏။ သူတင်မဟုတ်ပါ။ အားလုံးပြုကျင့်နေကြမို့ အထာကို သိနှင့်နေသည်။ ဆရာမဒေါ်ဖြူဖြူသည် မေးမည့် စိတ်ကူးကိုဖျောက်ပြီး အထုပ်လေးကို ရုံးခန်းထဲက ဗီရိုထဲသော့ခတ်ပြီး အတန်းဘက်သို့ကူးလာခဲ့၏။

ကျောင်းမပိတ်ခင် အရင်ရက်ကဖြစ်သည်။နေ့လယ် ခင်းစာသင်ချိန်တွင် သူသည် ရှေ့ကနေ အခေါက် ခေါက်အခါခါ အခြေခံသင်္ချာတွက်နည်းလေးတစ်ပုဒ် ကိုသင်ပြနေချိန်တွင် တပည့်များက စာကိုစိတ်မဝင် စားဘဲ နောက်ကနေဆော့နေကြသည်။ ကျောပေး ထားသည်မို့ မမြင်ခဲ့ပေ။ ထိုစဉ် ဘယ်သူပစ်လွှတ်လိုက် မှန်းမသိသည့် စက္ကူစွန်လေးက သူ့ရှေ့သို့ကျလာ၏။ တရားခံကို မေးသော်လည်းမဖြေကြပေ။ သူသည် သင်ပြခြင်းမှခဏရပ်ကာ သင်္ချာပုစ္ဆာအား တပည့်များ ကို တွက်ခိုင်းလိုက်၏။ ကျောင်းသားဦးရေ ၃၀ ကျော် ၄၀ ရှိသည့်အနက် ဝေယံဆိုသည့်ကျောင်းသားသာ မှန်အောင်တွက်နိုင်ခဲ့သည်။ ဒေါ်ဖြူဖြူသည် စိတ်ဆိုး ပြီး ဝေယံကလွဲလျှင် ကျန်သည့်ကျောင်းသားများကို ရိုက်ပြီးဆုံးမခဲ့၏။

"ငါ စာသင်ချိန်မှာ စာကိုစိတ်မဝင်စားဘဲ နောက် ကနေ ဆော့နေတာအမုန်းဆုံးပဲ။ မင်းတို့ သိပ်ကံ ကောင်းသွားတယ်။ မနက်ဖြန် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်၊ အလီကို တစ်ကနေ ၁၆ ထိ မထစ်မငေါ့ဘဲ ရအောင်ကျက်ခဲ့ကြမရရင် ဒီထက်နာ မယ်။ ရတဲ့လူကို ဆရာမဆုချမယ် ကြားလား"ဟု စိတ်ဆိုးစွာနှင့်ပြောခဲ့မိသည်။

(၂)

ကျောင်းဖွင့်ရက်တွေသာ များလာခဲ့သည်။ စာနှင့် ပတ်သက်ပြီး ဘာမျှမေးမြန်းခြင်းလည်း မပြုခဲ့ပေ။ တစ်နေ့ ဆရာမဒေါ်ဖြူဖြူသည် ခါတိုင်းနေ့များထက် နောက်ကျမှ ကျောင်းသို့ရောက်လာခဲ့သည်။ နောက် ကျရသည့်အကြောင်းက လမ်းတွင် သူစီးလာသည့် စက်ဘီးပေါက်လို့ ရွာထဲကဘီးဖာသည့်ဆိုင်တွင် ထားခဲ့ရသည်။ ဘီးဖာသည့်လူငယ်က သူကိုယ်တိုင်ပဲ ကျောင်းသို့ ဆိုင်ကယ်နှင့်လိုက်ပို့ပေးသည်။ ကျောင်း ရှေ့တွင် ရပ်ပေးရန်ပြောသော်လည်း လူငယ်က လက်မခံ ရုံးခန်းရှေ့နားသို့ထားပြီးမှ ပြန်သွား၏။ သူ ကျောင်းသို့ရောက်နေသည်ကို မသိကြဘဲ တပည့်များ က အပြေးအလွှားဆော့နေကြသည်။ အသံဗလံတွေက ကျယ်လောင်ဆူညံနေတော့၏။ ဆရာမ ဒေါ်ဖြူဖြူ သည် စိတ်မထိန်းနိုင်ဘဲ အနီးရှိကြိမ်လုံးကိုဆွဲ ဒေါ်နှင့်မောနှင့်ထွက်လာစဉ် အခန်းထောင့်လေးနား အရောက်တွင် ကြားရသည့်စကားသံများကြောင့် ခြေလှမ်းရပ်တန့်သွား၏။ ဆက်မသွားတော့ဘဲ ရပ်နားထောင်နေမိခဲ့၏။

"ငါ စာပဲကျက်ပါရစေ ဝေယံရယ်။ ငါ့ကို မနှောင့် ယှက်ပါနဲ့နော်။ ငါတောင်းပန်ပါတယ် သွားပါနော်"

စာကျက်နေသည့် ထွေးလှဆိုသောကျောင်းသူကို ဝေယံဆိုသော ကျောင်းသားက အတင်းဆွဲထူနေ၏။ ထွေးလှက ဇွတ်ပင်ငြင်းဆန်နေ၏။ ဝေယံကအတန်း ထဲတွင် စာအင်မတန်တော်သည့် ကျောင်းသား၊ ထွေးလှက အတန်းထဲတွင် စာအတော်လေးညံ့ဖျင်း လွန်းသည့် ကျောင်းသူ။ မေးလိုက်တိုင်းရတဲ့အခါ မရှိ။ အရိုက်ပဲခံနေရရှာသည်။ ထွေးလှ ကိုယ့် အကြောင်း ကိုယ်သာလျှင် အသိဆုံးဖြစ်သည်။ ဖိုးတုတ်၊ မိုးမြင့်အေး၊ သံချောင်း၊ အေးမာတို့ တပျော် တစ်ပါးဆော့နေကြသည်ကိုမြင်သည်။ ဆော့လည်း ဆော့ချင်ခဲ့သည်။ သို့သော် သူမဆော့ရဲ၊ ဆော့မည် ကြံတိုင်း ဆရာမ၏ကြိမ်လုံးကိုပဲ မျက်လုံးထဲမှာ မြင်ယောင်နေ၏။ ကြိမ်လုံးဒဏ်က အသည်းခိုက် အောင်နာသည်။ ဆရာမက သူ့ကိုမုန်း၍ ရိုက်ခြင်းမျိုး မဟုတ်မှန်းနားလည်သည်။ ဆရာမက သူ့ကို တတ်စေချင်သည့်စိတ်နှင့် ရိုက်မှန်းသိသည်။ ရိုက်ပြီး တိုင်းဆရာမမျက်နှာညိုးသွားတာ စိတ်မကောင်းဖြစ် သွားတာ မြင်နေရလေတော့ ဆရာမကို ပိုပြီးသနား လာသည်။ ထို့ကြောင့်မို့ ဆရာမအတွက် စိတ် အနှောင့်အယှက်မဖြစ်အောင် စာကိုမရမချင်း ကျက် မည်ဟုဆုံးဖြတ်ထားခဲ့သည်။ သူနှင့်လိုက်ရန်ခေါ်သော် လည်း မလိုက်သည့်သူ့ကို ဝေယံက စိတ်ဆိုးသွား၏။

"အောင်မာ မလိုက်ချင်နေပေါ့။ စကားကြီး စကား ကျယ်နဲ့ နှောင့်ယှက်သလေး ဘာလေးနဲ့ စေတနာကို စော်ကားတယ်"

ဝေယံကစိတ်ဆိုးပြီး လှည့်ထွက်သွားစဉ် ထွေးလှ က မတ်တပ်ရပ်ပြီး-

"ဝေယံ နင်ကော ဆရာမ ကျက်ခိုင်းထားတဲ့ အလီတွေ အကုန်ရပြီလားဟင်"

"အလီ ဟုတ်လား"

"အေးလေ ဆရာမက ငါတို့ကို အလီရရင် ဆုချမယ် လို့တောင်ပြောသေးတယ်။ ဒါတွေ နင်မေ့နေတာလား"

"မမေ့ပါဘူး တမင်ကို မကျက်တာ။ ဒါအမှန်မှ မဟုတ်တာ ဆရာမသက်သက်မဲ့ညာနေတာ လက်စ သတ်တော့ နင်စာတွေကြိုးစားပမ်းစားကျက်နေတာ ဆရာမပေးမဲ့ ဆုကိုမျှော်နေတာကိုး"

"ငါ ဆုကို လိုချင်လို့ ကျက်နေတာမဟုတ်ရ ပါဘူး ဝေယံရယ်။ ငါတကယ်မရသေးလို့ပါ။ အတန်း ထဲမှာ ငါက စာအညံ့ဆုံးသူပါ ဝေယံရယ်။ စာမရလို့ ဆရာမရဲ့ အရိုက်ချည်းပဲခံနေရတာ နင်အမြင်ပဲလေ။ ဆုဆိုတာ ငါ့ဘဝမှာ မမျှော်မှန်းရဲပါဘူး ဝေယံ။ ရချင်းရ စာတော်တဲ့နင်ပဲရမှာပါဟာ။ ငါနင့်ကို တအားအားကျတာပဲသိလား။ နင့်လို ဉာဏ်ကောင်း ပါစေ၊ မေးလိုက်တိုင်းရပါစေလို့ ငါဘုရားမှာ နေ့တိုင်း ဆုတောင်းနေတာ"

ထွေးလှစကားကြားလျှင် ဝေယံကပြုံးနေ၏။

"ငါ့မှာသာ တန်ခိုးရှိရင် နင်ဆန္ဒတွေအကုန် ဖြည့် ဆည်းပေးတယ် သိလား။ ထွေးလှ အခုတော့ ငါမဖြည့် နိုင်ဘူး။ ငါဆော့ချင်တာပဲ သိတယ်ဟာ။ ငါသွား ဆော့တော့မယ်"

"ဟဲ့ ငါမေးတာ ဖြေအုံးလေ"

ဝေယံက လက်ခါပြီး ဘောလုံးကန်နေသည့် ဖိုးတုတ်တို့အနားသို့ ပြေးထွက်သွားလေ၏။

(၃)

ဆရာမဒေါ်ဖြူဖြူသည် တပည့်မလေး ထွေးလှ အကြောင်းတွေးနေမိသည်။ သူ့အပေါ် အထင်နှင့် အမြင်လွဲမှားခဲ့သည်။ တကယ်တမ်းတွင် တပည့်မလေး က စာကြိုးစားရှာသည်။ သူ့ခမျာ ဉာဏ်မကောင်း ရှာသူမို့ ကြိုးစားသလောက်အရာမထင်ဖြစ်နေမှန်း ယခုမှပင်သိခဲ့ရသည်။

ထွေးလှကိုလည်း သူများနည်းတူစာတော်စေချင် တတ်တော်စေချင်လို့ အမုန်းခံ စေတနာထားပြီး ရိုက်နှက်ဆုံးမခဲ့သည်မှာ အကြိမ်ကြိမ်အခါခါ။ အချိန် နာရီများသာ ရွှေ့လျားကုန်ဆုံးသွား၏။ မိမိလိုချင်သော အလင်းတန်းရောင်ခြည်ဦးလေးက ဖြစ်မလာခဲ့ချေ။ ဆရာတို့မည်သည်ကား တပည့်များအပေါ် ကျောသား၊ ရင်သား ခွဲခြားဆက်ဆံ သင်ပြတာမျိုး မရှိရိုးအမှန်ပါ။ အားလုံးကို တန်းတူညီတူ တတ်စေ ချင်သည့် စိတ်ဆန္ဒအပြည့်အဝရှိကြသည်။ ဆရာတို့ ဘဝက အိုးဖုတ်တဲ့အိုးသည်နှင့်တူသည်ဟု ခိုင်းနှိုင်း ပြဆိုကြသည်ကို ကြားဖူးဖတ်ဖူးသည်။ အဖိုးတန် အိုးကောင်းတစ်လုံးရရန်အတွက် တုတ်နှင့်နာနာထုရ သည်တဲ့၊ သူ့စေတနာများက တပည့်များရင်မှာ ဝေဒနာဖြစ်ကာ အပြိုးထားမုန်းမာန်ဖွဲ့မှာလည်း စိုးရွံ့မိသည်။ ယခုတော့ ဆရာမ ဒေါ်ဖြူဖြူစိတ်ထဲ ပင်ပန်းရကျိုးနပ်ခဲ့လေပြီ။

(၄)

ဆရာမ ဒေါ်ဖြူဖြူသည် တပည့်များအားလုံး၏ လွယ်အိတ်ကို စားပွဲပေါ် လာထပ်ခိုင်းလိုက်သည်။ တပည့်များကလည်း တစ်ယောက်မကျန် လာတင်ကြ သည်။ ဆရာမ၏ ထူးဆန်းသောအပြုအမူကြောင့် တပည့်များအားလုံးက နားမလည်သော မျက်ဝန်းနှင့် ကြည့်နေကြသည်။ ပြီးမှ ဆရာမဒေါ်ဖြူဖြူက-

စာမျက်နှာ ၂၅ သို့ ➤

ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၈၅၇ ဧက စိုက်ပျိုးမည်

ယခင်နှစ်က စပါးခင်းကို တွေ့ရစဉ်။

ကသာ ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၈၅၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၈၅၇ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဗန်းမောက်မြို့နယ်အတွင်း စပါး ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာနဲ့ မျိုးတွေဆောင်ရွက်ပေးမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀ဖ)

➢ **စာမျက်နှာ ၂၄ မှအဆက်**

"ဆရာမ မင်းတို့ကို ဘာကြောင့် အခုလိုလုပ်ရသလဲဆိုတော့ ဆရာမ မင်းတို့ကို စာမေးမလို့ကွဲ့"

"ဟင်"

"ဟာ"

တပည့်များဆီက အသံမျိုးစုံထွက်ပေါ်လာ၏။

"ဟောဒါက ဆရာမ မင်းတို့ကို ပေးမယ်ဆိုတဲ့ ဆုလေးပဲကွဲ့"

ဆရာမဒေါ်ဖြူဖြူသည် အားလုံးမြင်အောင် အနီရောင်ဖဲကြိုးလေးနှင့် လှပသေသပ်စွာချည်နှောင်ထုပ်ပိုးထားသည့်အထုပ်လေးကို ပြလေ၏။ သည်အထုပ်ကို မြင်မှ ဝေယံစိတ်တွေ ပိုပြီးလှုပ်ခတ်သွား၏။ သူကိုယ်တိုင်ရုံးခန်းထဲလိုက်ပို့ပေးသော ပစ္စည်းလေးပင်။ သည်တုန်းက ဆရာမကို ဘာမျှမေးမြန်းခြင်းမပြုဘဲနေခဲ့သည်။ ယခုကျမှ သူတို့ကိုပေးမည်ဆုဆိုတာ သိလိုက်ရ၏။

ဝေယံစိတ်တွေ ယောက်ယက်ခက်နေ၏။ ပျာဝေနေ၏။ စာနှင့်ပတ်သက်လာလျှင် ဆရာမ ဒေါ်ဖြူဖြူက သူ့ကိုအရင်ဦးဆုံးမေးတတ်သည်။ မေးသည့်အခါတိုင်း ဒိုးခနဲ ဒေါက်ခနဲဖြေနိုင်သည်။ အတန်းထဲတွင် စာအတော်ဆုံးမို့ ဆရာမ၏အချစ်နှင့် အလိုလိုက်ခြင်းကိုရခဲ့သည်။ သူငယ်ချင်းများအလယ်တွင် မျက်နှာပန်းပွင့်ခဲ့သည်။ ကိုယ့်ကိုယ်ကိုယ်လည်း ငါကွဟုလည်း မဏ္ဍာပ်တိုင်တက်ခဲ့ဖူးသည်။ မနက်ကတောင် ထွေးလှစာကျက်နေသည်ကို နှောင့်ယှက်ခဲ့သေး၏။

ဝေယံသည် စာရမရ ဦးနှောက်ကို ပြန်ဆန်းစစ်မိစဉ် တုန်လှုပ်ခြောက်ခြားသွား၏။ အာရုံတွေစုစည်းပြီး အလီကိုရွတ်ဆိုနေမိသည့်တိုင် ဘယ်လိုမှဆိုကြည့်လို့မရ။ ဆရာမ ကျက်ခိုင်းစဉ်အခါက အလီကို ထုံးလိုမွေ ရေလို့နှောက်နိုင်ခဲ့သည်။ အချိန်၊ နာရီ၊ ရက်၊ လတွေ ကြာလာသည်နှင့် အမျှ ဆရာမက စာနှင့်ပတ်သက်ပြီး ဘာတစ်ခုမျှ မေးမြန်းခြင်းမရှိတာရယ်၊ ဆရာမ သူတို့ကိုလိမ်ညာသည်ဟုအထင်လွဲကာ စာကို မကြည့် ဂရုမစိုက်တော့ဘဲ ခပ်ပေါ့ပေါ့ပဲနေခဲ့သည်။ ယခုကျမှ နောင်တကြီးစွာရမိသည်။ ဝေယံစိတ်ထဲတွင် ထွေးလှကော ရပ့်မလားလို့ တွေးမိသေးသည်။ သည်အတွေးက ခဏအတွင်းပင် ပျောက်ကွယ်သွား၏။ အထင်ကြီးလေးစားခံရသည့်အထဲတွင် ထွေးလှမပါနိုင်ဘူးဟု ထင်ခြင်းကြောင့်ပင်ဖြစ်သည်။ အတန်းလုံး အပ်ကျသံကြားနိုင်အောင် သည်ထိ တိတ်ဆိတ်နေကြသည်။ ဆရာမ ဒေါ်ဖြူဖြူသည် ဝေယံဆိုသည့်ကျောင်းသားဆီ အကြည့်ရောက်သွားခဲ့၏။ ဆရာမအကြည့်ကြောင့် ဝေယံက ချက်ချင်းပဲခေါင်းငုံ့သွား၏။ ဝေယံ ချွေးတွေပြန်တုန်လှုပ်နေတာ မြင်နေရ၏။

"ဝေယံ"

"ဗျာ .... ဆရာမ"

ဆရာမ၏ခေါ်သံကြောင့် ဝေယံ အသံများတုန်လျက် ထစ်ငေါ့စွာ ပြန်ထူးသည်။

"ဆရာမက ဘယ်တော့မဆို စာနဲ့ပတ်သက်လာရင် မင်းကိုပဲ ဦးစားပေး မေးတယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

"သိပါတယ် ဆရာမ"

"အခုလဲ မင်းကိုပဲမေးမယ်။ ဒါကြောင့်မို့ အတန်းရှေ့ထွက်ပြီး အလီကို သူငယ်ချင်းတွေကြားအောင် ဆိုပြလိုက်ပါအုံး"

ဝေယံသည် အတန်းရှေ့ထွက်ပြီး အလီကိုစ၍ဆိုလေ၏။ ဆရာမနှင့် သူငယ်ချင်းများက သူ့ကိုစူးစိုက်ကြည့်နေကြသည်။ သည်အကြည့်တွေကြောင့် ဝေယံစိတ်တွေ ဆောက်တည်ရာမဲ့လို့နေသည်။

ဝေယံသည် အလီကိုကောင်းကောင်းမဆိုပြနိုင်။ ထစ်ထစ်ငေါ့ငေါ့နှင့် စိတ်ထဲရှိရာဆိုနေသည်မို့ ဆရာမ ဒေါ်ဖြူဖြူသည် ဆက်မဆိုခိုင်းတော့ဘဲ ဝေယံကိုကြိမ်လုံးနှင့် ခပ်နာနာ ရိုက်ပြီးဆုံးမလိုက်၏။ ထိုမြင်ကွင်းကို ကြည့်ကာ အားလုံးထိတ်လန့်သွား၏။ ဆရာမမျက်နှာတစ်ပြင်လုံး မီးတောက်လိုနီရဲနေသည်။ အသံကလည်း ကျယ်လောင်ဟိန်းထွက်နေ၏။ နောက်တစ်ယောက်ပြီးတစ်ယောက် ရှေ့ထွက်ဆိုခိုင်း မရလျှင်ရိုက်နှင့် ဆူညံနေတော့သည်။ နောက်ဆုံး ထွေးလှအလှည့်သို့ ရောက်ရှိလာခဲ့သည်။ ထွေးလှသည် ဘယ်သူမှထင်မှတ်မထားသည့်အရာတစ်ခုကို လုပ်ပြသွားခဲ့၏။ အလီကို အထစ်အငေါ့မရှိ ဆုံးခန်းတိုင်အောင် ဆိုပြသွားခဲ့၏။ ဆရာမသည် ထွေးလှကို အံ့သြမှင်သက်စွာနှင့်ကြည့်နေမိသလို တစ်တန်းလုံး သြဘာ လက်ခုပ်သံများနှင့် ဆူညံနေသည်။ ဆရာမ ဒေါ်ဖြူဖြူသည် ထွေးလှအနားသို့သွားပြီ အနမ်းများဖြင့်လည်း ဂုဏ်ပြုမိလေသည်။ ဆရာမ၏အနမ်းပွင့်၊ သူငယ်ချင်းများ၏ လက်ခုပ်သံကြောင့် ထွေးလှသည် ဘယ်လိုမှမထိန်းနိုင်ဘဲ ဝမ်းသာလုံးဆို့ပြီးငိုနေရှာ၏။

"မင်ပါနဲ့ သမီးရယ် ဒါငိုစရာမှမဟုတ်ဘဲကွယ်။ ဆရာမကတော့ သမီးရဲ့စိတ်ထားလေးကို သဘောကျတယ်။ ကြိုးစားအားထုတ်မှုကို ကြည့်ပြီးဝိတိဖြစ် အားလဲရှိတယ်။ လူအများစုက သူများတော်နေ တတ်နေတာကို မနာလို မနှစ်မြို့ကြဘူး။ မုဒိတာမပွားနိုင်ဘူး။ မေတ္တာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးထဲမှာ မုဒိတာ တရားထားဖို့ အခက်ခဲဆုံးပဲ။ ထွေးလှနဲ့ ဝေယံပြောနေတာ ဆရာမ ကြားတယ်" ဝေယံအံ့သြသော မျက်လုံးများနှင့်ကြည့်နေ၏။ ဆရာမ ကဆက်ပြီး-

"ဘယ်သူ့သွေးထိုးစကားမှ နားမယောင်ဘဲ ကိုယ့်တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်နိုင်တဲ့ သမီးလေးဟာ အတန်းထဲမှာ အတော်ဆုံးပဲ။ ဆရာမပြောချင်တာက ကျောင်းနေအရွယ်မှာ စာကျက်ရမှာ ကလေးတို့ရဲ့တာဝန်ပဲ။ ဒါကြောင်မို့ စာကျက်ပါ။ ကလေးတို့တစ်တွေဟာ နောင်အနာဂတ်မှာ လောကကိုအလှဆင်မဲ့ ထွန်းလင်းတဲ့ကြယ်လေးဆိုတာ မှတ်သားထားကြပါကွယ်"ဟု ဆုံးမသြဝါဒပေးပြီး ဆရာမဒေါ်ဖြူဖြူသည် ထိုက်ထိုက်တန်တန် ဆုရသွားသည့် ထွေးလှကို ဆုပေးသည်။

ဆုလက်ခံယူနေသည့် ထွေးလှလက်တွေတုန်နေသလို တဖြောင်းဖြောင်းနှင့်ကြားလိုက်ရသည့် သြဘာလက်ခုပ်သံတွေက ကျောင်းအတွင်းရှိ ကုက္ကိုပင်ထက်တွင် နားနေသည့်ငှက်များပင် အလန့်တကြားဖြစ်ကာ ထပျံသည်ထိ ကျယ်လောင်မြည်ဟီးလို့နေလေတော့၏။

ကိုဗစ် ၁၉ သတိပြု

- လူတိုင်းသည် မပေ့ါဆပါဘဲ
ကာကွယ်ကြ သတိမပယ်၊
ကူးစက်တာ ခဏလျော့ပေမယ့်
ပေ့ါဆသော် ရောဂါဆိုး
တိုး၍လာမယ်၊
ကိုရိုနာ ကပ်ပျောက်ကင်းဖို့
သန့်ရှင်းကြ လက်ဆေးကွယ်
မက်(စ်)ဟန်းဂျယ် မပြတ်သုံး၊
လူသားတွေ ကျန်းမာရေးကို
လေးစားကာ လိုက်နာတတ်မှ
နောက်ထပ်မရှိး။

- လူသားတွေ စိတ်နှလုံးကိုလ
မကျဆုံးဖို့ အားတင်းရာ၊
ဖြေရှင်းကြံ
ကမ္ဘာ့ရန် ရောဂါအမှိုက်
တိုက်ဖျက်နိုင်မှာ၊
ကောင်းသတင်းရယ်က
စည်းလုံးခြင်း လက်တွဲကာ
အခက်အခဲဟာ လွင့်စဉ်ဝေး၊
တစ်ဦးမှ တစ်ဦးကို
ကူးစက်ပို့ ကိုဗစ်ကြီးကိုလ
နည်းလမ်းရှာ သုတ်သင်ရှင်း
ဖြိုခွင်းစို့လေး။ ။

ဖြိုးထက်(ရေစကြို)

မိတ္ထီလာမြို့နယ် ရိုးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိတ္ထီလာ ဇွန် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ရိုးကန်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးကာ ရိုးကန်ကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၉ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရိုးကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၂၁၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၈၈ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၄၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

မိုးနှင့်ယင်

မန်းတင့်မော်

ယခုနှစ် မန္တလေးတွင် မိုးဦးစောစောရွာသည်။ မိုးဦးကောင်းသည်ဟုဆိုရမည်။ မိုးရွာရက်များသော့သို့ မိုးရေချိန်လည်းများသည်။ မိုးမစမီကပင် အညာသရက်သီးများမှည့်စပြု၍ မိုးနှင့်အတူသရက်သီးမှည့်များလည်း လှိုင်လှိုင်ပေါ်ပြီဖြစ်သည်။ ကဆုန်လဆန်းကတည်းက ထန်းသီးမှည့်များကလည်း ပေါ်လာသည်။ ရာသီပေါ် ပိန္နဲသီးမှည့်များကလည်း မန္တလေးအနှံ့ ရောင်းဝယ်လာကြပြီဖြစ်သည်။ အသီးမှည့်များပေါ်ချိန်နှင့်အတူ ယင်ကောင်များလည်းပေါများလာခဲ့ပြီဖြစ်သည်။

ယင်ကောင်ဟူသောအင်းဆက်ပိုးမှာ လူတို့အတွက် အကျိုးမဲ့စေသော ရောဂါပိုးများကို သယ်ဆောင်ဖြန့်ဖြူးတတ်သော သတ္တဝါဖြစ်သည်။ ယင်ကောင်တစ်ကောင်သည် အခြားပျံသန်းနိုင်သော အင်းဆက်များနှင့်တူညီသော ခန္ဓာကိုယ်ဖွဲ့စည်းပုံရှိသည်။ ယင်ကောင်၏ခန္ဓာကိုယ်ကို အဓိကအစိတ်အပိုင်းသုံးပိုင်းခွဲခြားနိုင်သည်။ ဦးခေါင်းပိုင်း၊ ရင်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းတို့ဖြစ်ကြသည်။ ဦးခေါင်းပိုင်းတွင်ထင်ရှားသော မျက်လုံးတစ်စုံရှိသည်။ ယင်၏မျက်လုံးမှာ ခြောက်ထောင့်ပုံအပြားငယ်များ စုပေါင်းထားသောအမျိုးအစားဖြစ်သည်။ အမြင်အာရုံကောင်းသည်။ ၃၆၀ ဒီဂရီပတ်လည်ကို မြင်နိုင်သည်။ ထို့ကြောင့် ယင်သည်အန္တရာယ်ကြုံပါက ရွှေ့လျားမှုကို လျင်မြန်စွာရှောင်ရှားနိုင်သည်။ ထိုအချက်ကြောင့် ယင်ကောင်ကို အလွယ်တကူမဖမ်းယူနိုင်ပေ။ ယင်ကောင်၏မျက်လုံးများက အလင်းရောင်ကိုလည်း ကောင်းစွာအာရုံခံနိုင်သေးသည်။

ဦးခေါင်းပိုင်းတွင် အစာစုပ်ယူနိုင်သော ပြွန်ပုံပါးစပ် အစိတ်အပိုင်းတစ်ခုပါသေးသည်။ ၎င်း၏ဘေးတွင် အာရုံခံနိုင်သော အမွေးငယ်တစ်စုံပါရှိပြီး အနံ့နှင့်အသံကို အာရုံခံနိုင်သည်။ ရင်ပိုင်းတွင် တောင်ပံတစ်စုံနှင့် ခြေထောက်သုံးစုံရှိသည်။ ရှေ့ဘက်တောင်ပံမှာ ကြီးမားထင်ရှား၍ ပျံသန်းရာတွင် အဓိကအသုံးပြုသည်။ နောက်ဘက်တောင်ပံက ဟန်ချက်ညီအောင် ထိန်းညှိပေးသည်။ ယင်ကောင်တွင်အခြားအင်းဆက်များနည်းတူ ခြေထောက်သုံးစုံပါရှိသည်။ ခြေထောက်များတွင် အမွေးငယ်များပါရှိ၍ အလွယ်တကူကပ်ငြိနိုင်သည်။ ခြေထောက်များက ချောမွေ့သော မျက်နှာပြင်များပေါ်တွင်လည်း လမ်းလျှောက်နိုင်စွမ်းရှိသည်။ ခြေထောက်များတွင် စေးကပ်သော အရည်များလည်း ပါရှိတတ်သည်။ ဝမ်းဗိုက်ပိုင်း အပြင်ဘက်တွင် ဆစ်ပိုင်း ၁၀ ခုခန့်ရှိ၍ အတွင်းတွင် အစာခြေအဖွဲ့နှင့် မျိုးပွားအင်္ဂါအဖွဲ့များပါရှိသည်။

ယင်ကောင်၏ ဖြစ်တည်မှုသမိုင်းကိုလေ့လာရာတွင် လွန်ခဲ့သောနှစ်သန်းပေါင်း ၁၇၀ ခန့်က ပေါ်ပေါက်ခဲ့သည်ဟု ပညာရှင်များက ဆိုသည်။ ယနေ့တွေ့မြင်နေရသော ယင်ကောင်များက နှစ်သန်းပေါင်း ၅၀ ခန့်က စတင်ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။ ကျောက်ဖြစ်ရုပ်ကြွင်းသက်သေများအရ မှတ်သားရပါ၏။ သမိုင်းမတင်မီကာလက ယင်ကောင်များ၏ အစာများမှာ သက်ရှိပစ္စည်းဖြစ်သည့် အော်ဂဲနစ်အစာများဖြစ်သည်။ အပုပ်အစပ်များဟုလည်း သိရသည်။ ယည်ကျေးမှု တိုးတက်လာသည်နှင့်အမျှ လူသားတို့က ကျေးရွာနှင့်မြို့ပြများ ထူထောင်လာကြသည်။ ထိုအချိန်တွင် လူတို့စွန့်ပစ်သော အမှိုက်များ၊ အစားအစာများနှင့် မွေးမြူရေးတိရစ္ဆာန်အညစ်အကြေးတို့ကို ယင်ကောင်များက နှစ်ခြိုက်စွာစားသုံး၍ မျိုးဆက်ပွားကြသည်။ အီဂျစ်၊ ဂရိနှင့် ရောမလူမျိုးများက ယင်ကောင်ကို ညစ်ညမ်းမှု၏သင်္ကေတအဖြစ် ရှုမြင်သုံးသပ်ခဲ့ကြောင်းလည်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြခဲ့ကြသည်။

ကမ္ဘာ့သမိုင်းအလယ်ခေတ်တွင် ယင်ကောင်များက ရောဂါပိုးများသယ်ဆောင်လျက် ကပ်ရောဂါအသွင် ကူးစက်ပြန့်ပွားနိုင်ကြောင်း သိလာကြသည်။ ယင်ကောင်နှင့်လူ ဆက်စပ်ပုံကို စတင်သတိပြုလာပြီဟု ဆိုနိုင်သည်။ အရေးပါသောအခန်းကဏ္ဍတွင် ယင်ကောင်ကပါဝင်လာပြီဖြစ်သည်။ ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစပိုင်း ရောက်သောအခါ

သိပ္ပံပညာရှင်များက ယင်ကောင်များကို အထူးပြုလေ့လာမှုများ စတင်နိုင်ခဲ့ကြသည်။ ယင်ကောင်များ၏ ခန္ဓာဗေဒကို လေ့လာရာမှ ရောဂါပိုးမွှားများကို မည်သို့သယ်ဆောင် ဖြန့်ဖြူးသည်ကို ခြေရာခံမိကြသည်။ ယင်ကောင်ထိန်းချုပ်မှုအတွက် ပိုးသတ်ဆေးသုံးစွဲရန်နှင့် ယင်လုံအဆောက်အအုံဆောက်လုပ်ရန်လည်း စတင်နှိုးဆော်ခဲ့ကြသည်။

ယင်ကောင်ကို သိပ္ပံအမည်အားဖြင့် Musca Domestica ဟုခေါ်သည်။ မျိုးရင်း Mucidae တွင် ပါဝင်၍ မျိုးစဉ် Diptera အောက်တွင်ရှိပြီး အခြားယင်မျိုးစိတ်များလည်းရှိသည်။ Musca Domestica ယင်သည် အရွယ်အစားမှာ ငါးမီလီမီတာမှ ရှစ်မီလီမီတာခန့်ရှိသည်။ အဆိုပါယင်ကောင်၏ ဘဝစက်ဝန်းမှာ အခြားယင်မျိုးစိတ်များကဲ့သို့ အဆင့်လေးဆင့်ရှိသည်။ ဥ၊ လောက်လမ်း၊ ပိုးရုပ်ဖုံးနှင့် အရွယ်ရောက်အကောင်တို့ဖြစ်သည်။ ယင်မတစ်ကောင်က တစ်ကြိမ်ဥလျှင် ဥပေါင်း ၅၀၀ မှ ၁၀၀၀ ထိ ဥချတတ်သည်။ ယင်မျိုးစိတ်ပေါ်မူတည်၍ ဥအရေအတွက်ကွာခြားလေ့ရှိသည်။ ယင်များဥချသောနေရာများမှာ အလွန်ညစ်ညမ်းသော နေရာများဖြစ်ကြသည်။ လူနှင့်တိရစ္ဆာန်တို့၏ စွန့်ပစ်သော အညစ်အကြေး(မစင်)များ၊ ဟင်းသီးဟင်းရွက်အပုပ်အသိုးများ၊ မီးဖိုချောင်ထွက်စိုစွတ်သော အမှိုက်များပေါ်တွင် ဥချတတ်ကြသည်။ ဥမှအရွယ်ရောက်ယင်ကောင်ဖြစ်ရန် ငါးရက်မှခြောက်ရက်ခန့်သာကြာမြင့်သည်။

ယင်တစ်ကောင်မှ ဥပေါင်းများစွာကို ဥချအကောင်ပေါက်နိုင်ကြသည်။ ယင်မတစ်ကောင်က သန်းချီ၍ ဥချနိုင်ရာ အထက်ဖော်ပြပါ ညစ်ညမ်းသော နေရာများမှ ယင်များစွာပေါက်ဖွားလာနိုင်သည်။ ယင်ပေါက်ဖွားနှုန်းများပြားလာခြင်းကို မြန်မာတို့က "ဥသြတစ်ခွန်း ယင်တစ်ဇွန်း" ဟုတင်စားကြသည်။ အချို့ပညာရှင်များက ယင်ကောင်ရေတိုးပွားနှုန်းကို "မေမှာယင်တစ်ကောင် ဇွန်မှာယင်တစ်ထောင်"ဟု ဆိုကြသည်။ အရွယ်ရောက်ယင်ကောင်သည် ပေါက်ဖွားရာနေရာကဲ့သို့သော ညစ်ညမ်းနေရာများကို လူးလာတုံ့ခေါက်ပျံသန်း၍ အစာရှာဖွေစားသောက်လေ့ရှိသည်။ ယင်ကောင်များနှစ်သက်သော အစာများမှာ အညစ်အကြေး၊ သလိပ်ကျဲကျဲ၊ ပြည်တည်အနာများ၊ အမှည့်လွန်သစ်သီးများ၊ ပုပ်သိုးနေသော အရာများဖြစ်ကြသည်။ အဆိုပါနေရာများသို့ ပျံသန်းရောက်ရှိပြီး အရည်စုပ်ယူလေ့ရှိကြသည်။ အရည်နှင့်အတူ အမှုန်အမွှား(အဖတ်ငယ်)များ ပါလာပါက ရောက်ရှိရာနေရာများတွင် အန်ချလေ့ရှိရာ ရောဂါသယ်ယူဖြန့်ဖြူးသော သတ္တဝါများ ဖြစ်ကြသည်။

ယင်မှတစ်ဆင့်ရောဂါကူးစက်ရန် နည်းလမ်းသုံးမျိုးရှိသည်။ ပထမနည်းမှာ ယင်ကောင်မကြာခဏ အန်ချတတ်သော အန်ဖတ်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ ယင်ကောင်အန်ဖတ်များက ဗက်တီးရီးယားပေါက်ဖွားရန် အကောင်းဆုံးဖြစ်သည်။ ယင်အန်ဖတ်ကျရောက်ရာနေရာတွင် ဗက်တီးရီးယားများစွာ ပေါက်ဖွားပွားများလာသည်။ ထို့ကြောင့် ယင်နှာစာကို စားမိသူ၏ ကိုယ်ခန္ဓာအတွင်းသို့ ဗက်တီးရီးယားပိုးများ အလွယ်တကူဝင်ရောက်သွားနိုင်သည်။ ဒုတိယနည်းမှာ ယင်ကောင်၏ခြေထောက်တွင် ရောဂါပိုးများ ကပ်ငြိပါသွားပြီး တစ်နေရာမှ တစ်နေရာသို့ ပျံ့နှံ့စေခြင်းဖြစ်သည်။ ယင်ကောင်သည် အမြဲပင် ပျံသန်းလှုပ်ရှားနေတတ်သော အင်းဆက်(Restless Insect) အမျိုးအစားဖြစ်သဖြင့် ယင်ကောင်ခြေချရာနေရာတိုင်း ရောဂါပိုးသယ်ဆောင်ပြန့်ပွားရန်လွယ်ကူသည်။ တတိယနည်းမှာ ယင်ကောင်ကစွန့်ပစ်သော မစင်ထဲတွင် ရောဂါပိုးများနှင့် ဥများပါဝင်လေ့ရှိပြီး ရောဂါကူးစက်စေခြင်းဖြစ်သည်။

ယင်ကောင်ကြောင့် ဖြစ်ပွားစေသောရောဂါများ စွာရှိသည်။ အဓိကအများသိရောဂါမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အမီးဗားဝမ်းကိုက်ရောဂါများ ဖြစ်သည်။ တိုက်ဖွိုက်(အဖျား)ရောဂါ၊ ပါရာတိုက်ဖွိုက်ရောဂါ၊ မျက်စိနာမျက်ခမ်းစပ်ရောဂါ၊ သန်ကောင်ရောဂါနှင့် ပိုလီယိုအကြောသေရောဂါများကိုလည်း ကူးစက်ပြန့်ပွားနိုင်သေးရာ ယင်ကောင်သည် လူကို အန္တရာယ်များစွာပေးနိုင်သော အင်းဆက်ပိုးဖြစ်သည်။

ယင်ကောင်အပါအဝင် လူ့အကျိုးမဲ့အင်းဆက်ပိုးများကို အပြီးတိုင်သုတ်သင်၍ မရနိုင်ပါ။ ခေတ္တလျော့ပါးရန် နှိမ်နင်းခြင်းနှင့် ကာကွယ်ခြင်းတို့ကိုသာ ဆောင်ရွက်နိုင်သည်။ ယင်ကာကွယ်ရန်အခြေခံ အချက်မှာ သန့်ရှင်းရေးဖြစ်သည်။ မီးဖိုချောင်သန့်ရှင်းရေးကို အထူးဂရုပြုရပါမည်။ ချက်ပြုတ်မည့် အသား၊ ငါးနှင့်ဟင်းသီးဟင်းရွက်များကို ရေစင်အောင်ဆေးကြောရမည်။ စွန့်ပစ်အမှိုက်များကို အဖုံးပါသော အမှိုက်ပုံးများတွင် လုံခြုံစွာစွန့်ပစ်ရပါမည်။ ယင်လုံအိမ်သာသုံးစွဲရပါမည်။ အိမ်သာသုံးစွဲမှုမြင့်လာသည်နှင့်အမျှ ပြင်ပမြေပြင်ပေါ်တွင် မစင်စွန့်ခလေ့ပျောက်ကွယ်လာသော်လည်း အမှုန်တကယ်စနစ်ကျသော ယင်လုံအိမ်သာဖြစ်ရန်လည်း လိုအပ်သည်။ လယ်ယာသုံး ကျွဲ၊ နွားများနှင့် မွေးမြူရေးတိရစ္ဆာန်ဆိတ်၊ သိုး၊ ဝက်၊ မြင်း စသောသတ္တဝါများ၏ စွန့်ပစ်မစင်အညစ်အကြေးများကိုလည်း စနစ်တကျသိမ်းဆည်းသင့်သည်။ လူအပါအဝင် မွေးမြူထားသော သတ္တဝါများတွင် အနာဖြစ်ပေါ်ပါက ချက်ချင်းကုသရမည်။ ယင်နာမခံရပါ။ သန့်ရှင်းရေးသည် ယင်ကာကွယ်ရေးအတွက် ထိရောက်သောနည်းဖြစ်သည်။

ယင်မလာစေရန် ယင်မကြိုက်သော အနံ့များ ထုတ်လွှတ်ရန် ပရုတ်၊ လက်ဖက်ခြောက်၊ ကြက်သွန်ဖြူများကို အိတ်များတွင်ထည့်၍ ချိတ်ဆွဲထားနိုင်သည်။ သံပရာအနံ့နှင့် နှင်းဆီပန်းအနံ့များဖြင့်လည်း ကာကွယ်နိုင်ကြောင်း မှတ်သားရသည်။ ဓာတုပစ္စည်းများသုံး၍လည်း ယင်နှိမ်နင်းနိုင်သည်။ ဒီဒီတီ၊ လင်ဒိန်း၊ ဖင်သီယွန်၊ မာလသီယွန် စသောပိုးသတ်ဆေးများကိုလည်း သုံးနိုင်သည်။ အဆိုပါဓာတုပစ္စည်းများသည် ကုန်ကျစရိတ်ရှိပြီး အစားအစာများကို မထိရန် အရေးပါသဖြင့် ကျယ်ပြန့်မှုမရှိသေးပေ။ ယင်ဖမ်းစက္ကူရှိသော်လည်း မတွင်ကျယ်သေးပါ။ အဆောက်အအုံများတွင် ခြင်လုံသံဆန်ခါ တပ်ထားလျှင် ယင်လည်းကာကွယ်ပြီးဖြစ်သည်။

မိုးရာသီတွင်အဖြစ်များသော ဝမ်းရောဂါများ၏ အခြေခံမှာ ယင်ကြောင့်ဖြစ်ပြီး ယင်ကောင်ကလည်း မိုးရွာသွန်းမှုများသောအခါတွင် ပေါက်ဖွားမှုမြင့်တက်လျက်ရှိသည်။ ယခုအခါ ယင်ကောင်များကို လူသားတို့၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ညွှန်ပြသော ဇီဝညွှန်ကိန်းအဖြစ် သတ်မှတ်ထားကြောင်းလည်း မှတ်သားမိသည်။ ယင်ကောင်နှင့်လူသား ဆက်စပ်မှုမှာ ရှည်လျားသောသမိုင်းကြောင်းရှိပြီး ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများရှိနေဆဲဖြစ်ရာ ယင်ကင်းစင်ရေးကို အလေးပေးဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်ချင်ပါသည်။

ကိုးကား

- **ယင်အန္တရာယ်ကာကွယ်ရေးကျန်းမာရေးပညာပေးဆောင်းပါးများ**
- **Entomo Loggစာအုပ်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၁၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ခင်ဦး ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၁၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၆၅၆ ဧကစိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၁၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်တွင် မြေပဲဧက ၄၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

သရက်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကျင်းပ

သရက် ဇွန် ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို ဇွန် ၃ ရက်နံနက်ပိုင်းက သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးကြည်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်နှင်းနှင်းအေးက ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ စျေးကွက်လိုအပ်ချက်များ၊ လုပ်သား လိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းလိုအပ်ချက်များကို စိစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာရပ်များကိုသင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းနည်းပြဆရာက သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များနှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းကို သရက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလ ဇွန် ၃ ရက်မှ ၁၇ ရက်ထိ ၁၅ ရက်ကြာအခမ့် သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

မြောင်းမြမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးမည်

မြောင်းမြ ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ပြီး စပါးများ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့်တောင်သူနည်းပညာပေးလုပ်ငန်းများကိုဆောင်ရွက်ပေးနေကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၆၅၇၃၈ ဧကထိ လျာထားစိုက်ပျိုးမှာဖြစ်တယ်။ စပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာများကိုကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။မိုးစပါးတွေကို မျိုးကောင်းမျိုးသန့်တွေနဲ့ ပိုမိုစိုက်ပျိုးလာနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက ကျေးရွာအုပ်စု

ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

လိုက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးမျိုးစေ့များအသုံးပြုမှု မှန်ကန်ရေး၊ ရွှေခရုဖျက်ဆီးမှု မရှိစေရေး၊ သဘာဝရေ ဘေးဒဏ်ကြောင့် ပျက်စီးမှုမရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်မိုးစပါးကို ဒေသခံတောင်သူများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရေး စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျော်ကျော်လင်း

ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကဝ ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF) ချေးငွေများဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအစုအဖွဲ့ လေးဖွဲ့မှ နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ယခင်ကထက်ပိုမိုလုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အစုအဖွဲ့များဖြစ်သော တိုးတက်အောင်အဖွဲ့၊ ကြီးပွားအဖွဲ့၊ ရောင်နီဦးအဖွဲ့နှင့် အားမန်အဖွဲ့ စုစုပေါင်းအဖွဲ့ လေးဖွဲ့ကို အစုအဖွဲ့တစ်ခုလျှင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၇၅ သိန်းစီကို ထုတ်ချေးထားကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညို

အမရပူရမြို့နယ်ရွှေပေါက်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

အမရပူရ ဇွန် ၄

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ရွှေပေါက်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ရွှေပေါက်ပင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားသည်။

အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ လမ်း အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်းငွေကျပ် ၁၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

ဗလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

အီတလီနိုင်ငံ မောင့်အက်တနာမီးတောင်မှ မီးခိုးငွေ့နှင့်ပြာများ ပျံ့နှံ့နေပြီး ထပ်မံလှုပ်ရှားနိုင်သဖြင့် သတိပေးချက် ထုတ်ပြန်ထား

ရောမ ဇွန် ၄

အီတလီနိုင်ငံတွင် မောင့်အက်တနာမီးတောင် ပေါက်ကွဲပြီးနောက် မီးခိုးလုံးများသည် မီးတောင်အနီးပျံ့နှံ့နေပြီး ထပ်မံလှုပ်ရှားနိုင်သဖြင့် စစ္စလီမြို့ပြကာကွယ်ရေးဌာနက ဇွန် ၃ ရက်က မီးတောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

အီတလီနိုင်ငံရှိ မောင့်အက်တနာမီးတောင်သည် ဇွန် ၂ ရက်က ပေါက်ကွဲခဲ့ပြီးနောက် မီးတောင်မှ ပြာမှုန်များနှင့် မီးခိုးငွေ့များသည် စစ္စလီကျွန်းအရှေ့ဘက်ထိ ပျံ့နှံ့နေကာ မီးတောင်ထိပ်တစ်ဝိုက်တွင်လည်း မီးခိုးများဖြင့် ဖုံးလွှမ်းနေသောကြောင့် ဇွန် ၃ ရက်တွင် မီးတောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ထို့ကြောင့် မီးတောင်သို့ လေ့လာလည်ပတ်မည့်သူများ အနေဖြင့် ခရီးမသွားမီ ထုတ်ပြန်ချက်၊ သတိပေးချက်များကိုနားစွင့်ကာ သတိပြုသွားလာကြရန် စစ္စလီမြို့ပြကာကွယ်ရေးဌာနက သတိပေးထားကြောင်း သိရသည်။

"မီးတောင် သတိပေးချက်ထုတ်ထားပေမဲ့ စွန့်စွန့်စားစားတက်ကြတဲ့ တောင်တက်သမားတွေရှိပါတယ်။ အသက်အန္တရာယ်မဖြစ်ဖို့အတွက်တော့ ဂရုစိုက်ကြရမှာပါ။ လက်ရှိအခြေအနေထိ မီးတောင်က မတည်ငြိမ်သေးပါဘူး။ စွန့်စားတာမျိုး မလုပ်စေချင်ပါဘူး။ တောင်မတက်မီ မိမိကိုယ်ကို ကာကွယ်ရေးအစီအစဉ်တွေတော့ သေချာပြင်ဆင်သွားဖို့လိုပါမယ်" ဟု စစ္စလီမြို့ မြို့ပြကာကွယ်ရေးဌာနအကြီးအကဲ ဆာဗိုကိုနီကာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

ရိုမေးနီးယားနိုင်ငံ ပါရိတ်ဆားတွင်း ရေတိုက်စားမှုကြောင့် ပျက်စီးမှုမဖြစ်စေရန် ရေလျှံနေသောချောင်းကို လမ်းကြောင်းပြောင်းပေးလျက်ရှိ

ဘူခါရက်ဒ် ဇွန် ၄

ဥရောပ၏ အကြီးဆုံးဆားတွင်းများထဲမှ တစ်ခုဖြစ်သော ရိုမေးနီးယားနိုင်ငံ ပါရိတ်ဆားတွင်း ရေတိုက်စားမှုကြောင့် ပျက်စီးမှုမဖြစ်စေရန် ရိုမေးနီးယား အာဏာပိုင်များက ဆားတွင်းပေါ်ဖြတ်စီးနေသော ချောင်း၏ရေစီးလမ်းကြောင်းကို ဇွန် ၃ ရက်ကစတင်၍ ပြောင်းပေးလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ရိုမေးနီးယားနိုင်ငံတွင် ဇွန် ၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်များ၊ ချောင်းများ ရေလျှံမှုဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ ရေလျှံမှုများကြောင့် ပါရိတ်ဆားတွင်းတွင်လည်း ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုအခြေအနေ ပိုမိုမဆိုးရွားမီ ဆားတွင်းပေါ်စီးဆင်းနေသော ချောင်း၏ ရေစီးလမ်းကြောင်းကို ပြောင်းရန် အာဏာပိုင်များက စီစဉ်နေကြောင်း၊ ပါရိတ်ဆားတွင်းသည် ၎င်း၏သဘာဝရှုခင်းအလှတရားများကြောင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရာ နေရာတစ်ခုဖြစ်ပြီး ရေလွှမ်းမိုးပြီး ယခုကဲ့သို့ ရေတိုက်စားခံရပါက ၎င်းဆားတွင်းသည် ပျက်စီးကာ လုံးဝကွယ်ပျောက်သွားနိုင်ကြောင်း၊ ချောင်း၏ ရေစီးလမ်းကြောင်း ပြောင်းရွှေ့ရေးအစီအစဉ်ကို ဇွန် ၃ ရက်က စတင်၍ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ဆားတွင်းအနီးတွင် နေထိုင်သောဒေသခံများနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီ ၂၀၀ သည် ၎င်းဆားတွင်းသို့ လာရောက်လည်ပတ်သော ခရီးသွားများကို မှီခိုကာရပ်တည်နေရပြီး ဆားတွင်းကြီးပျက်စီးကာ ပျောက်ကွယ်သွားမည်ဆိုပါက ဒေသခံများ ရပ်တည်ရေး ခက်ခဲလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် ဆားတွင်း မပျက်စီးစေရေးအတွက် ချောင်း၏ ရေလမ်းကြောင်းပြောင်းခြင်းနှင့် အဆိုပါ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၈၂ သန်းတန်ဖိုးရှိ ပံ့ပိုးရေးအစီအစဉ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

ဂရိနိုင်ငံ ရိုဒက်စ်ကျွန်းတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံတချို့ပျက်စီးခဲ့

အေသင် ဇွန် ၄

ဂရိနိုင်ငံ ရိုဒက်စ်ကျွန်းတွင် ဇွန် ၃ ရက်က ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်ကြောင့် အဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း ရိုဒက်စ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ပြင်းအား များခဲ့ပြီး ငလျင်သည် ရိုဒက်စ်ကျွန်းမြောက်ဘက်ပိုင်း ၂၁ ကီလိုမီတာအကွာ တူကီယဲနိုင်ငံနှင့် ထိစပ်နေသော ဧရိယာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း မြေအောက်အနက် ၅၂ ကီလိုမီတာ အကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် ကြီးကြီးမားမား ပျက်စီးမှုမရှိခဲ့ဘဲ စီးပွားရေး အဆောက်အအုံနှင့် နေအိမ်တချို့ အသေးစား ပျက်စီးခဲ့ကြောင်း Geodynamic Institute of the National Observatory of Athens က ထုတ်ပြန်ခဲ့သည်။

"ရိုဒက်စ်ကျွန်းမှာ ဇွန် ၃ ရက်က ပြင်းအားများတဲ့ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ ငလျင် ဒဏ်ခံခဲ့ရတဲ့ ဧရိယာအတွင်း မှာနေထိုင်တဲ့ဒေသခံတွေ အန္တရာယ်မရှိစေဖို့အတွက် ကယ်ဆယ်ရေး ဝန်ထမ်းတွေက ကူညီပေးမှု ပြုလုပ်ပေးခဲ့ပါတယ်။ ရိုဒက်စ်ကျွန်းကိုရောက်ရှိနေတဲ့ ကမ္ဘာလှည့်ခရီးသည်တွေ အန္တရာယ်ကင်းစေဖို့အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ငလျင်ကြောင့် အဆောက်အအုံတချို့ အသေးစား ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်" ဟု ရိုဒက်စ်ကျွန်းအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ပြင်သစ်နိုင်ငံ တူးလော့စ်မြို့တွင် သောက်သုံးရေ ပုံမှန်အတိုင်း ပေးဝေသွားမည်ဖြစ်သော်လည်း ရေမီတာခကို ပုံမှန်ထက် တိုးမြှင့်ကောက်ခံမည်

ပဲရစ် ဇွန် ၄

ပြင်သစ်နိုင်ငံ တူးလော့စ်မြို့တွင် မိုးခေါင်မှုကြောင့် ခက်ခဲနေသောသောက်သုံးရေကို ပုံမှန်အတိုင်း ပေးဝေသွားမည်ဖြစ်သော်လည်း ရေမီတာခကို ပုံမှန်ကောက်ခံသည့် ပမာဏထက် ၄၂ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း တူးလော့စ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၃ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ရေမီတာခ တိုးမြှင့်ကောက်ခံခြင်းကို ဇွန်လမှ အောက်တိုဘာလထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သောက်သုံးရေကို ပုံမှန်အတိုင်းပေးဝေပြီး ရေမီတာခကို တိုးမြှင့်ကောက်ခံခြင်းမှာ ဒေသခံများ သောက်သုံးရေသုံးစွဲမှုကို လျှော့ချရန်ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် ရေတစ်ကုဗမီတာတွင် ၂ ဒသမ ၅၈ ယူရိုသာ ကောက်ခံလေ့ရှိသော်လည်း တိုးမြှင့်လိုက်သည့်ပမာဏအရ ရေတစ်ကုဗမီတာလျှင် ၄ ဒသမ ၄ ယူရိုထိ ကောက်ခံသွားမည်ဖြစ်ကြောင်း တူးလော့စ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

"ဒီနှစ် နွေရာသီကာလအတွင်း မိုးခေါင်မှုကြောင့် သောက်သုံးရေ ခက်ခဲခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ တူးလော့စ်မြို့အနေနဲ့ ပြည်သူတွေကို သောက်သုံးရေပေးဝေမှု လျှော့ချတာမျိုး မလုပ်ခဲ့ဘူး။ ဒါပေမဲ့ သောက်သုံးရေဖူလုံရေးအတွက် ထိရောက်စေမဲ့နည်းလမ်းကို အကောင်အထည်ဖော်ခဲ့တယ်။ အဲဒါကတော့ ရေမီတာခကို ပုံမှန်ထက် ၄၂ ရာခိုင်နှုန်း တိုးကောက်လိုက်တယ်။ ရေမီတာခကို တိုးမြှင့်လိုက်တဲ့အတွက် ပြည်သူတွေ အနေနဲ့ ကိုယ်ပိုင်အသစိတ်နဲ့ သောက်သုံးရေကို ချွေတာသုံးစွဲလာလိမ့်မယ်။ ဒီမူဝါဒဟာ တော်တော်လေးကို ရလဒ်ကောင်းပါတယ်။ ရေမီတာခတိုးမြှင့်ကောက်ခံတာကို ဇွန်လကနေ အောက်တိုဘာလထိ သတ်မှတ်ထားပါတယ်"ဟု တူးလော့စ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မက်ဒီနာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ကနေဒါနိုင်ငံတွင် လောင်ကျွမ်းနေသော တောမီးမှထွက်သော မီးခိုးငွေ့များက အမေရိကန်အနောက်အလယ်ပိုင်းသို့ ပျံ့နှံ့နေ

အော့ဘဝါ ဇွန် ၄

ကနေဒါနိုင်ငံတွင် လောင်ကျွမ်းနေသောတောမီးမှ ထွက်သော မီးခိုးငွေ့များသည် အမေရိကန် အနောက်အလယ်ပိုင်းသို့ ပျံ့နှံ့နေကြောင်း အမေရိကန်နိုင်ငံ ပြည်သူ့ကျန်းမာရေးသုတေသီများက ပြောကြားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ကနေဒါနိုင်ငံ၏ အယ်ဘတ်တာ၊ စကတ်ချီဝမ်နှင့် မန်နီတိုဘာ ပြည်နယ်သုံးခုတွင် လောင်ကျွမ်းနေသော တောမီးများမှ ထွက်သော မီးခိုးငွေ့များသည် နိုင်ငံ၏တောင်ဘက်တွင်ရှိသော အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ်သို့ ပျံ့နှံ့ကာ လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း၊ အဆိုပါမီးခိုးငွေ့များထဲတွင်ပါသော အမှုန်အမွှားများက ပြည်နယ်တွင်း နေထိုင်သူများအတွက် ကျန်းမာရေးအန္တရာယ်ကို ဖြစ်စေကြောင်း၊ ၎င်းမီးခိုးငွေ့များသည် နယူးယောက်နှင့် အခြားသော အရှေ့ကမ်းရိုးတန်းမြို့များသို့ ထပ်မံပျံ့နှံ့နိုင်ကြောင်း ပြည်သူ့ကျန်းမာရေးသုတေသီတစ်ဦးဖြစ်သူ ဒေါ်ဘာဂီ က ပြောကြားခဲ့သည်။

"တောမီးလောင်ရာက ထွက်လာတဲ့ မီးခိုးငွေ့တွေထဲမှာပါတဲ့ အမှုန်အမွှားတွေက နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အသက်ရှူလမ်းကြောင်းနဲ့ အာရုံကြောဆိုင်ရာရောဂါတွေကို ဖြစ်စေပါတယ်။ အမေရိကန်မှာ တောမီးလောင်ရာကထွက်လာတဲ့ မီးခိုးငွေ့တွေထက် အခုမီးခိုးငွေ့တွေဟာ ပိုပြီးကျန်းမာရေးကို ထိခိုက်စေတာကြောင့် ပြည်သူတွေအနေနဲ့ မလိုအပ်ဘဲ အပြင်ထွက်တာ၊ မဖြစ်မနေ အပြင်ထွက်တဲ့အခါ မက်စ်တပ်တာတွေလုပ်ရပါမယ်။ ရောဂါအခံရှိသူတွေ၊ သက်ကြီးရွယ်အို၊ ကလေးငယ်တွေနဲ့ ကိုယ်ဝန်ဆောင်သည်တွေကတော့ နေအိမ်ထဲမှာနေတာ အကောင်းဆုံးပါပဲ"ဟု ဒေါ်ဘာဂီက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကို ဖော်ဆောင်ရာတွင် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုများ

တရုတ်အစိုးရသည် အနောက်တိုင်းနိုင်ငံများ၌ လူမှုစီးပွားဘဝကျဆင်းလာသည့်အချိန်တွင် ပြည်သူများ၏ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို မြှင့်တင်ပေးလျက်ရှိသည်။ ပြီးခဲ့သောနှစ်များအတွင်း တရုတ်နိုင်ငံသည် စီးပွားရေးအောင်မြင်မှုဖြင့်လုပ်ပိုင်ခွင့်အာဏာများ ပိုမိုမြင့်တက်လာခဲ့ပြီး တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ကမ္ဘာ့တောင်ခြမ်းနိုင်ငံများက ထောက်ခံလျက်ရှိသည်။

ဆင်းရဲနွမ်းပါးမှုအဆုံးသတ်ရာတွင် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုနှင့်အောင်မြင်မှုများ၊ လူနေမှုအဆင့်အတန်းမီစွာ နေထိုင်နိုင်မှု အခွင့်အလမ်းခိုင်မာမှုများ၊ လူမှုရေးဆိုင်ရာ သာတူညီမျှမှု မြှင့်တင်ခြင်းနှင့် အခွင့်အရေးလက်လွှတ်ဆုံးရှုံးရသည့်အဖွဲ့များ၏ အခွင့်အလမ်းများကို ကာကွယ်စောင့်ရှောက်ခြင်းသည် နိုင်ငံအားလုံးတွင် လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်မှု၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ သိသာထင်ရှားသော တရုတ်နိုင်ငံ၏ ချဉ်းကပ်မှုကို ကမ်းလှမ်းပေးလျက်ရှိသည်။

သီအိုရီမှလက်တွေ့ချဉ်းကပ်ခြင်း

တရုတ်နိုင်ငံ၏ ခိုင်မာအားကောင်းသော သံခင်း၊ တမန်ခင်းများ၏ လက်တွေ့ကျသော လုပ်ဆောင်မှုများကို ကမ္ဘာတစ်ဝန်း၌ လက်တွေ့မြင်တွေ့နိုင်မည်ဖြစ်သည်။ သာဓကအနေဖြင့် နိုင်ငံတကာလုံခြုံရေးနယ်ပယ်တွင် ၁၉၉၀ ပြည့်နှစ် ကတည်းက ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး မစ်ရှင် ၃၀ တွင် တပ်ဖွဲ့ဝင် ၅၀၀၀ ကျော် တပ်ဖြန့်ချထားလျက်ရှိသည်။

တရုတ်နိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးစစ်ဆင်ရေးများတွင် ရန်ပုံငွေဒုတိယအများဆုံးထည့်ဝင်ထားပြီး အရေးပါသော တပ်ဖွဲ့ဝင်စေလွှတ်သူအဖြစ်ရပ်တည်လျက်ရှိသည်။ တရုတ်နိုင်ငံသည် တခြားသော ကုလသမဂ္ဂအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများထက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ ပိုမိုစေလွှတ်လျက်ရှိသည်။ ထို့ပြင် လက်ရှိအချိန်တွင် တရုတ်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ၂၂၀၀ သည် မစ်ရှင် ရှစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး မစ်ရှင်များအတွက် အသင့်တပ်ဖွဲ့ဝင် ၈၀၀၀ နှင့် အမြဲတမ်းရဲတပ်ဖွဲ့ဝင် ၃၀၀ တို့ကို ဖွဲ့စည်းထူထောင်ထားရှိသည်။

ထို့ပြင် ပြီးခဲ့သော ၁၀ နှစ်ကျော်ကာလအတွင်း တရုတ်နိုင်ငံသည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားပြဿနာ၊ အီရန်နျူကလီးယားပြဿနာ၊ ပါလက်စတိုင်းအစ္စရေးပဋိပက္ခ၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ လစ်ဗျားနှင့် တောင်ဆူဒန်တို့ရှိ ပြည်တွင်းစစ်များအပါအဝင် အဓိကကျသော နိုင်ငံတကာပြဿနာများ ဖြေရှင်းရာတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံသည် အီရန်နှင့် ဆော်ဒီအာရေဗျအကြား ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်နိုင်ရေးနှင့် ဟားမတ်စ်နှင့်ဖာတက်ရှ်တို့ကြား မတူကွဲပြားမှုများ အဆုံးသတ်ပြီး ပါလက်စတိုင်းစည်းလုံးညီညွတ်မှုအပါအဝင် ပါလက်စတိုင်းအုပ်စုများကြား သဘောတူညီချက်ရရှိမှုတို့တွင် သံခင်း၊ တမန်ခင်း အရအောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

လက်နက်ဖြတ်သိမ်းရေးနှင့် လက်နက်ပြန့်ပွားမှုထိန်းချုပ်ရေးတို့နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံသည် နျူကလီးယားလက်နက်များ မပြန့်ပွားရေးဆိုင်ရာစာချုပ်(NPT)၊ ဗက်တီးရီးယားနှင့် အဆိပ်အတောက်ဖြစ်စေသော လက်နက်များ သုတေသနပြု တိုးတက်ထုတ်လုပ်မှုနှင့် သိုလှောင်မှုတားမြစ်ခြင်းဆိုင်ရာ ပဋ္ဌိညာဉ်(BWC)နှင့် ဓာတုလက်နက်များ သုတေသနပြု တိုးတက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် အသုံးပြုမှုတားမြစ်ခြင်းဆိုင်ရာ ပဋ္ဌိညာဉ်(CWC) အပါအဝင် နိုင်ငံတကာစာချုပ်များနှင့် လက်နက်ထိန်းချုပ်မှုယန္တရား ၂၀ ကျော်ကို လိုက်နာဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တရုတ်နိုင်ငံသည် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများမှဖြစ်ပေါ်လာသော ပြဿနာများ ဖြေရှင်းနိုင်ရေးကမ္ဘာလုံးဆိုင်ရာ ကျွမ်းကျင်

တရုတ်နိုင်ငံ၏ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

မှုများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ အလားတူတရုတ်နိုင်ငံသည် ကမ္ဘာ့လုံခြုံရေးကောင်စီမှချမှတ်ထားသော ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတွင် ကုလသမဂ္ဂ၏ ဦးဆောင်မှုအခန်းကဏ္ဍကိုလည်း အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံသည် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်တိုက်ဖျက်ရေး အစီအစဉ်အပြည့်အဝ အကောင်အထည်ဖော်မှုကိုလည်း တိုးမြှင့်ထောက်ခံလျက်ရှိသည်။

ထို့နောက် တရုတ်နိုင်ငံသည် ပြီးခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း နိုင်ငံတကာရေးရာများတွင် ကုလသမဂ္ဂ၏ ဗဟိုအခန်းကဏ္ဍကို ထောက်ပံ့ကူညီခဲ့သောကြောင့် ကုလသမဂ္ဂကို နိုင်ငံပေါင်းစုံဝါဒတွင် ရှေ့ဆောင်လမ်းပြဖြစ်စေခဲ့ပြီး ကုလသမဂ္ဂပဋ္ဌိညာဉ်ကို နိုင်ငံတကာအခင်းအကျင်း၏ အုတ်မြစ်ဖြစ်စေခဲ့သည်။ အလားတူ တရုတ်နိုင်ငံသည် ကုလသမဂ္ဂကိုဗဟိုပြုသော နိုင်ငံတကာစနစ်တစ်ခုသာရှိမှု၊ နိုင်ငံတကာဥပဒေကိုအခြေခံသော နိုင်ငံတကာအခင်းအကျင်းတစ်ခုသာရှိမှုနှင့် နိုင်ငံတကာဆက်ဆံရေး၏ အခြေခံစံနှုန်းများကို ကုလသမဂ္ဂ ပဋ္ဌိညာဉ်ရည်ရွယ်ချက်များ၊ မူဝါဒများဖြင့် အထောက်အကူပြုမှုတို့ကို ဆက်လက်ထိန်းသိမ်းထားရှိသည်။

တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ၃၀ ရာခိုင်နှုန်းကျော်ပါဝင်လျက်ရှိသောကြောင့် ကမ္ဘာ့နိုင်ငံနှင့်ဒေသ ၁၄၀ ကျော်ဖြင့် အရေးပါသော ကုန်သွယ်ဖက်အဖြစ် တရုတ်နိုင်ငံ၏ရပ်တည်မှုကို အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံသည် အခြေခံ အဆောက်အအုံတည်ဆောက်သူအဖြစ် နိုင်ငံပေါင်း ၆၀ တွင် စီမံကိန်း ၁၃၀ ကျော်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၎င်းစီမံကိန်းများမှ ပြည်သူသန်း ၃၀ ကျော်ကို အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။

ထို့ပြင် တရုတ်အဆိုပြုထားသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(BRI)သည် ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ အမေရိကန်ဒေါ်လာ တစ်ထရီလီယံရင်းနှီးမြှုပ်နှံထားရှိပြီး ပါဝင်ဆောင်ရွက်နေသော နိုင်ငံများအတွက် စီမံကိန်း ၃၀၀၀ ကျော်နှင့်အလုပ်အကိုင် ၄၂၀၀၀၀ ဖန်တီးပေးထားသည်။

လူ့အခွင့်အရေးကာကွယ်မှု စောင့်ရှောက်ရေးအတွက် နိုင်ငံတကာစနစ်တွင် ပါဝင်ဆောင်ရွက်ရာ၌ ပြီးခဲ့သောနှစ်များအတွင်း တရုတ်နိုင်ငံသည် အရေးပါသည့်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်အတည်ပြု ပါဝင်လျက်ရှိသောကြောင့် နိုင်ငံတကာလူ့အခွင့်အရေးအခင်းအကျင်း၌ နက်ရှိုင်းစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သက်သေပြလျက်ရှိသည်။

တရုတ်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ်တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပုံစံအားလုံးကို ဆန့်ကျင်ရေးဆိုင်ရာ ပဋ္ဌိညာဉ် (CEDAW) ကိုလည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် လူမျိုးရေးခွဲခြားမှုပုံစံအားလုံးကို ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာ ပဋ္ဌိညာဉ် (ICERD) ကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် လူသားတို့အပေါ် ညှဉ်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ နှိမ့်ချဆက်ဆံမှုနှင့်ပြစ်ဒဏ်ခတ်မှုဆန့်ကျင်ရေး ပဋ္ဌိညာဉ်(CAT) ကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ပဋ္ဌိညာဉ် (CRC)ကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ပဋ္ဌိညာဉ်(ICESCR) ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် မသန်စွမ်းပုဂ္ဂိုလ်များ၏ အခွင့်အရေးဆိုင်ရာ ပဋ္ဌိညာဉ်(CRPD)နှင့် ရွှေ့ပြောင်းလုပ်သားများနှင့်၎င်းတို့၏ မိသားစုများကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာ ပဋ္ဌိညာဉ် (ICRMW)တို့ကိုလည်းကောင်း အသီးသီးကာကွယ်စောင့်ရှောက်ရေး လက်မှတ်ရေးထိုးခဲ့သည်။

လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာစနစ်ကို အမြဲတမ်းမှန်ကန်သော လူ့ခွင့်အရေးစနစ်အဖြစ်လည်း သိရှိထားသည်။ ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက လူ့အခွင့်အရေး ကြေညာစာတမ်း စတင်ချမှတ်ခဲ့သည်။ ကုလသမဂ္ဂ၌ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များကို မူကြမ်းရေးဆွဲခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းများ ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂသည် အဆိုပါစာချုပ်များအနက်မှ ကိုးခုကို နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်အဖြစ် သတ်မှတ်ခဲ့သော်လည်း စာချုပ်များနှင့်တရားဥပဒေကြောင်းဆိုင်ရာ စာရွက်စာတမ်းများသည်လည်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအတွက် အထောက်အကူပြုစေလျက်ရှိသည်။ နိုင်ငံတကာဥပဒေများသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် တရားဝင်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

အနာဂတ်အလားအလာ

တရုတ်နိုင်ငံက လက်ရှိနိုင်ငံတကာစနစ်ကို အင်အားမညီမျှမှုများကြောင့် အနောက်နိုင်ငံများကို မျက်နှာသာပေးထားသည့်စနစ်အဖြစ် ရှုမြင်ထားရှိသည်။ ထို့ကြောင့် အနောက်အုပ်စုကခေါ်ဆိုသည့် စည်းမျဉ်းစည်းကမ်းများကို အခြေခံသည်ဆိုသော အခင်းအကျင်းကို ဆန့်ကျင်ပြီးနိုင်ငံစုံဝါဒ၊ နိုင်ငံတကာဆက်ဆံရေးတွင် ဒီမိုကရေစီကျင့်သုံးခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံ၏ ရည်ရွယ်ချက်သည် နိုင်ငံတကာအခင်းအကျင်းကို အခြားတစ်ခုနှင့်အစားမထိုးဘဲ ပြုပြင်ပြောင်းလဲသွားရန်ပင်ဖြစ်သည်။ တရုတ်ခေါင်းဆောင်များသည် ကမ္ဘာကြီးကို တည်ငြိမ်မှုနှင့် မသေချာမရေရာမှုများမှ သက်ရှင်ကြွင်းကျန်နိုင်မည့် နည်းလမ်းတစ်ရပ်ရှာဖွေပြီး နိုင်ငံတကာဆက်ဆံရေးတွင် ခေတ်သစ်တစ်ရပ် တိုးတက်လာနိုင်ရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာစနစ်တွင် ဖွံ့ဖြိုးတိုးတက်မှု အသစ်များသည် နိုင်ငံတကာလူ့အခွင့်အရေးစနစ်အပေါ် သက်ရောက်လာနိုင်ပေသည်။ ကုလသမဂ္ဂ၏ ပဋ္ဌိညာဉ်စနစ်တွင် တရုတ်နိုင်ငံ၏အပြုသဘောဆောင်သောပါဝင်မှုနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို အတည်ပြုခြင်းသည် ကမ္ဘာတစ်ဝန်းလူမှုရေးနှင့် စီးပွားရေးအခွင့်အလမ်းများတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ဖော်ညွှန်းလျက်ရှိသည်။

လူ့အခွင့်အရေးတိုးတက်မှုသည် နိုင်ငံရေးနှင့်သာဆက်စပ်နေသည်မဟုတ်ဘဲ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဂေဟစနစ်တို့လည်းပါဝင်လျက်ရှိပြီး အထူးသဖြင့် ပြည်သူများ၏တိုးတက်မှုပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ သာယာဝပြောမှုကို လူ့အခွင့်အရေးအတွက် ခိုင်မာသော အုတ်မြစ်ကထောက်ပံ့ပေးလျက်ရှိသည်။ အထူးသဖြင့် လူမှုစီးပွားဘဝသာယာဝပြောမှုများသည် တရုတ်နိုင်ငံတွင် လူ့အခွင့်အရေးတိုးတက်မှုကို ခိုင်မာသေချာစေပြီး ကမ္ဘာ့လူ့အခွင့်အရေးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပေသည်။

ကိုးကား

– A Solution for Global Human Rights Governance By BEIJING REVIEW

ဝင်းဇင် (သုတေသန)

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၁၉၄ ဧက စိုက်ပျိုးမည်

ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်း ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၁၉၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း ၄၅၁၉၄ ဧက စိုက်ပျိုးရန် အတွက် လျာထားပြီး ဇွန်လဒုတိယပတ်မှ စတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၄၅၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးမယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ဆောင်ရွက်သွားမယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်း၊ မျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူတွေနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရှေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

သာပေါင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာပေါင်း ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဇီးပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဇီးပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၉စသိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂၃ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၂၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၈၅သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပံ့ပိုးငွေကျပ် သိန်း ၃၃၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်ထံမှ သိရသည်။

နွဲ့ယဉ်

ဘိုးဘဝိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ
အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/ခ)၊ အကွက်အမည် ပုလဲတန်းကွင်း၊ ဦးပိုင်အမှတ်(၉၃/က)၊ ဧရိယာ(၀.၀၅၀)ကေရှိသည့်အနက်မှ ဧရိယာ(၀.၀၁၈)ဧက၊ ဦးပိုင်အမှတ် (၉၃/ခ)၊ ဧရိယာ(၀.၄၄၀)ကေရှိသည့်အနက်မှ ဧရိယာ(၀.၀၁၆)ဧက၊ ဦးပိုင်အမှတ်(၉၅/ခ)၊ ဧရိယာ (၀.၀၁၅)ကေရှိသည့်အနက်မှ ဧရိယာ(၀.၀၂၆)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၉၃/က၊ ကျန်မြေ (၉၃/ခ)ကျန်မြေ၊ (၉၅/ခ) ကျန်မြေ
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၉၂
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၉၅/က
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘဝိုင်အမည်ပြောင်း)ပေးရန် ဒေါ်အမာရီမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ **ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

အိမ်အကူ အမျိုးသမီးဝန်ထမ်း အလိုရှိသည်

(အသက် ၃၅ နှစ်မှ ၄၅ နှစ်အတွင်း)

မူကြိုအိမ်မှာ အလုပ်လုပ်ရပါမည်။
မူကြိုကလေးတွေ အဝင်းအထွက် စောင့်ပေးရပါမည်။
မိသားစုဝင် (၃)ယောက်၏ အဝတ်လျှော်မီးပူတိုက် အိမ်သန့်ရှင်းရေးလုပ်ပေးရပါမည်။
ညနေစာ တနပ်ကျွေးပါမည်
အလုပ်ချိန် နေ့လယ် ၂ နာရီမှ ည ၇ နာရီထိပါ(တနင်္လာနေ့မှ သောကြာနေ့ထိ)
စနေ၊ တနင်္ဂနွေ (၁)ရက်နား (၁)ရက်ဆင်းပါ(နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ)
လစာ ၁*****ပါ (*သည် သုညမဟုတ်ပါ)
"မှတ်ချက်" မူကြိုအိမ်ဖြစ်၍ ခွင့်(ရက်ပျက်)ပေးလို့အဆင်မပြေပါ

လိပ်စာ စျေးချိုနား

09400830218 ကို ဖုန်းဆက်မေးမြန်းပြီး နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်း၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမျှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးပျော်ဘွယ်အနောက်ပိုင်းရပ်၊ အကွက်အမှတ်(၂၅၉)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၁၅x၃၃)ပေ အကျယ်အဝန်းရှိ ဒေါ်လှစိန်အမည်ဖြင့် လက်ရှိဝယ်ယူသော မူရင်း ဦးဝက် + ဒေါ်စန်းကြည် အမည်ပေါက် ဘိုးဘဝိုင်မြေကွက်အား ဒေါ်လှစိန်သမီး ဒေါ်စန်းစန်းအေး (ဘ) ဦးလီအင်ဂျင်(၉/မနတ(နိုင်)၀၅၄၄၉၀)၊ ၈၇ လမ်း၊ ၃၁ x ၃၂ လမ်းကြား၊ ဘီလူးမညောင်ပင်အနောက်ဘက်၊ ပဲဝင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ဘိုးဘွားပိုင်မြေကွက်ဖြစ်ပါသည်။ လက်ရှိမြေကွက်ပိုင်ရှင် ဒေါ်စန်းစန်းအေးထံမှ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အိမ်အမှတ်(၃၁-က၊ ၂) ကံသာယာရပ်နေ ဦးသန်းထွန်း (ဘ) ဦးညွန့်အေး(၉/ခမစ(နိုင်)၀၁၈၀၉၃)က ၃-၆-၂၀၂၅ ရက်နေ့တွင် နှစ်ဦးသဘောတူ စာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

၂၅-၆-၂၀၂၅ ရက်နေ့တွင် ငွေအကြေပေးချေမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအပြည့်အစုံဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အမျှားသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းထွန်း(၉/ခမစ(နိုင်)၀၁၈၀၉၃)

အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-12တွင် ပညာသင်ကြားနေသော (ဘ) ဦးတင်ထွေး၏သား မောင်နောင်နောင်အား မောင်အလင်းရောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အလင်းရောင်

❖ နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗဟုသုတပေးခြင်းနှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

တရုတ်-အာဆီယံ ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား လေးယောက်တွဲ ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ် ထပ်မံဆွတ်ခူး

ရန်ကုန် ၆နေ့ ၄

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် တရုတ်-အာဆီယံ ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား လေးယောက်တွဲပြိုင်ပွဲ၌ မြန်မာပိုက်ကျော်ခြင်းအသင်းက ယနေ့တွင် ရွှေတံဆိပ် ထပ်မံဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် မလေးရှားအသင်း၊ ဗီယက်နမ်အသင်းတို့ကို အနိုင်ရရှိခဲ့ပြီးနောက် အုပ်စုပထမဖြင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

တရားမဝင် သစ်မျိုးစုံ၊ ရွှေ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ၆နေ့ ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

၆နေ့ ၂ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌

စာမျက်နှာ ၂၂ ကော်လံ ၁ ■

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။